# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်၊ အင်္ဂါနေ့။ Tuesday, 28 July 2020 ၁၀၀၈၇


**ချမ်းသာခြင်းအကြောင်းတရား**

**အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။**

သုခဝဂ်(ဓမ္မပဒ-၁၉၉)

# တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားလွှမ်းခြုံနိုင်ရေးဆောင်ရွက်ရာတွင် ကျေးရွာများ ဓာတ်အားရရှိရေး ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဘတ်ဂျက်၊ နိုင်ငံတကာချေးငွေများဖြင့် ဆောင်ရွက်သွားမည်

နေပြည်တော် ဇူလိုင် ၂၇

**ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ပဲခူး-ကျိုက်ထို အမြန်လမ်းမကြီးစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပဲခူး-ကျိုက်ထို လမ်းသစ်ပိုင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် COVID-19 ၏သက်ရောက်မှုများကို တုံ့ပြန်ခြင်းနှင့် အသုံးစရိတ်ဆိုင်ရာ အထောက်အပံ့အစီအစဉ်အတွက် ချေးငွေရယူရေးကိစ္စတို့အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ငါးရာကျပ်တန်ပုံစံသစ် ငွေစက္ကူထုတ်ဝေခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက ရှင်းလင်းတင်ပြရာတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငါးရာကျပ်တန် ပုံစံသစ်ငွေစက္ကူထုတ်ဝေရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ သဘောတူအတည်ပြုချက်ရယူဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငါးရာကျပ်တန်ပုံစံသစ် ငွေစက္ကူကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၉ ရက်တွင် စတင်ထုတ်ဝေမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါကြောင်း။

သို့သော် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၉ ရက်သည် အစိုးရရုံးပိတ်ရက်ဖြစ်သည့်အတွက် ရုံးဖွင့်ရက်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၀ ရက်တွင် ပြည်သူများထံသို့

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပစဉ်။



**ကြေးမုံ ယနေ့ ဖတ်စရာ**

**COVID-19 သက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေးလုပ်ငန်းများအား COVID-19 Fund မှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း**

စာမျက်နှာ » ၈

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ » ၉




# ကြေးမုံ

## ဆရာဒကာတွဲလက်ညီညာတိုင်းပြည်သာယာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ဘာသာတရား ယဉ်ကျေးမှုအဆုံးအမ လမ်းညွှန်ပြသမှုနှင့်အညီ အေးချမ်းသာယာဝပြောအောင် ရှေးအစဉ်အဆက် အစဉ်အလာမပြတ် ကျင့်သုံးနေထိုင်လျက်ရှိသော တိုင်းပြည်ဖြစ်သည်။ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော ဓမ္မဝိနယဟုခေါ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ ထွန်းကားပြန့်ပွားအောင် ဆရာဒကာ လက်တွဲညီညာစွာဖြင့် သာသနာတော်ကို မြှင့်တင်ပေးလျက်ရှိသည်။

ဓမ္မဝိနယသည် သာသနာတော်အတွက် အသက်ပမာဖြစ်သည်။ ဓမ္မဝိနယထွန်းကားနေမှ မြတ်ဘုရားသာသနာလည်း တည်တံ့နေပြီး ဓမ္မဝိနယကွယ်ပျောက်လျှင် သာသနာလည်း ပျောက်ကွယ်မည် ဖြစ်သည်။ သာသနာကွယ်လျှင် လောကကြီးမှာ အမှောင်အတိဖုံးလွှမ်းသကဲ့သို့ ဖြစ်ပေမည်။ ထို့ကြောင့် ဓမ္မဝိနယကို ဆောင်ကြဉ်းတော်မူသော သံဃာတော်များကို အမှူးထားကာ ဆရာဒကာလက်တွဲညီညာစွာ သာသနာ့ဝန်ကို ကြိုးပမ်းအားထုတ်မှသာ သာသနာတော်လည်းအစွန့်ရှည်၊ တိုင်းပြည်လည်း အေးချမ်းသာယာဝပြောနေမည် ဖြစ်သည်။

ယခုအခါ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက ဂန္ထဓုရ၊ ဝိပဿနာဓုရတာဝန်များကို ဦးဆောင်ကြိုးပမ်းအားထုတ်တော်မူနေပြီး နိုင်ငံတော်အစိုးရဦးဆောင်သော ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် သဒ္ဓါထက်သန်သည့် ပြည်သူများက သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ကြည်ညိုသဒ္ဓါပွားများ ထောက်ပံ့လှူဒါန်းမှုများ အဆက်မပြတ်ပြုလုပ်ပေးကာ သာသနာတော်ကို ဝိုင်းဝန်းစောင့်ရှောက်ပေးလျက်ရှိသည်။

“သာဂါရာ အနာဂါရာစ၊ ဥဘော အညောည နိဿိတာ။ အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမ မနုတ္တရံ” ဟူသော ဒေသနာတော်အရ ပရိယတ္တိ၊ ပဋိပတ္တိဝန်ဆောင် သံဃာတော် အရှင်သူမြတ်များနှင့် နိုင်ငံတော်အစိုးရ၊ ဒါယကာ၊ ဒါယိကာမများသည် “ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ” ဆိုသကဲ့သို့ သံဃာတော်များကလည်း လမ်းကောင်းလမ်းမှန်ကို ကျင့်ကြံကျန ဟောညွှန်ပြတော်မူလျက် နိုင်ငံတော်အစိုးရနှင့် ဒါယကာ၊ ဒါယိကာမများဘက်ကလည်း လိုက်နာကြိုးပမ်း၊ လှူဒါန်းထောက်ပံ့၊ ပူဇော်စောင့်ရှောက်ကြပါလျှင် ရည်မှန်းရာ ရည်ရွယ်ချက်များ အောင်မြင်ပြီးမြောက်၍ ချမ်းသာခြင်းအတိ နိဗ္ဗာန်ထိပင် ရောက်ရှိနိုင်ပေသည်။

မြတ်ဘုရားသာသနာသည် ယခုအချိန်မှာ ဆုတ်ကပ်ကာလဖြစ်၍ လောကအရပ်ရပ်သာမက သာသနာတော်ဆိုင်ရာတို့ပါ တဖြည်းဖြည်း ဆုတ်ယုတ်လျော့ပါးလာသည်ကို မြင်တွေ့ရမည် ဖြစ်သည်။ ယင်းတို့ကို ဆရာဒကာ လက်တွဲညီညာစွာဖြင့် အခါမလင့်မီ သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်မှသာ သာသနာတော်သန့်ရှင်း အစွန့်ရှည်တည်တံ့ခိုင်မြဲခြင်းသို့ ရောက်ရှိနိုင်မည် ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း သာသနာ့အကျိုးကို ဆောင်တော်မူရာတွင် ယခုနှစ် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (၄၇) ပါးစုံညီ ပဌမအစည်းအဝေးတွင် ဆရာတော်ကြီးများ မိန့်ကြားတော်မူသော ဩဝါဒကထာများနှင့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များမှာ သာသနာအတွက်နှင့် တိုင်းပြည်အတွက် စိတ်နှလုံးအေးဖွယ်ဖြစ်သည်။

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားထွန်းကားရေး၌ သာသနာတော်၌ ကြည်ညိုဖွယ်ရာအဆင်းရှိခြင်းသည် အဓိကကျသည့်အချက်ဖြစ်သည်။ ယခုအခါ သမဏသာရုပ္ပမဖြစ်သော (ကြည်ညိုဖွယ်ရာ မဆောင်သော) အမှုကိစ္စများ ယခင်ကထက်ပိုများလာသည်ကို တွေ့လာရပါသည်။ သာသနာတော်ကို ကြည်ညိုဖွယ်ရာ အဆင်းမဆောင်စေသော အမှုကိစ္စဟူသမျှတို့ကို ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ ကင်းရှင်းစွာဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဦးဆောင်သော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် နိုင်ငံတော်အစိုးရဦးဆောင်သော ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်၊ သက်ဆိုင်ရာတာဝန်ရှိသူအပေါင်းတို့က အချိန်မီပူးပေါင်းသန့်ရှင်းပေးမှသာလျှင် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး အစွန့်ရှည်ကြာ သန့်ရှင်းတည်တံ့နေမည် ဖြစ်သည်။

သာသနာတော်သန့်ရှင်းပြန့်ပွားထွန်းကားရေးတွင် ထေရဝါဒဗုဒ္ဓသာသနာတော်နှင့်အညီ ပရိယတ္တိ၊ ပဋိပတ္တိကျင့်ကြံပွားများ အားထုတ်ကြသော သံဃာတော်များတိုးပွားရေး၊ တိုးပွားလာအောင် သာသနာ့အာဇာနည်များအား နိုင်ငံတော်အစိုးရက ဘွဲ့တံဆိပ်များဆက်ကပ်ခြင်း၊ သာသနာ့ဒါယကာ၊ ဒါယိကာမများက သံဃာတော်များအား ပူဇော်ထောက်ပံ့ချီးမြှင့်လျက်ရှိသည်။ တစ်ဖက်တွင်လည်း မြတ်စွာဘုရားရှင်၏ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ညစ်နွမ်းဖွယ်သာသနာ့အန္တရာယ်များကို ဆရာတော်ဘုရားကြီးများ၏ အဆုံးအမလမ်းညွှန်မှုများနှင့်အညီ သန့်စင်ဆေးကြောပေးကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားစေရေးအတွက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့်တကွ ဆရာတော် အရှင်သူမြတ်များ၏ အဆုံးအမများကို လိုက်နာကျင့်ကြံပွားများအားထုတ်ကာ ဆရာဒကာလက်တွဲညီညာစွာဖြင့် သာသနာအကျိုး၊ တိုင်းပြည်အကျိုးကို ဝိုင်းဝန်းသယ်ပိုးထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု တစ်မှုကို စီရင်ချက်ချမှတ်၊ ခြောက်မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် ဇူလိုင် ၂၇

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော ဦးသာဌေး၊ ဦးမျိုးဝင်းတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု တစ်မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမ အထူးအယူခံမှု ခြောက်မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ JCC ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် International IDEA– Myanmar အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၇

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် International IDEA– Myanmar ၏ Head of Mission, Mr. Mark McDowell နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် International IDEA အနေဖြင့် မြန်မာလွှတ်တော်များ ပိုမိုတိုးတက်မြင့်မားရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးဆိုင်ရာ အသိပညာပေးရေး အလုပ်ရုံဆွေးနွေးပွဲများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး၊ JCC နှင့် IDEA တို့အကြား နားလည်မှုစာချွန်လွှာ (MoU)ရေးထိုး ဆောင်ရွက်သွားနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ၂၀၂၁ ခုနှစ်တွင် အသစ်ရောက်လာမည့် လွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်လုပ်ငန်းစဉ်များ အသိပညာပေးရေးလုပ်ငန်းများတွင် ထိရောက်သောပံ့ပိုးကူညီပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ(၁) ဦးအောင်မင်း၊ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၇-၇-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၀,၀၀၀ | ၁,၀၀၉ | ၁၀,၁၀၁,၅၀၀ |
| MTSH | ၃,၈၀၀ | ၃,၇၅၀ | ၁,၈၄၄ | ၆,၉၉၇,၂၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၁ | ၈,၂၀၀ |
| FPB | ၂၀,၅၀၀ | ၂၂,၀၀၀ | ၅၃ | ၁,၁၆၅,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၂ | ၅,၅၀၀ |
| EFR | ၂,၇၅၀ | ၂,၇၀၀ | ၅၁၇ | ၁,၄၁၆,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၂၇

ရန်ကုန်(ရွှေဈေး) ၁၂၉၄၀၀၀ မန္တလေး(ရွှေဈေး) ၁၂၉၄၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၅၀/၅၈၅ ကျပ် | ၅၈၅/၆၀၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၄၀/၅၇၀ ကျပ် | ၅၇၀/၅၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၂၀/၆၃၅ ကျပ် | ၆၇၅/၇၀၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၉၀/၅၂၅ ကျပ် | ၅၅၀/၅၇၀ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၉၀/၅၀၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၂၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၅၅/၄၇၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၁.၈ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၉၂.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၄.၅၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၁၇၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၀.၂၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၂၀၃ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၆၉.၉၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၆.၆၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၉၁.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃.၇၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

| | | | |
|---|---|---|---|
| ခေတ္တ စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဒေါ်ခင်နှင်းယု၊ ဦးဝေမင်းသူနှင့်အဖွဲ့ |
| အကြီးတန်း သတင်းထောက်များ | - ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့် အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦး၊ ဦးဒီပါထွန်းနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## မူလစစ်ဘက်တာဝန်ဝတ္တရားများ ပြန်လည်ထမ်းဆောင်စေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၀/၂၀၂၀
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်)

**မူလစစ်ဘက်တာဝန်ဝတ္တရားများ ပြန်လည်ထမ်းဆောင်စေခြင်း**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးတာဝန်ထမ်းဆောင်လျက်ရှိသော ဗိုလ်ချုပ်သန်းထွဋ်ကို မူလစစ်ဘက်တာဝန်ဝတ္တရားများ ပြန်လည်ထမ်းဆောင်စေမည်ဖြစ်သဖြင့် ခွင့်ပြုလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၁/၂၀၂၀
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၇ တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ဖုန်းမြတ်ကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၂/၂၀၂၀
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်)

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၅၀ နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ)တို့ပါပြဋ္ဌာန်းချက်များအရ ဒေါ်ခင်စန်းမြင့်ကို မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



## အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

**ရန်ကုန် ဇူလိုင် ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းညွန့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဦးစိုးမင်းထွန်းနှင့် တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလာစာရာဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် သာသနာ့ရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင်ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြသည်။

ထို့နောက်ဝိနိစ္ဆယရေးရာ၊သာသနာ့ရေးရာများနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး ဒုတိယနေ့ နံနက်ပိုင်းအစည်းအဝေးကို ရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးကိုပြန်လည်ကျင်းပရာ သာသနာ့ရေးရာ၊ ပညာရေးရာများနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ) ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာ၊ ဝေဖန်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အဖွဲ့ဝင်ဆရာတော်ကြီးများက ပြန်လည်ရှင်းလင်းလျှောက်ထားတော်မူကြပြီး ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်က အတည်ပြုချက် ရယူသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများက ဇယန္တော ဗောဓိယာမူလေ အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး သာဓုသုံးကြိမ်ခေါ်ဆိုကြကာ အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ ပဉ္စမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့ အစည်းအဝေးသို့ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား အရုဏ်ဆွမ်းအလှူရှင်အဖြစ် ကိုထွန်းထွန်း-မအိသူဇာ မိသားစုကလည်းကောင်း၊ နေ့ဆွမ်းကို ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဝေဠုဝန်ရွှေကျင်ကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တမာနိတဦးဆောင်၍ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်းအမှတ်စဉ် (၁၈) မှ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ၊ ဓမ္မမိတ်ဆွေ ဒါယကာ ဒါယိကာမများက တိံသတိမ (၃၀) ကြိမ်မြောက် ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

## သီပေါမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ကြေညာထားရှိမှု မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ကွင်းဆင်းကြည့်ရှု

**သီပေါ ဇူလိုင် ၂၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသည် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများကို မြို့နယ်အတွင်းရှိ သက်ဆိုင်ရာရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ပထမကြိမ်အဖြစ် ကြေညာထားရာ မဲဆန္ဒရှင်များလာရောက်ကြည့်ရှုကြပြီး **(ယာပုံ)** မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်နှင့်အဖွဲ့ဝင်များက ယနေ့ နံနက်ပိုင်းတွင် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများသို့ လိုက်လံကြည့်ရှုကြကာ လိုအပ်သည်များ ကူညီပံ့ပိုးပေးကြသည်။

**အခမဲ့ထုတ်ယူနိုင်**

အဆိုပါမဲစာရင်းများ ကပ်ထားကြေညာရာ၌ မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်းမရှိပါက ပုံစံ (၃) ဖြင့် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄ – ဂ) ဖြင့် ပြင်ဆင်လွှာ တင်သွင်းခြင်းဆောင်ရွက်နိုင်ကြောင်းနှင့် လိုအပ်သောပုံစံများကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲရုံးများ၌ အခမဲ့ထုတ်ယူနိုင်ကြောင်းသိရသည်။

**စိုင်း (သီပေါ)**



ဥတုရာသီ တောကိုမှီ၍

❖ ရှေ့ဖုံးမှ

ဖြန့်ဝေခဲ့ပြီးဖြစ်ပါကြောင်း၊ လက်ရှိသုံးစွဲလျက်ရှိသည့် ငါးရာကျပ်တန်ငွေစက္ကူများသည်လည်း တရားဝင်ငွေအဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၆၆ တွင် ဗဟိုဘဏ်သည် မည်သည့်ငွေစက္ကူအမျိုးအစားကိုမဆို ပြောင်းလဲသုံးစွဲရန် လိုအပ်ပါက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။ ယင်းဆောင်ရွက်ချက်အခြေအနေကို အနီးစပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေစက္ကူ၏ မျက်နှာစာဘက်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံနှင့် ကျောဘက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဆောက်အဦပုံ ရိုက်နှိပ်ထားသည့် ငါးရာကျပ်တန် ငွေစက္ကူပုံစံသစ်ထုတ်ဝေခဲ့မှုအား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုမှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ယင်းကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသည့်အတွက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ပုံဖြင့် ငါးရာကျပ်တန်ပုံစံသစ် ငွေစက္ကူထုတ်ဝေမှုကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာသည်။



ဂန့်ဂေါမဲဆန္ဒနယ်မှ
ဒေါ်ယဉ်မင်းလှိုင်



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း



လှိုင်းဘွဲမဲဆန္ဒနယ်မှ
ဦးခင်ချို



ဒုတိယဝန်ကြီး
ဦးသာဦး



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း



တပ်မတော်သားအမျိုးသားလွှတ်တော်
ကိုယ်စားလှယ် ဗိုလ်မှူးဝင်းလွင်ဦး

## မြန်မာနိုင်ငံပြန်တမ်း အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးခိုင်ထွန်းဦးအား အမြဲတမ်းအတွင်းဝန်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## အီလက်ထရောနစ်စာပို့စနစ်နှင့် ဒစ်ဂျစ်တယ်သက်သေခံဆိုင်ရာ အခြေခံအဆောက်အဦစနစ် စီမံကိန်းဆောင်ရွက်ရန် အတိုးမဲ့ချေးငွေ ရယူနိုင်ရေး ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အီလက်ထရောနစ်စာပို့စနစ်နှင့် ဒစ်ဂျစ်တယ်သက်သေခံဆိုင်ရာ အခြေခံအဆောက်အဦစနစ် စီမံကိန်းဆောင်ရွက်ရန် ဩစတြီးယားနိုင်ငံ Unicredit Bank ထံမှ ထောက်ပံ့ငွေ ယူရိုသုည ဒသမ ၈၆၁ သန်းနှင့် အတိုးမဲ့ချေးငွေယူရို ၄ ဒသမ ၈၇၆ သန်းရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဩဂုတ် ၅ ရက်တွင် ဆွေးနွေးရန်လျာထားပါကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျေးလက်ဒေသလျှပ်စစ်ဓာတ်အားရရှိမှုမြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၂၇ သန်း ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက စီမံကိန်းဆောင်ရွက်မှုကြောင့် ဓာတ်အားတိုးတက်ရရှိနိုင်မှုအခြေအနေနှင့်စပ်လျဉ်း၍ မြန်မာတစ်နိုင်ငံလုံး စာရင်းရှိ အိမ်ထောင်စုဦးရေသည် ၁၀၈၈၄၆၉၅ ရှိပြီး ယခုချေးငွေစီမံကိန်းကြောင့် အကျိုးပြုနိုင်မည့် အိမ်ထောင်စု ဦးရေသည် ၄၀၀၃၀၀ စုဖြစ်ပါကြောင်း၊ စီမံကိန်းပြီးစီးပါက အိမ်ထောင်စုအလိုက် ဓာတ်အားတိုးတက်ရရှိနိုင်မှု ရာခိုင်နှုန်းမှာ ၃ ဒသမ ၆၈ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ စီမံကိန်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အိမ်ထောင်စုအလိုက် ဓာတ်အားတိုးတက်ရရှိနိုင်မှု ရာခိုင်နှုန်းသည် ၈၄ ဒသမ ၆၂ ရာခိုင်နှုန်းဖြစ်လာမည် ဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားလွှမ်းခြုံနိုင်ရေး ဆောင်ရွက်ရာတွင် ကျေးရွာများ ဓာတ်အားရရှိရေးအတွက် ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ၊ ၆၆ ကေဗွီ၊ ၃၃ ကေဗွီ၊ ၁၁ ကေဗွီနှင့် သုည ဒသမ ၄ ကေဗွီ ဓာတ်အားလိုင်းများကို အဆင့်ဆင့်သွယ်တန်းဆောင်ရွက်ရပါကြောင်း၊ ယခုစီမံကိန်းသည် ၆၆ ကေဗွီနှင့် ၃၃ ကေဗွီခွဲရုံတည်ဆောက်ခြင်းများသာပါရှိပြီး ကျေးရွာများအရောက် ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ တည်ဆောက်ခြင်းလုပ်ငန်းများကို နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဘတ်ဂျက်၊ ကမ္ဘာ့ဘဏ်၊ JICA၊ ADB၊ KfW စသည့် နိုင်ငံတကာချေးငွေများဖြင့် ဆက်လက်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ၄၀၀ ဗို့ လိုင်းများကို ကျေးရွာများမှ ကိုယ်ထူကိုယ်ထ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် လျှပ်စစ်မီးအလင်းရရှိကြမည်ဖြစ်ပါကြောင်း၊ စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့ပါက အိမ်ထောင်စုပေါင်း ၄၀၀၃၀၀ ကို တိုးချဲ့ဓာတ်အားဖြန့်ဖြူးရောင်းချရမည်ဖြစ်သည့်အတွက် တစ်နှစ်ကို ယူနစ်သန်းပေါင်း ၁၆၀ မှ ၂၉၀ အထိ တိုးတက်ရရှိမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကျေးရွာပေါင်း ၂၈၁၅ ရွာမှ အိမ်ထောင်စုပေါင်း ၄၀၀၃၀၀ စုကို ဓာတ်အားစနစ်မှ တိုးချဲ့ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက် အကျိုးရှိသည့် ချေးငွေဖြစ်ပါသောကြောင့် ကျေးလက်ဒေသလျှပ်စစ်ရရှိမှုမြှင့်တင်ရေး စီမံကိန်း (AREP) အကောင်အထည်ဖော်ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၂၇ သန်း ချေးငွေရယူရေးကိစ္စအပေါ် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေရယူရေးကိစ္စကို လွှတ်တော်မှ အတည်ပြုပြီးသည့်အခါ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် ချေးငွေစာချုပ်ချုပ်ဆိုရန် ညှိနှိုင်းခြင်း၊ ချေးငွေစာချုပ် လက်မှတ်ရေးထိုးခြင်း၊ စာချုပ်အသက်ဝင်ရန်ဆောင်ရွက်ခြင်း၊ ချေးငွေထုတ်ယူရရှိစေရန် ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းစဉ်များကို လုပ်ထုံးလုပ်နည်းများနှင့်လည်း ညီညွတ်စေပြီး ဆောလျင်စွာပြီးစီးစေရန် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စီမံကိန်း အကောင်အထည်ဖော်မှုအခြေအနေတိုးတက်မှုကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ပုံမှန်အစီရင်ခံတင်ပြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ ချေးငွေအမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၂၇ သန်း ရယူနိုင်ရေးကိစ္စအပေါ် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းချေးငွေရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညွှာစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုပါဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် အဆိုတင်သွင်းသည်။

## ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုကြောင်း ကြေညာ

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ပဲခူး– ကျိုက်ထို အမြန်လမ်းမကြီး စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၈ သန်း ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဖွဲ့နေဇော်က ပြည်ပချေးငွေဖြင့် ဆောင်ရွက်သည့် လမ်းတည်ဆောက်ခြင်းစီမံကိန်းများနှင့် ပတ်သက်၍ အာဖရိက၏ တန်ဇန်းနီးယားနိုင်ငံတွင် လုပ်ငန်း၏ ၄၉ ရာခိုင်နှုန်းကို ၎င်းနိုင်ငံ၏ မြို့ပြလုပ်ငန်းများအတွက် ပြန်ခွဲဝေပေးခြင်း၊ ရဝမ်ဒါနိုင်ငံတွင်လည်း လုပ်ငန်း၏ ၅၁ ရာခိုင်နှုန်းကို ၎င်းနိုင်ငံ၏ ပြည်တွင်းလုပ်အားကိုသာ အသုံးပြုစေခြင်း အစရှိသည့် ကန့်သတ်ဆောင်ရွက်နေမှုအနေအထားများကို လေ့လာတွေ့ရှိရသည့်အတွက် ယခုအဆိုပြုစီမံကိန်းသည်လည်း မိမိတို့နိုင်ငံ၏ နိုင်ငံသားအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်သည့် ချေးငွေစီမံကိန်းဖြစ်ရန်၊ အကျိုးအမြတ်ဖြစ်ထွန်းအောင် အဘက်ဘက်မှ စဉ်းစားချင့်ချိန်ဆောင်ရွက်ရန် အထူးလိုအပ်မည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော်က လက်ရှိလမ်းမကြီးသည် နှစ်စဉ်မိုးရာသီတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်သည့် ဧရိယာတွင်တည်ရှိပြီး ယခုတည်ဆောက်မည့် လမ်းမကြီးသည် ရေလွတ်အောင် မြှင့်တင်ဖောက်လုပ်ထားသဖြင့် သဘာဝအန္တရာယ်ကျရောက်လာပါက ခိုလှုံရာနေရာအဖြစ် အသုံးပြုနိုင်ပြီး အများပြည်သူအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်မည်ဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်ရာတွင်လည်း ပြည်တွင်းထွက်ပစ္စည်းအချို့ သုံးစွဲရသည့်အတွက် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းချေးငွေဖြင့် ကောင်းမွန်သည့် ရလဒ်များရရှိနိုင်မည်ဖြစ်သည့်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ ချေးငွေအား ချေးယူသုံးစွဲသင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ဦးစောမိုးမြင့် (ခေါ်) ဆင်မြူရယ်၊ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးစိန်ဝင်း၊ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်နှင့် ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပဲခူး – ကျိုက်ထိုလမ်းသစ်ပိုင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ၂၇ ဒသမ ၇၇၉ ဘီလီယံ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦးက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာချေးငွေကို ရယူလုပ်ဆောင်ခြင်းသည် ရေတိုကုစားမှုအစီအမံဖြစ်ပါကြောင်း၊ လတ်တလောအဆင်ပြေစေရန် ဆောင်ရွက်သည့် နည်းလမ်းတစ်ခုသာဖြစ်ပြီး ပကတိအခြေအနေကို ဖြေရှင်းသည့်အနေအထားမဟုတ်သည်ကို ထောက်ပြလိုပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများအတွက် တကယ်လိုအပ်၍ ချေးယူခြင်းမျိုးသာဖြစ်သင့်ပြီး အလွယ်တကူရရှိ၍ ချေးယူသည့်သဘော မဖြစ်သင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇေဖြိုး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

## COVID – 19 ၏ သက်ရောက်မှုများကို တုံ့ပြန်ခြင်းနှင့် အသုံးစရိတ်ဆိုင်ရာ အထောက်အပံ့အစီအစဉ်အတွက် အမေရိကန်ဒေါ်လာ သန်း ၂၅၀ ချေးငွေရယူရေး ဆွေးနွေး

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော COVID – 19 ၏ သက်ရောက်မှုများကို တုံ့ပြန်ခြင်းနှင့် အသုံးစရိတ်ဆိုင်ရာ အထောက်အပံ့အစီအစဉ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ သန်း ၂၅၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချိုက ယခုချေးယူမည့် ချေးငွေကို သုံးစွဲရန် ခွဲဝေချထားသည့်အခါ ဘက်စုံထောင့်စုံ ဌာနအဖွဲ့အစည်းပေါင်းစုံက ကြုံတွေ့ရနိုင်သည့် အခြေအနေပေါင်းစုံကို လေ့လာဆန်းစစ်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် သုံးစွဲငွေများကို ဖြစ်သင့်ဖြစ်ထိုက် သုံးသင့်သုံးထိုက်သည်များကို ဦးစားပေးအလိုက် လျာထားပြီး နိုင်ငံအတွက် ဆုံးရှုံးနစ်နာမှုအနည်းဆုံးဖြစ်စေနိုင်မည့် အနေအထားဖြစ်အောင် ဘဏ္ဍာရေးကျင့်စဉ်ပါအချက်များနှင့်အညီ သုံးစွဲရန် အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

ယင်းချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းလွင်ဦး၊ ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင်နှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲထွန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဇူလိုင် ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**



## ဆန်စဉ်ရာ ကျည်ပွေ့မလိုက်နိုင်

**မိမိတို့အစိုးရအဖွဲ့ဟာ တိုင်းပြည်အတွက် လုပ်ငန်းတွေ နေ့စဉ်နေ့တိုင်း လုပ်ကိုင်နေကြရတာမှာ အချိန်အားရတယ်မရှိဘူး။ တချို့ကိစ္စတွေဟာ တိုင်းပြည်မှာ ဖြစ်နေကြရတာက ဟိုကတစ်မျိုး ဒီကတစ်ဖုံဆိုတာလို ဖြစ်တော့ ဆန်စဉ်ရာ ကျည်ပွေ့မလိုက်နိုင်ဘူး။ ဒီတော့ မိမိတို့အစိုးရအဖွဲ့ တကယ့်အခက်အခဲတွေထဲမှာ အလုပ်လုပ်နေရတော့ တချို့နေရာမှာ မအောင်မြင်တာလေးတွေလည်း ရှိတယ်။ အောင်မြင်တာတွေလည်း ရှိတယ်။**

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မေလ ၃၀ ရက်နေ့ သတင်းစာဆရာများနှင့် ဆွေးနွေးပွဲတွင် ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)*

■ ကျောဖုံးမှ

(င) ထိုသို့ သက်ဆိုင်ရာ လေယာဉ်ခရီးစဉ်များအလိုက် လိုက်ပါခွင့်ရရှိသူ အတည်ပြုစာရင်းအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ လေကြောင်းလိုင်းများသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ပြီး လိုက်ပါခွင့်ရရှိသူများအနေဖြင့် သက်ဆိုင်ရာလေကြောင်းလိုင်းများသို့ ဆက်သွယ်၍ လေယာဉ်လက်မှတ်ဝယ်ယူရေး ဆက်လက်ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

(စ) ပြည်ပသို့ သွားရောက်လိုသူများအနေဖြင့် သက်ဆိုင်ရာနိုင်ငံများ၏လိုအပ်ချက်အရ COVID-19 ကင်းရှင်းကြောင်း ဓာတ်ခွဲစစ်ဆေးချက် ရယူနိုင်ရေးအတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှု ဆိုင်ရာဌာန(ရန်ကုန်) သို့မဟုတ် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)တို့တွင် မိမိအစီအစဉ်ဖြင့် ဓာတ်ခွဲစစ်ဆေးခြင်း ခံယူရန် ဖြစ်ပါသည်။ (ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဓာတ်ခွဲစစ်ဆေးပေးနိုင်မှု အကန့်အသတ်အရ သက်ဆိုင်ရာ ကယ်ဆယ်ရေး/အထူးလေယာဉ်များတွင် အတည်ပြုလိုက်ပါခွင့်ရရှိသူများကိုသာ သတ်မှတ်ရက်အတွင်း ဓာတ်ခွဲစစ်ဆေးမှု ပြုလုပ်ပေးမည်ဖြစ်ပါသည်။)

(ဆ) မြန်မာနိုင်ငံဘက်မှ ထွက်ခွာသည့် ကယ်ဆယ်ရေး/ အထူးလေယာဉ်များဖြင့် ဆုံရပ်နိုင်ငံများမှတစ်ဆင့် (အထူးသဖြင့် ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်) လေယာဉ်ကူးပြောင်းလိုက်ပါမည့်သူများအနေဖြင့် လေဆိပ်တွင် Transit စောင့်ဆိုင်းခွင့်ပြုချိန် (၂၄) နာရီအတွင်း မိမိတို့သွားရောက်မည့်နိုင်ငံသို့ ကူးပြောင်းခရီးစဉ် ချိတ်ဆက်လိုက်ပါနိုင်ရေး ကြိုတင်စီစဉ်ထားရှိရန်နှင့် ယင်းသို့ စီစဉ်ထားရှိသည့် လေယာဉ်လက်မှတ်အား သက်ဆိုင်ရာလေကြောင်းလိုင်းသို့ တစ်ပါတည်း ပြသရန်လိုအပ်မည်ဖြစ်ပါသည်။

၄။ လက်ရှိတွင် ပြည်ပနိုင်ငံအများစု၌ COVID-19 ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ပြည်ဝင်ကန့်သတ်မှုများ ချမှတ်ဆောင်ရွက်ထားဆဲဖြစ်ရာ ပြည်ပနိုင်ငံအသီးသီးသို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်လိုသည့် မြန်မာနိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာနိုင်ငံများမှ ချမှတ်ထားသော COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လိုအပ်ချက်များနှင့် စည်းကမ်းသတ်မှတ်ချက်များအား ကြိုတင်လေ့လာထားကြရန်နှင့် တိကျစွာ လိုက်နာဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်းကိုလည်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်

# ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် အာဆီယံက ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ အာဆီယံ - မြန်မာ တတိယအကြိမ် အဆင့်မြင့်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၇**

ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် အာဆီယံက ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ တတိယအကြိမ် အဆင့်မြင့်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အာဆီယံအတွင်းရေးမှူးချုပ် Dato Lim Jock Hoi တို့က အဖွင့်အမှာစကားပြောကြားကြသည်။

### သွားရောက်မျှဝေခဲ့

အစည်းအဝေးပူးတွဲသဘာပတိဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးနှင့် ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းအားထုတ်ရာတွင် ကိုဗစ်-၁၉ ကြောင့် အခက်အခဲများကို ရင်ဆိုင်နေကြရသော်လည်း ကျော်လွှားအောင်မြင်နိုင်ရန် ညီညွတ်သောအင်အားဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယမန်နှစ် ဒုတိယအကြိမ် အဆင့်မြင့်ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည့်အချိန်မှ လက်ရှိအချိန်အထိ နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ အစည်းအဝေးများ ကျင်းပနိုင်သကဲ့သို့ ကနဦးလိုအပ်ချက်ဆန်းစစ်လေ့လာမှုအရ အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ပြုနိုင်မည့် ASEAN Ad-Hoc Support Team ကိုဖွဲ့စည်းနိုင်ခြင်းနှင့် ဦးစားပေးစီမံကိန်းများကို အပြီးသတ်ရေးဆွဲနိုင်ခြင်းတို့သည် ရှေ့ဆက်လုပ်ငန်းစဉ်များအတွက် များစွာအရေးပါပါကြောင်း၊ ထို့ပြင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre တို့ ပူးပေါင်းပါဝင်မှုဖြင့် မြန်မာအစိုးရသည် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်နှင့် ကနဦး လိုအပ်ချက်ဆန်းစစ်လေ့လာမှုများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့ရှိ နေရပ်စွန့်ခွာသူများထံသို့ နှစ်ကြိမ်တိုင်တိုင် သွားရောက်မျှဝေနိုင်ခဲ့ပါကြောင်း၊ ဆက်လက်၍ UNHCR၊ UNDP တို့နှင့်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရ လုပ်ငန်းများကို ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် နေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားရေးနှင့် IDP စခန်းများပိတ်သိမ်းရေးအတွက် ဆက်စပ်ပတ်သက်သူများ ပါဝင်သည့် ညှိနှိုင်းအစည်းအဝေးများနှင့် ရပ်ရွာလူထုဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ပါကြောင်း။

ထို့ပြင် ရခိုင်ပြည်နယ်မှ လူငယ်များအား အသက်မွေးဝမ်းကျောင်းသင်တန်းများပေးနိုင်ရေးအတွက် UEHRD မှတစ်ဆင့် စင်ကာပူနိုင်ငံ အခြေစိုက် Asia Philanthropy Circle (APC) နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ နှင့်စပ်လျဉ်း၍ မိမိတို့ဝန်ကြီးဌာနက IDP စခန်းများနှင့် ယာယီနေရပ်စွန့်ခွာသည့်နေရာများတွင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများကိုလည်း တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် လက်ရှိကာလအတွင်း IDP များနှင့်ယာယီနေရပ်စွန့်ခွာရသူများကို စားနပ်ရိက္ခာပေးအပ်နိုင်ရေးအတွက် WFP၊ ICRC တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် (၃၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် နိုင်ငံခေါင်းဆောင်များက ရခိုင်ပြည်နယ်အတွင်း လူမှုအသိုင်းအဝိုင်းများအကြား သဟဇာတဖြစ်စေရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ထောက်ခံအားပေးခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်အရေးတွင် မြန်မာအစိုးရနှင့် အာဆီယံနိုင်ငံများက ပူးပေါင်းဆောင်ရွက်ကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။






### အရေးပါသည့်ခြေလှမ်း

ထို့နောက် ပူးတွဲသဘာပတိဖြစ်သည့် အာဆီယံအတွင်းရေးမှူးချုပ်က အာဆီယံအနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့်ပူးပေါင်း၍ ကနဦးဆန်းစစ်ချက်ဆောင်ရွက်နိုင်ခဲ့ခြင်းသည် အရေးပါသည့် ခြေလှမ်းတစ်ခုဖြစ်ပါကြောင်း၊ ဆန်းစစ်ချက်ပါအကြံပြုချက်များကို အကောင်အထည်ဖော်နိုင်ရေးအတွက်လည်း ဆက်လက်ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း၊ ဦးစားပေးစီမံကိန်း ခုနစ်ခုအပြင် ရခိုင်ပြည်နယ်အတွက်အရေးပါသည့် အခြားသောစီမံကိန်းများကိုလည်း ဖော်ထုတ်ဆွေးနွေး၍ အကောင်အထည်ဖော်နိုင်ရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ထိန်းချုပ်တုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင်လည်း အာဆီယံ၏ လူသားချင်းစာနာမှုအကူအညီပေးခြင်းဆိုင်ရာ အရေးပေါ်ထောက်ပံ့ပို့ဆောင်ရေးစနစ်မှတစ်ဆင့် လိုအပ်သည်များကိုပံ့ပိုးပေးရန်လည်း အသင့်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အာဆီယံ-မြန်မာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုထင်သာမြင်သာရှိစေရန်နှင့် အလေးထားပူးပေါင်းဆောင်ရွက်ရန် အကြီးအကဲများကလည်း လမ်းညွှန်ထားပါကြောင်း၊ သို့မှသာ အာဆီယံနှင့် မြန်မာတို့၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုကို ကမ္ဘာကလည်း သိမြင်နိုင်မည်ဖြစ်ပါကြောင်း၊ UNDP၊ UNHCR တို့နှင့်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာကိုလည်း နောက်ထပ်တစ်နှစ် သက်တမ်းတိုးထားပြီး ကျေးရွာများသို့ ကွင်းဆင်းလေ့လာမှုများနှင့် သိသာစွာအကျိုးရှိနိုင်မည့်စီမံကိန်းများကို ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ ရှေ့ပြေးစီမံကိန်း အကောင်အထည်ဖော်မည့်ကျေးရွာများတွင် နေအိမ်များ ဆောက်လုပ်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းများအတွက်လည်း ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးနှင့် ဆက်လက်ဆွေးနွေးဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိစေမည့် အကြံပြုချက်များနှင့် ဆွေးနွေးမှုများကို ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

### အမြင်ချင်းဖလှယ်

ဆက်လက်၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ AHA Centre၊ Ad Hoc Support Team နှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့က ဦးစားပေးစီမံကိန်းများ ဆောင်ရွက်တိုးတက်မှုအခြေအနေ၊ ရန်ပုံငွေရရှိမှု၊ ပြီးပြည့်စုံသည့် ဆန်းစစ်ချက်ဆောင်ရွက်နိုင်ရေး၊ ပြည်တွင်းစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ စီမံကိန်းအကောင်အထည်ဖော်တိုးတက်မှု၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် UEHRD က ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ၊ အာဆီယံနှင့် ထပ်မံပူးပေါင်းဆောင်ရွက်နိုင်ရန် အလားအလာရှိသည့် လုပ်ငန်းနယ်ပယ်အသစ်များနှင့် ဦးစားပေးစီမံချက်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တတိယအကြိမ် အဆင့်မြင့်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ UEHRD ကော်မတီအဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အတွင်းရေးမှူးချုပ်၊ ဒုတိယအတွင်းရေးမှူးချုပ်၊ AHA Centre မှ အမှုဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ကမ္ဘာ့အသည်းရောင်ရောဂါနေ့ ဂုဏ်ပြုဆောင်းပါး

# အသည်းရောဂါ ကင်းစင်သော အနာဂတ်ကမ္ဘာကြီးဆီသို့

**ဒေါက်တာဝင်းအောင်(သုတေသီ)**
**မြန်မာအသည်းဖောင်ဒေးရှင်း**

ဇူလိုင်လ ၂၈ ရက်နေ့သည် ကမ္ဘာ့အသည်းရောင်ရောဂါနေ့ (World Hepatitis Day) ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံများရှိ လူသားများအားလုံးမှ အသည်းရောင်ရောဂါများကို သတိပြုအလေးထားလာကြစေရန်နှင့် ကမ္ဘာပေါ်တွင် အသည်းရောင်ရောဂါများ လျော့နည်းပပျောက်သွားစေရန် ရည်ရွယ်၍ နှစ်စဉ် ထိုနေ့ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ကြီးမှူးပြီး ကမ္ဘာတစ်ဝန်း နိုင်ငံတိုင်းတွင် ကမ္ဘာ့အသည်းရောင်ရောဂါနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပပြုလုပ်ကြပါသည်။ WHO က နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့အသည်းရောင်ရောဂါနှင့် ပတ်သက်သော ဆောင်ပုဒ်တစ်ခုစီချမှတ်ကာ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လှုံ့ဆော်တွန်းအားပေးခဲ့ပါသည်။ ယခု ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့အသည်းရောင်ရောဂါနေ့၏ ဆောင်ပုဒ်မှာ "**HepFreeFuture**" ဖြစ်ပါသည်။ "အသည်းရောင်ရောဂါကင်းစင်ရာ အနာဂတ်ကမ္ဘာ" ဟု အဓိပ္ပာယ်ရပါသည်။




**ကမ္ဘာ့အသည်းရောင်ရောဂါနေ့ ဖြစ်ပေါ်လာပုံ**

၂၀၀၀ ပြည့်နှစ် အစောပိုင်းကာလများ၌ ကမ္ဘာပေါ်တွင် ဖြစ်ပွားမှုနှုန်းများပြားပြီး နှစ်စဉ် လူတစ်သန်းခန့် သေဆုံးစေသည့် အသည်းရောင်အသားဝါ ဗိုင်းရပ်စ်ပိုးရောဂါများကို ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်က ခံစားခဲ့ရပါသည်။ သို့သော် ရောဂါခံစားနေရသော လူနာကိုယ်တိုင်သာမက လူတော်တော်များများသည် ရောဂါများကို သတိမထား၊ ဂရုမပြုမိကြသောကြောင့် ဖော်ပြပါရောဂါများနှင့်ပတ်သက်၍ ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများနှင့်ပညာရှင်များက လျစ်လျူရှုနေခဲ့မိကြပါသည်။ ထိုစဉ်က ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြည်သူလူထု အခြေပြု ဖွဲ့စည်းထားသော အသည်းရောင်ရောဂါ အသင်းများသည်လည်း အထက်ပါကဲ့သို့ ထင်မြင်ခံစားနေကြရသည့်အတွက် အဆိုပါ အသင်းများစုစည်း၍ World Hepatitis Day (ကမ္ဘာ့အသည်းရောင်ရောဂါနေ့) ကို နှစ်စဉ်ကျင်းပပြုလုပ်နိုင်ရန် အကျိုးအမြတ်အတွက် မဟုတ်ဘဲ လှုပ်ရှားဆောင်ရွက်သော အစိုးရမဟုတ်သည့် "ကမ္ဘာ့အသည်းရောင်ရောဂါ မဟာမိတ်အဖွဲ့" (World Hepatitis Alliance-WHA) ကို ၂၀၀၇ ခုနှစ်တွင် စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ ဖွဲ့စည်းခဲ့ပါသည်။ နိုင်ငံပေါင်း ၆၀ ကျော်မှ အသင်းများပါဝင်ပြီး UK နိုင်ငံသား ရှေ့နေ Mr. Charles Gore သည် အသင်းကြီး၏ ပထမဆုံး ဥက္ကဋ္ဌ ဖြစ်လာခဲ့ပါသည်။ သူကိုယ်တိုင်သည်လည်း အသည်းရောင်အသားဝါ စီပိုး ကူးစက်ခံခဲ့ရဖူးသူတစ်ဦးဖြစ်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် အသည်းရောင် စီပိုးရောဂါ လူမှုအဖွဲ့ (Hepatitis C Trust) ကို ပထမဆုံး ဦးဆောင်ဖွဲ့စည်းခဲ့သူတစ်ဦးလည်း ဖြစ်ပါသည်။

ဖော်ပြပါ အသင်းကြီးက ၂၀၀၈ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ပထမအကြိမ် ကမ္ဘာ့အသည်းရောင်ရောဂါနေ့ အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပါသည်။ အသင်းကြီး အနေဖြင့် ဆက်လက်၍ WHO က ဂရုပြုလာရလေအောင် ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပသည့် (၆၃) ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံ (World Health Assembly) တွင် အသည်းရောင်ရောဂါကို အလေးပေး သတိထားမှု (Awareness)ရရှိနိုင်စေရန်အတွက် ကမ္ဘာတစ်ဝန်းရှိ အသည်းရောင်အသားဝါ ဗိုင်းရပ်စ်ပိုးရှိသူ သန်း ၅၀၀ ခန့်၏ကိုယ်စား Mr. Charles Gore က တင်ပြနိုင်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင်ပြုလုပ်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံကြီးတွင် နိုင်ငံတကာမှ ပညာရှင်များက အသည်းရောဂါအတွက် နိုင်ငံအလိုက် အမျိုးသားရေးလှုပ်ရှားမှုများကို အသိအမှတ်ပြုခဲ့ကြပါသည်။ WHO အဖွဲ့ဝင်နိုင်ငံအားလုံးကလည်း အသည်းရောဂါများသည် ကမ္ဘာပေါ်တွင် အရေးပါသည့် ရောဂါများဖြစ်ကြောင်း လက်ခံအတည်ပြုခဲ့ကြပါသည်။ ထို့အပြင် အသည်းရောင်အသားဝါရောဂါ ဘီပိုး ပဋိလုံပစ္စည်းကို ၁၉၆၃ ခုနှစ်မှာ စတင်တွေ့ရှိခဲ့သည့် အမေရိကန် သိပ္ပံပညာရှင်၊ နိုဘယ်လ်ဆုရှင် ဒေါက်တာ Baruch Blumberg ကို ဂုဏ်ပြုသောအားဖြင့် သူ၏မွေးနေ့ ဇူလိုင်လ ၂၈ ရက်နေ့အား ကမ္ဘာ့အသည်းရောင်ရောဂါနေ့အဖြစ် ဆုံးဖြတ်သတ်မှတ်ခဲ့ကြပါသည်။ ထို့ကြောင့် ၂၀၁၁ ခုနှစ်မှစတင်၍ နှစ်စဉ် ကမ္ဘာ့အသည်းရောင်ရောဂါနေ့ အခမ်းအနားများကို WHO က ဦးဆောင်၍ နှစ်စဉ်ဆောင်ပုဒ်များ အသီးသီး ချမှတ်ကာ ကျင်းပပြုလုပ်လာခဲ့ကြခြင်း ဖြစ်ပါသည်။

**ကမ္ဘာကမ္ဘာ့နိုင်ငံအစိုးရများ၊ ဆေးပညာရှင်များ၊ အသည်းရောင်ရောဂါပိုးရှိ လူနာများနှင့် ပြည်သူလူထုလူမှုရေးအဖွဲ့အစည်းများ စုပေါင်းပါဝင်သည့် နိုင်ငံတကာလှုပ်ရှားမှုကြီးဖြစ်ပြီး ပြည်သူလူထုအတွင်း အသည်းရောင်ရောဂါများကို ဂရုပြုအလေးထားလာစေရန်နှင့် ပူးပေါင်းပါဝင်တိုက်ဖျက်စေရန်ဖြစ်၊ လှုပ်ရှားမှုကြီး၏ အဓိကဦးတည်ချက်မှာ ကမ္ဘာပေါ်တွင် ဗိုင်းရပ်စ်အသည်းရောင်ရောဂါများ ကင်းစင်နိုင်ရေးအတွက် ၂၀၃၀ ပြည့်နှစ်တွင် အပြီးတိုင် တိုက်ထုတ်ပစ်ရန်ဖြစ်။**

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်မှန်းချက်**

၂၀၁၆ ခုနှစ် မေလတွင် ကျင်းပပြုလုပ်ခဲ့သည့် ကမ္ဘာ့ကျန်းမာရေးညီလာခံတွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၄ နိုင်ငံမှ သဘောတူ ပူးပေါင်းဆောင်ရွက်မှုဖြင့် WHO မှ Global Goal ဖြစ်သည့် "To Eliminate Viral Hepatitis as Public Health Threat by 2030" (အသည်းရောင်ရောဂါများကို ၂၀၃၀ ပြည့်နှစ်တွင် ပြည်သူလူထု၏ကျန်းမာရေးကို ခြိမ်းခြောက်ခံနေရမှုမှ ဖယ်ရှားပစ်နိုင်ရေး) ရည်မှန်းချက်ကို ချမှတ်ခဲ့ပါသည်။ အဆိုပါ ရည်မှန်းချက်အရ ၂၀၃၀ ပြည့်နှစ်တွင် အသည်းရောင်အသားဝါရောဂါ ဖြစ်ပွားနှုန်းကို ၉၀ ရာခိုင်နှုန်း လျှော့ချရန်နှင့် အသည်းရောင်အသားဝါရောဂါနှင့် ဆက်နွယ်သော ရောဂါများကြောင့် သေဆုံးနှုန်းကို ၆၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန် ဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့အသည်းရောင်ဖြစ်ပွားမှုကို လက်ရှိ ၆ - ၁၀ သန်းမှ သုည ဒသမ ၉ သန်းသို့လည်းကောင်း၊ နှစ်စဉ် အသည်းရောင်ရောဂါကြောင့် သေဆုံးမှုကို ၁ ဒသမ ၄ သန်းမှ သုည ဒသမ ၉ သန်းသို့ လည်းကောင်း လျှော့ကျအောင် ဆောင်ရွက်ရန် လျာထားပါသည်။ ယခုနှစ်တွင် WHO က အောက်ဖော်ပြပါ လုပ်ငန်းရပ်များကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ (၁) ကမ္ဘာပေါ်တွင် အသည်းရောင်ရောဂါများ ကင်းစင်ပပျောက်ရေးနှင့် အထူးသဖြင့် မိခင်နှင့်ကလေးငယ်များ၏ အနာဂတ်ကာလတွင် အသည်းရောင်အသားဝါရောဂါ လုံးဝကင်းစင်ရေးတို့ကို အလေးထားဆောင်ရွက်ရန်၊ (၂) အသည်းရောင်ရောဂါကာကွယ်ရေးနှင့် ကုသစောင့်ရှောက်ပေးရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်နှင့် (၃) လက်ရှိ ကိုဗစ်-၁၉ ကူးစက်ကပ်ရောဂါကာလအတွင်း အသည်းရောင်ရောဂါ တိုက်ဖျက်ရေးအတွက် အရေးပါသောလုပ်ဆောင်မှုများကို ဆက်လက်ဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။

**ကမ္ဘာ့အသည်းရောင်ရောဂါ**
**မဟာမိတ်အဖွဲ့၏ဆောင်ရွက်မှု**

အထက်ပါအဖွဲ့အစည်းကြီးသည် ကမ္ဘာပေါ်တွင် အသည်းရောင်အသားဝါရောဂါ ကင်းစင်ရေးအတွက် ဆောင်ရွက်ရာတွင် ဦးဆောင်မှုပြုနေသည့် အဖွဲ့အစည်းကြီးဖြစ်ပါသည်။ အဖွဲ့ကြီး၏မျှော်မှန်းချက် (Vision) မှာ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသည်းရောင်ရောဂါ ကင်းစင်သည့် ကမ္ဘာကြီး (A World Free From Viral Hepatitis) ဖြစ်ပါသည်။ အသည်းရောင်ရောဂါကို ဖြစ်စေသော ဗိုင်းရပ်စ်ပိုးများဖြစ်သည့် အေ၊ ဘီ၊ စီ၊ ဒီ နှင့် အီးတို့ကို တိုက်ဖျက်ရန် ဖြစ်ပါသည်။ အထက်ပါ မျှော်မှန်းချက်ကို ပြည့်မီနိုင်စေရန်အတွက် WHA သည် ကမ္ဘာတစ်ဝန်းလုံးရှိ လူသားများအားလုံးနှင့် ရောဂါပိုးကူးစက်ခံထားရသူများ၏ တက်ကြွစွာပူးပေါင်းပါဝင်မှုတို့ကို ရယူလျက် ဆောင်ရွက်သွားမည်ဟု သိရှိရပါသည်။

WHO က ချမှတ်ခဲ့သော ရည်မှန်းချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်ရန်အတွက် WHA သည် ၂၀၁၆ ခုနှစ် ကမ္ဘာ့အသည်းရောင်ရောဂါနေ့တွင် "အသည်းရောင်ရောဂါ မရှိစေရ လှုပ်ရှားမှုကြီး" (NOhep Global Movement) ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ WHA က ဦးဆောင်သော အဆိုပါလှုပ်ရှားမှုကြီးသည် ကမ္ဘာ့နိုင်ငံအစိုးရများ၊ ဆေးပညာရှင်များ၊ အသည်းရောင်ရောဂါပိုးရှိလူနာများနှင့် ပြည်သူလူထုလူမှုရေးအဖွဲ့အစည်းများ စုပေါင်းပါဝင်သည့် နိုင်ငံတကာလှုပ်ရှားမှုကြီးဖြစ်ပြီး ပြည်သူလူထုအတွင်း အသည်းရောင်ရောဂါများကို ဂရုပြုအလေးထားလာစေရန်နှင့် ပူးပေါင်းပါဝင်တိုက်ဖျက်စေရန် ဖြစ်ပါသည်။ လှုပ်ရှားမှုကြီး၏ အဓိကဦးတည်ချက်မှာ ကမ္ဘာပေါ်တွင် ဗိုင်းရပ်စ်အသည်းရောင်ရောဂါများ ကင်းစင်နိုင်ရေးအတွက် ၂၀၃၀ ပြည့်နှစ်တွင် အပြီးတိုင် တိုက်ထုတ်ပစ်ရန် (Elimination of Viral Hepatitis By 2030) ဖြစ်ပါသည်။ လူသားများအားလုံး အသည်းရောင်ရောဂါပိုးများ ကူးစက်ခံစားရခြင်းမှ လုံးဝကင်းဝေးရန် ရည်ရွယ်ပါသည်။ ယနေ့အထိ ကမ္ဘာပေါ်တွင် အသည်းရောင် ဗိုင်းရပ်စ်ပိုးများ ကူးစက်ခံနေရသူ လူဦးရေ ၃၂၅ သန်းအနက် ၁၀ ရာခိုင်နှုန်းသောသူများဖြစ်သည့် လူဦးရေ ၃၅ သန်းခန့်ကသာ မိမိတို့တွင် အထက်ပါပိုးများ ကူးစက်ခံထားရကြောင်းသိရှိကြပြီး ကျန်သန်း ၂၉၀ ခန့်မှာ မသိရှိကြပါ။ ထို့ကြောင့် ပထမအဆင့်အနေဖြင့် ဖော်ပြပါ သန်း ၂၉၀ သော ရောဂါပိုးကူးစက်ခံထားရသည့် သူများကို အလေးထား ရှာဖွေဖော်ထုတ်ရန် လုံးဝလိုအပ်ပါသည်။

၂၀၁၈ မှ ၂၀၂၀ ပြည့်နှစ်အထိ သုံးနှစ်ဆက်တိုက် ကမ္ဘာ့အသည်းရောင်မဟာမိတ်အဖွဲ့၏ ကမ္ဘာ့အသည်းရောင်ရောဂါနေ့အတွက်ဆောင်ပုဒ်မှာ "Find The Missing Millions" ( အသည်းရောင်ရောဂါကင်းဝေးရေး၊ ဝိုင်းဝန်းရှာဖွေ စစ်ဆေးပေး) ဖြစ်ပါသည်။ အသည်းရောင်အသားဝါဗိုင်းရပ်စ်ပိုး ကူးစက်ခံနေရသည့် သန်းပေါင်းများစွာသောသူများကို ရှာဖွေစစ်ဆေးပေးကြပါရန်ဟု အဓိပ္ပာယ်ရပါသည်။ WHA သည် ၂၀၁၈ မှ ၂၀၂၀ ပြည့်နှစ် ၃ နှစ်အတွင်း NOhep လှုပ်ရှားမှုကြီးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိ ကမ္ဘာပေါ်တွင် ပိုးကူးစက်ခံနေရသည်ကို စမ်းသပ်သိရှိနေပြီးသည့် လူဦးရေ ၃၅ သန်းမှသည် ကျန်စမ်းသပ်စစ်ဆေးရန်လိုအပ်သူ သန်း၂၉၀ အနက်မှ ၂၀၂၀ ပြည့်နှစ်တွင် ၃၀ ရာခိုင်နှုန်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် ၉၀ ရာခိုင်နှုန်းသော လူဦးရေများကို စမ်းသပ်စစ်ဆေး သိရှိနိုင်ရန် ဦးတည်ချက်ထား ဆောင်ရွက်သွားရန် လျာထားပါသည်။ NOhep Global Movement ၏ ရည်မှန်းချက်ပန်းတိုင်မှာ ၂၀၃၀ ပြည့်နှစ်တွင် ရောဂါကူးစက်ခံနေရသူ အားလုံး၏ ၉၀ ရာခိုင်နှုန်းသည် မိမိကိုယ်မိမိ သိရှိဂရုပြုနေထိုင်လာနိုင်စေရန်လည်းကောင်း၊ အသည်းရောင်ရောဂါများ ထပ်မံကူးစက်ခံရခြင်းကို ၉၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်စေရန်လည်းကောင်း၊ ထိရောက်မှန်ကန်သော ဆေးကုသမှုကို ၈၀ ရာခိုင်နှုန်းအထိ ရရှိနိုင်ရန်လည်းကောင်း၊ နောက်ဆက်တွဲ ရောဂါများကြောင့် နှစ်စဉ် သေဆုံးရခြင်းကို ၆၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်စေရန်လည်းကောင်း ဖြစ်ပါသည်။

**မြန်မာနိုင်ငံနှင့် အသည်းရောင်အသားဝါရောဂါ**

မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါရောဂါကို ဖြစ်စေသော ဗိုင်းရပ်စ်ပိုးမှာ ယခုအချိန်အထိ အေ၊ ဘီ၊ စီနှင့် အီးဟူ၍ လေးမျိုးသာ ရှိပါသည်။ မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါရောဂါကို ထိထိရောက်ရောက် တိုက်ဖျက်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် အမျိုးသားအသည်းရောင်အသားဝါရောဂါ ကာကွယ် ထိန်းချုပ်ရေးစီမံချက် (National Hepatitis Control Program-NHCP) ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလကတည်းက စတင်တည်ထောင်ဖွဲ့စည်းကာ ရောဂါကာကွယ်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်း၊ အသိပညာပေးခြင်းနှင့် ကုသခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ နီးနွယ်ဝန်ကြီးဌာနများ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှအစိုးရမဟုတ်သော ကျန်းမာရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါသည်။

**စာမျက်နှာ ၇ သို့** ■

# ကျန်းမာရေးနှင့် မညီညွတ်သော နေထိုင်စားသောက်မှုများကြောင့် ပြည်သူများအား ကျန်းမာရေးအသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိ မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးစီမံကိန်းကို အကောင်အထည်ဖော်ရာ၌ အခြေခံကျန်းမာရေးပညာရှင်များ ပါဝင်စေမည်

**နေပြည်တော် ဇူလိုင် ၂၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ The Defeat-NCD Partnership အဖွဲ့မှ တာဝန်ရှိသူများက မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့် မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လာရောက်ဆွေးနွေးတင်ပြသည်။

ရှေးဦးစွာ The Defeat-NCD Partnership မှ Programme Coordinator for Myanmar ဖြစ်သူ Mr. Bhupinder Tomar က မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲနှင့် ပူးပေါင်းကာ ဆောင်ရွက်မည့် ကုန်ကျစရိတ်များပါ ထည့်သွင်းတွက်ချက်ထားသော မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းစီမံကိန်း (၂၀၂၁-၂၀၂၂) (National Costed Action Plan for Prevention and Control of Non Communicable Diseases 2021-2022) နှင့် ပတ်သက်၍ လုပ်ငန်းစီမံကိန်း ပေါ်ထွက်လာရေးအတွက် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုများ၊ လုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်များ၊ နည်းဗျူဟာများ၊ သဘောတရားရေးရာမူဘောင်၊ လုပ်ငန်းဆောင်ရွက်မည့်ပုံစံ၊ မကူးစက်တတ်သော ရောဂါအမျိုးအစားအလိုက် ရောဂါဖြစ်ပွားနိုင်ခြေရှိ၊ မရှိစစ်ဆေးခြင်းနှင့် ရောဂါကုသမှုပေးခြင်းတို့အတွက် ခန့်မှန်းတွက်ချက်ကုန်ကျစရိတ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် Mr. Bhupinder Tomar နှင့် HelpAge International အဖွဲ့မှ Project Manager ဒေါက်တာကေခိုင်လင်းတို့က The Defeat-NCD Partnership အဖွဲ့နှင့် HelpAge International အဖွဲ့တို့ ပူးပေါင်းရေးဆွဲထားသော World Diabetes Foundation သို့ တင်သွင်းမည့် စီမံကိန်း အဆိုပြုလွှာနှင့်ပတ်သက်၍ စီမံကိန်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းများ၊ မျှော်မှန်းရလဒ်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။



တင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုနှင့် သေဆုံးမှုများပြားသော မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်မှာ အရေးကြီးပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမရှိပါက နောင်ငါးနှစ်တာကာလအတွင်းတွင်ပင် မကူးစက်တတ်သော ရောဂါများ ဖြစ်ပွားမှုသည် ထိန်းချုပ်ရန်ခက်ခဲသော ပြည်သူ့ကျန်းမာရေးပြဿနာကြီး ဖြစ်လာနိုင်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တိုက်နယ်ဆေးရုံ ၁၆ ခု၊ ဒေသန္တရ ကျန်းမာရေးဌာန ၁၄၄ ခု၊ မိခင်ကလေးကျန်းမာရေးဌာန ၂၇၈ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၇၁၅ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၇၃၁၇ ခုနှင့် နယ်စပ်ဆေးပေးခန်း ၁၆ ခုတို့တွင် ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါစစ်ဆေးပြီး ဆေးဝါးများဖြင့် အခမဲ့ကုသမှုပေးသည့်ဆေးခန်းများ အပတ်စဉ်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါဆေးခန်းများ ဖွင့်လှစ်ခြင်းဖြင့် မိမိတို့နိုင်ငံတွင် မကူးစက်တတ်သော ရောဂါများ ဖြစ်ပွားမှုအခြေအနေများကို ပိုမိုသိရှိလာပြီး ဖြစ်ကာ ရောဂါဖြစ်ပွားသူများကိုလည်း စောစီးစွာ ရှာဖွေဖော်ထုတ် ကုသမှုပေးနိုင်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဆိုပါ ဆေးခန်းများကို လာမည့်ဘဏ္ဍာနှစ်တွင် ထပ်မံတိုးချဲ့ဖွင့်လှစ်မည့်အပြင် ဆေးဝါးများကိုလည်း ပိုမိုဝယ်ယူဖြန့်ဖြူးမည်ဖြစ်ကြောင်း၊ မကူးစက်တတ်သော ရောဂါများဖြစ်ပွားရသည့် အဓိကအကြောင်းရင်းများ အနက် ကျန်းမာရေးနှင့် မညီညွတ်သော နေထိုင်စားသောက်မှု ပုံစံများကြောင့် ဖြစ်ပွားမှုပါဝင်သည့်အတွက် ဝန်ကြီးဌာနအနေဖြင့် ပြည်သူများအား ကျန်းမာရေးအသိပညာပေးမှုများကို ဘက်စုံမှ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုတင်ပြလာသော The Defeat-NCD Partnership အဖွဲ့နှင့် ပူးပေါင်းပြုလုပ်မည့် လုပ်ငန်းစီမံကိန်းတွင် အဆိုပါ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ပါဝင်သည်မှာ ကောင်းမွန်ပါကြောင်း၊ လုပ်ငန်းစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းပေါင်း ၄၉ ခုမှ အရေးကြီးဆောင်ရွက်ရမည့် လုပ်ငန်းများကို ဦးစားပေးစနစ်ဖြင့် ရွေးချယ်ကာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးစီမံကိန်းကို ဆက်လက်ရေးဆွဲအကောင်အထည်ဖော်ရာ၌ ဝန်ကြီးဌာနမှ အခြေခံ ကျန်းမာရေးပညာရှင်ဝန်ထမ်းများ ပါဝင်ဆောင်ရွက်စေရမည် ဖြစ်ပါကြောင်း၊ ဤစီမံကိန်းလုပ်ငန်းများကို စတင်ဆောင်ရွက်ရာတွင် စောင့်ကြည့်အကဲဖြတ် ဆန်းစစ်မှုများပြုလုပ်ရန် အဖွဲ့တစ်ဖွဲ့ထားရှိဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (မကူးစက်) ဒေါက်တာကျော်ကံကောင်းတို့က ဖြည့်စွက်ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက ဆွေးနွေးအကြံပြုမှုများ ဆောင်ရွက်ခဲ့သည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ် စာရေးဆရာအသင်း အမှုဆောင်သစ်ရွေးချယ်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်မြောက်ပိုင်းခရိုင်အင်းစိန်မြို့နယ်စာရေးဆရာအသင်း သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ၊ အသင်းဝင် အသင်းသားများ စာပေပြိုင်ပွဲများအတွက် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပွဲနှင့် မြို့နယ်စာရေးဆရာအသင်းအမှုဆောင်ကော်မတီနှင့် ညီလာခံကိုယ်စားလှယ် ရွေးချယ်တင်မြှောက်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။



ထို့နောက် ဗဟိုစာရေးဆရာအသင်း မြောက်ပိုင်းခရိုင် တာဝန်ခံ တွဲဖက်အတွင်းရေးမှူး(၁) ဦးမြတ်ဝေတိုး(မြတ်ဝေတိုး- ပညာရေးတက္ကသိုလ်)က အမှာစကား ပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့်-မှူခင်း)က ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ သက်ကြီးစာပေပညာရှင်ကြီးများအား လက်ဆောင်ပစ္စည်းများနှင့် ကန်တော့ငွေများဖြင့် ပူဇော်ကန်တော့ခဲ့ကြကာ တာဝန်ရှိသူများက အသင်းဝင် အသင်းသားများအား စာပေပြိုင်ပွဲအတွက် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ရွေးချယ်တင်မြှောက်ပွဲကော်မရှင်အဖွဲ့က မြို့နယ်စာရေးဆရာအသင်း တတိယအကြိမ် သက်တမ်းအတွက် အမှုဆောင်ကော်မတီနှင့် ညီလာခံကိုယ်စားလှယ်များကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြရာ ဥက္ကဋ္ဌ ဦးမောင်မောင်ဇင်၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးနိုင်(လှမိုးနိုင်)၊ အတွင်းရေးမှူး ဦးတင်ဌေးအောင် (ရန်မိုးအောင်-အင်းစိန်)၊ တွဲဖက်အတွင်းရေးမှူး ဦးတင်ဝင်း (ဝင်းနွယ်ပုသိမ်)၊ ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်သိန်း (တက္ကသိုလ်မြမဥ္ဇူ)၊ စာရင်းစစ် ဦးသစ်လွင် (အရာခံဗိုလ်သစ်လွင်)နှင့် အမှုဆောင်ကော်မတီဝင်များအဖြစ် ဦးဇော်ဇော်မင်း (ထူးအောင်လှိုင်)၊ ဦးတော်မြင့်(တော်မြင့်-ငှက်ဖျား)၊ မောင်မောင်ကြီး (လှိုင်နယ်မြေ)တို့ကို လည်းကောင်း၊ ညီလာခံကိုယ်စားလှယ်အဖြစ် ဒုဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကိုလည်းကောင်း ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



# ညောင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိရန် ၅ စင်တီမီတာသာလို

**ညောင်ဦး ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ နံနက် ၁၁ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ၂၁၁၅ စင်တီမီတာသို့ ရောက်ရှိနေပြီး ညောင်ဦးမြို့နယ်၏ စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာသို့ နီးကပ်နေကာ ၅ စင်တီမီတာသာလိုတော့ကြောင်း ညောင်ဦးမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ကိုထိန်(ပြန်/ဆက်)**

■ စာမျက်နှာ ၆ မှ

NHCP ၏ မျှော်မှန်းချက် (Vision) မှာ "အသည်းရောင်ရောဂါရှိနေသူများအား အန္တရာယ်ကင်း၍ ထိရောက်သော ကုသမှုများကို လက်လှမ်းမီရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ရောဂါကူးစက်မှုကို ရပ်တန့်အောင်ပြုလုပ်ကာ ဗိုင်းရပ်စ်ပိုးအသည်းရောဂါများမှ လုံးဝကင်းစင်စေရန်" ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ရည်မှန်းချက် ပြည့်မီနိုင်ရေးအတွက် အမျိုးသား အသည်းရောင်အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေး စီမံချက်သည် ၂၀၁၆-၂၀၂၀ ခုနှစ်အတွင်း အောက်ပါ မဟာဗျူဟာ (၄) ရပ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

(၁) အသည်းရောင် အသားဝါဗိုင်းရပ်စ် ရောဂါပိုးများ ကူးစက်ပြန့်ပွားခြင်းမရှိအောင် ကာကွယ်ခြင်း၊

(၂) ရောဂါစမ်းသပ် စစ်ဆေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကုသမှုခံယူစေခြင်း၊

(၃) ရောဂါကုသရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်အောင် ဆောင်ရွက်ခြင်း၊

(၄) အသည်းရောင် အသားဝါရောဂါ ဖြစ်ပွားမှုကို စောင့်ကြည့်လေ့လာခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရောဂါတိုက်ဖျက်ရေးလုပ်ငန်း နည်းဗျူဟာများ ချမှတ်အကောင်အထည်ဖော်ခြင်းတို့ ဖြစ်ပါသည်။

ပြည်သူလူထုကလည်း မိမိကိုယ်မိမိ အသည်းရောင် အသားဝါရောဂါကူးစက်ခံရခြင်းမှကာကွယ်ရန် အဓိကအချက် (၆) ချက်ဖြစ်သော အသည်းရောင်အသားဝါဘီရောဂါ ကာကွယ်ဆေးထိုးရန် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ဝန်ထမ်းများနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ ဆေးထိုးအပ်၊ မုတ်ဆိတ်ရိတ်ဓားနှင့်သွားပွတ်တံများအတူမျှဝေ သုံးစွဲခြင်းမှ လုံးဝရှောင်ကြဉ်ခြင်း၊ ဘီပိုးရှိသော ကိုယ်ဝန်ဆောင် မိခင်များသည် မိမိ၏ မွေးဖွားလာမည့်ရင်သွေးကို ကူးစက်ခြင်းမှ ကာကွယ်နိုင်ရန် သက်ဆိုင်ရာဆရာဝန်နှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ ဆေးမှင်ကြောင်ထိုးခြင်း/နားဖောက်ခြင်းတို့ပြုလုပ်ရာတွင် ပိုးသတ်သန့်စင်ထားသော ကိရိယာများကိုသာ အသုံးပြုခြင်း၊ လိင်ဆက်ဆံဖော်များသူတို့အနေဖြင့် ကွန်ဒုံးကို စနစ်တကျ အမြဲအသုံးပြုခြင်းနှင့် ဆေးကုသမှုခံယူတိုင်း(ဖြစ်နိုင်လျှင်) သောက်ဆေးကိုသာ အသုံးပြုရန်နှင့် ဆေးထိုးခြင်းကို ရှောင်ကြဉ်ခြင်းတို့ကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့အပြင် ကူးစက်မှုအန္တရာယ်များသောသူများဖြစ်သည့် ပိုးသတ်သန့်စင်ထားမှုမရှိသော ဆေးထိုးအပ်/ကိရိယာများဖြင့် မကြာခဏဆေးကုသမှုနှင့် သွား/ခံတွင်းကုသမှုခံယူနေသူများ၊ အသည်းရောင်အသားဝါရောဂါပိုး စစ်ဆေးထားခြင်းမရှိသည့်သွေးဖြင့် သွေးသွင်းကုသမှုခံယူထားသူများ၊ အသည်းရောင်အသားဝါရောဂါပိုးရှိသော မိခင်မှ မွေးဖွားလာသူများ၊ ဆေးဝါးများကို အမြဲတမ်းဆေးထိုးခြင်းဖြင့် ကုသမှု ခံယူနေရသူများနှင့် အသက် (၄၅) နှင့် (၆၀) အကြား ရှိသူများသည် မိမိကိုယ်မိမိ အသည်းရောင်အသားဝါပိုးများ ရှိ/မရှိ စစ်ဆေးမှုများကို မဖြစ်မနေခံယူသင့်ပါသည်။

**တိုက်တွန်းနှိုးဆော်ချက်**

ယခုအချိန်ကာလတွင် အသည်းရောင်အသားဝါရောဂါသည် တစ်ကမ္ဘာလုံးတွင် ကူးစက်ပြန့်ပွားဆဲရှိနေပါသည်။ WHO ၏ ၂၀၁၆ ခုနှစ်တွင် ရည်မှန်းချက်နှင့် ယခုနှစ် ၂၀၂၀ ကမ္ဘာ့အသည်းရောင်ရောဂါနေ့တွင် ဆောင်ပုဒ်တို့ကိုလည်းကောင်း၊ WHA မှ ယခုနှစ် ၂၀၂၀ ကမ္ဘာ့အသည်းရောင်ရောဂါနေ့အတွက် သတ်မှတ်ထားသော ဆောင်ပုဒ်တို့ကိုလည်းကောင်း ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ပြည်သူများနှင့်အတူ မြန်မာပြည်သူများကလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါရန်နှင့် ပြည်သူလူထုအနေဖြင့် အသည်းရောင်အသားဝါ ဘီ/ စီ ပိုးများ ရှိ/မရှိ မိမိကိုယ်မိမိ မသိရှိရသေးပါကလည်း စမ်းသပ်စစ်ဆေးမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ သို့မှသာလျှင် မဝေးတော့သည့် အနာဂတ်ကာလတွင် အသည်းရောင်အသားဝါရောဂါ ကင်းစင်သော မြန်မာနိုင်ငံကြီး ပေါ်ထွန်းလာနိုင်မည်ဖြစ်ပါကြောင်း တင်ပြရင်း ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့အသည်းရောင်ရောဂါနေ့အား ဂုဏ်ပြုလိုက်ရပါသည်။ ။

# COVID-19 သက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေးလုပ်ငန်းများအား COVID-19 Fund မှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ Coronavirus Disease 2019 (COVID–19)ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေး အမှတ်စဉ် ၆/၂၀၂၀ ၏ ဆုံးဖြတ်ချက်အရ COVID–19 ကြောင့် ထိခိုက်မှုရှိနေသည့် စီးပွားရေးလုပ်ငန်းများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီ ဆက်လက်ပေးအပ်နိုင်ရေးအတွက် နိုင်ငံတော်မှ COVID–19 Fund သို့ ကျပ် ၁၀၀ ဘီလီယံ ထပ်မံဖြည့်တင်းပေးမည်ဖြစ်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ကြေညာချက်အမှတ် ၂/၂၀၂၀ ကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ လျာထားသည့် ရန်ပုံငွေအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများ၊ ပြည်ပပို့ကုန်ထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊ သွင်းကုန်အစားထိုး ပစ္စည်းထုတ်လုပ်သည့်ကုန်ထုတ်လုပ်ငန်းများ၊ ပြည်တွင်းထုတ်လုပ်မှုမှ ပြည်ပတင်ပို့သည်အထိ ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက် ပါဝင်ဆောင်ရွက်သည့် လုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများသို့ ချေးငွေထုတ်ပေးရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ အဆိုပါ ချေးငွေကို အထက်အပိုဒ် ၂ တွင် အကျုံးဝင်သည့် စီးပွားရေးလုပ်ငန်းများသို့ အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလ တစ်နှစ်သတ်မှတ်၍ ချေးငွေထုတ်ပေးသွားမည် ဖြစ်ပါသည်။

၄။ သို့ပါ၍ အထက်ပါ လုပ်ငန်းအမျိုးအစားများအနက် အောက်ပါအချက်များနှင့် အကျုံးဝင်ကိုက်ညီသော စီးပွားရေးလုပ်ငန်းများအနေဖြင့် ချေးငွေရယူနိုင်ရေးလျှောက်ထားနိုင်ပါသည် –

(က) COVID–19 ကြောင့် အမှန်တကယ်ထိခိုက်မှုရှိနေသော နိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းဖြစ်ရမည်။

( ခ ) လက်ရှိ လည်ပတ်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ရမည် သို့မဟုတ် ယခု ကြေညာချက်ထုတ်ပြန်သည့် နေ့မတိုင်မီ ယခင် ၅ လအတွင်းက ယာယီရပ်စဲထားသော်လည်း ချေးငွေရရှိပါက ချက်ချင်းပြန်လည်စတင်နိုင်သည့် လုပ်ငန်းဖြစ်ရမည်။

( ဂ ) ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်နေ့မတိုင်မီက သက်ဆိုင်ရာဌာနမှ ခွင့်ပြုချက်/ လုပ်ငန်းလိုင်စင်ရထားပြီးဖြစ်သည့် လုပ်ငန်းဖြစ်ရမည်။

(ဃ) လွန်ခဲ့သည့် ၂ နှစ်တာကာလအတွင်း နှစ်စဉ်ဝင်ငွေရရှိနေသော လုပ်ငန်းဖြစ်ရမည်။

( င ) ချေးငွေအား ပြန်လည်ပေးဆပ်နိုင်မည့် ခိုင်လုံသော အခြေအနေရှိသောလုပ်ငန်းဖြစ်ရမည်။

( စ ) ချေးငွေအား ဝန်ထမ်းနှင့် လုပ်သားများ လစာပေးချေရန်နှင့် လက်ရှိလုပ်ငန်းလည်ပတ်ရန်ကိစ္စအတွက်သာ အသုံးပြုမည့် ကုမ္ပဏီဖြစ်ရမည်။

(ဆ) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်ရုံးက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်းခံရသည့် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသည့် ကုမ္ပဏီမဖြစ်စေရ။ ကုမ္ပဏီမဟုတ်သော စီးပွားရေးလုပ်ငန်းဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန/ အဖွဲ့အစည်းက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်းခံရသည့် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသည့် စီးပွားရေးလုပ်ငန်း မဖြစ်စေရ။

( ဇ ) ဝင်ငွေခွန်/ ကုန်သွယ်ခွန်/ အထူးကုန်စည်ခွန် ပေးဆောင်ထားသည့် ကုမ္ပဏီ ဖြစ်ရမည်။

( ဈ ) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့၊ ကုမ္ပဏီမဟုတ်ပါက ချေးငွေရယူသည့် လုပ်ငန်းပိုင်ရှင်မှ ချေးငွေအား ပြန်လည်ပေးဆပ်ရန် အာမခံချက်ပေးနိုင်ရမည်။

(ည) ဘဏ်တစ်ခုခုမှ ချေးငွေရယူထားပြီးနောက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိသည့် လုပ်ငန်းများ၊ ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှုကြောင့် ဘဏ်တစ်ခုခုက တရားစွဲဆိုခြင်းခံထားရသည့် လုပ်ငန်းများ မဖြစ်စေရ။

( ဋ ) COVID–19 Fund မှ ထုတ်ပေးသည့် ချေးငွေကို ယခင်က ရယူထားပြီးဖြစ်သည့် လုပ်ငန်းမဖြစ်စေရ။

( ဌ ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းများက လျှောက်ထားရာတွင် အောက်ပါအချက်များနှင့် ကိုက်ညီရမည် –

(၁) မိသားစု တစ်ပိုင်တစ်နိုင်/ ဝမ်းစာအတွက်မဟုတ်ဘဲ စီးပွားဖြစ် ဆောင်ရွက်နေသော လုပ်ငန်းများဖြစ်ရမည်။

(၂) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရယူထားသည့် လုပ်ငန်းမဖြစ်စေရ။

(၃) အဆိုပါ စီးပွားရေးလုပ်ငန်း အမှန်တကယ်လုပ်ဆောင်နေကြောင်း သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် တင်ပြနိုင်သူ ဖြစ်ရမည်။

၅။ ချေးငွေများ ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်မည်ဖြစ်သည်။ ထို့အပြင် ချေးငွေရယူထားသည့် လုပ်ငန်းများအနေဖြင့် ချေးငွေပေးဆပ်မှုပျက်ကွက်ပါက Credit Bureau တွင် Negative List အဖြစ် ထည့်သွင်းခံရမည်ဖြစ်ပြီး ဘဏ်၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်း၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းတို့မှ ချေးငွေရယူနိုင်ခြင်း မရှိစေရန် စီစဉ်သွားမည်။

၆။ ချေးငွေများကို သတ်မှတ်ထားသည့် ချေးငွေအတွက် အဆိုပြုလျှောက်လွှာပုံစံများဖြင့် လျှောက်ထားရမည်ဖြစ်ပြီး အဆိုပြုလျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရန်ဖော်ပြထားသည့် စာရွက်စာတမ်းအချက်အလက်များ ပြည့်စုံစွာ ဖော်ပြရမည်ဖြစ်ပါသည်။ သတ်မှတ်ချက်များနှင့် ပြည့်စုံကိုက်ညီခြင်းမရှိသည့် လျှောက်လွှာများကို လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါ။

၇။ လျှောက်လွှာများကိုအောက်ပါရုံး၊ ဌာနများတွင် ရယူနိုင်ပါသည် –

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ရန်ကုန်မြို့။

( ခ ) တိုင်းဒေသကြီးနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းရုံးများ။

( ဂ ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ရုံးများ။

(ဃ) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ရုံးများ။

၈။ လျှောက်လွှာများကိုအောက်ဖော်ပြပါ website များမှလည်း ထုတ်ယူနိုင်ပါသည် –

(က) www.mifer.gov.mm။

( ခ ) www.msme.gov.mm။

( ဂ ) www.dica.gov.mm။

(ဃ) www.umfcci.com.mm။

၉။ လျှောက်လွှာများကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၂၉ ရက်နေ့မှ ဩဂုတ်လ ၁၀ ရက်နေ့အတွင်း နေ့စဉ် ၀၉:၃၀ နာရီမှ ၁၆:၃၀ နာရီအထိ အောက်ပါနေရာများ၌ လက်ခံသွားမည်ဖြစ်ပါသည် –

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။

( ခ ) တိုင်းဒေသကြီးနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်း ရုံးများ။

၁၀။ အွန်လိုင်းမှ လျှောက်ထားလိုသူများအနေဖြင့် https://umfcci covid19loan.mitcloud.com သို့ ဝင်ရောက်၍ လျှောက်ထားနိုင်ပါသည်။

၁၁။ လျှောက်လွှာလက်ခံရန် နောက်ဆုံးသတ်မှတ်ရက်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၀ ရက်နေ့ထက် ကျော်လွန် တင်ပြလာသည့် လျှောက်လွှာများအား လက်ခံဆောင်ရွက်ခြင်းပြုမည် မဟုတ်ပါ။

၁၂။ ချေးငွေလျှောက်ထားခြင်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုသည့် အချက်များရှိပါက အောက်ဖော်ပြပါရုံး၊ ဌာနနှင့်ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်။ | ၀၁ – ၂၃၁၄၃၄၃<br>၀၉၄၅၀၂၀၀၁၇၀ |
| ( ခ ) | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန။ | ၀၁ – ၆၅၈၁၂၂<br>၀၁ – ၆၅၈၁၃၁ |
| (ဂ ) | စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန။ | ၀၉၅၁၅၃၉၄၆ |

၁၃။ COVID–19 ကြောင့်ထိခိုက်မှုရှိနေသည့် အပိုဒ် ၂ ပါ ကဏ္ဍများမှ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ချေးငွေလျှောက်ထားနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19)ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကျောက်တံခါးမြို့နယ်၌ လေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ကျောက်တံခါး ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ရှိ ငွေးကုန်းကျေးရွာအုပ်စု၊ မြို့ချောင်းကျေးရွာအုပ်စု၊ ဝိုင်းကြီးကျေးရွာအုပ်စု၊ ဆီဆုံကုန်းကျေးရွာအုပ်စုနှင့် ကင်းကျေးရွာအုပ်စုတို့တွင် ယမန်နေ့က မိုးသည်းထန်စွာရွာခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့ကြောင့် နေအိမ်များ၊ စာသင်ကျောင်းအချို့နှင့် ဘုန်းကြီးကျောင်းအချို့တို့ ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဘေးသင့်ပြည်သူများကို အားပေးထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒညင်းကုန်းကျေးရွာအတွင်း နေအိမ်များ ထိခိုက်ပြိုလဲနေမှုကို လိုက်လံကြည့်ရှုကြပြီး ကျားချောင်းကျေးရွာ ဓမ္မပီတိဝိဟာရကျောင်းတိုက်နှင့် ဒညင်းကုန်းကျေးရွာ ဒညင်းကုန်းကျောင်းတိုက်တို့တွင် ဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကြောင့် မိမိတို့နိုင်ငံတွင်လည်း သဘာဝဘေးဒဏ်များကို မမျှော်လင့်ဘဲ ကြုံတွေ့ခံစားရပါကြောင်း၊ မိမိတို့အနေဖြင့် ယမန်နေ့က တိုက်ခတ်ခဲ့သော လေဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများအတွက် ဘေးသင့်ပြည်သူများအား လာရောက်အားပေးထောက်ပံ့ခြင်းဖြစ်ကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ် အစိုးရသစ်စတက်ကတည်းက ဘေးသင့်ပြည်သူများအား အလျင်အမြန်ထောက်ပံ့ခြင်း၊ ထောက်ပံ့မှုပမာဏတိုးမြှင့်ခြင်း၊ အလေအလွင့်မရှိအောင် ကြပ်မတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြောင်းလဲမှုများကို ပြည်သူများ ခံစားနေရပြီဖြစ်သော်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း၊ ပြည်သူများအတွက် ဆောင်ရွက်မှုတိုင်းတွင် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုသည်သာ အဓိကဖြစ်၍ ပြည်သူများ ဆက်လက်ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် အိမ်ခြေ ၆၁ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးများ၊ လူဦးရေ ၂၅၈ ဦးအတွက် ဆန်ရိက္ခာဖိုးငွေစုစုပေါင်းထောက်ပံ့ငွေကျပ် ၃၃၀၇၈၀၀ နှင့် ပစ္စည်း ၁၆ မျိုးပါ ကယ်ဆယ်ရေးပုံးများကို ဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# Cash For Work စီမံကိန်းနှင့် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း တာဝန်ပေးအပ်ပွဲ ကျင်းပ

**လဲချား ဇူလိုင် ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ်တွင် Cash For Work စီမံကိန်းနှင့် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ရှင်းလင်းပြောကြား

ရှေးဦးစွာ အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းစန္ဒာဝင်းက ကိုဗစ်–၁၉ ရောဂါ ကာလစီးပွားရေးကုစားမှုအစီအစဉ်ဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများအား ဖြေလျှော့ပေးနိုင်ရန် Cash For Work စီမံကိန်းနှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ Cash For Work စီမံကိန်းနှင့် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းတွင်ပါဝင်သည့် ငွေကျပ်သိန်း ၃၀၀ နှစ်ရွာ၊ ငွေကျပ်သိန်း ၂၀၀ နှစ်ရွာနှင့် ငွေကျပ်သိန်း ၁၀၀ လေးရွာတို့အား တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **လွှမ်းသူနောင် (ပြန်/ဆက်)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၈ / ၂၀၂၀**
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ရွာသာကျေးရွာနေ ထွန်းဝေသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၇-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ရွာသာကျေးရွာနေ ထွန်းဝေ(၄၈)နှစ်၊(ဘ)ဦးထွန်းကြိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်)မယ(ပ) ၁၃၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ အောင်းပင်ကျေးရွာနေ မောင်ရင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၇-၂၀၂၀ ရက်နေ့တွင် ဝန်းသိုမြို့နယ်၊ အောင်းပင်ကျေးရွာနေ မောင်ရင်(၃၅)နှစ် ၊(ဘ)ဦးကျော်မြ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ထွက်ပြေးတိမ်းရှောင်နေပြီး နေအိမ်အိပ်ခန်းအတွင်းမှ WY/MY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မမစ(ဝန်းသို) မယ(ပ) ၈၄/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၉ (က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ပျဉ်းစုကျေးရွာနေ မြင့်ထွေးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၇-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ပျဉ်းစုကျေးရွာနေ မြင့်ထွေး(၄၂)နှစ်၊ (ဘ)ဦးမောင်ကြီး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ထီးချိုင့်) မယ(ပ) ၉၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ နန်းပေါင်းကျေးရွာနေ အောင်လွင်ဌေးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၇-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ နန်းပေါင်းကျေးရွာ၊ ရွာလမ်းမပေါ်၌ ၎င်းကျေးရွာနေ အောင်လွင်ဌေး (၄၂)နှစ်၊ (ဘ)ဦးစီအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်) မယ(ပ) ၉၅/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ပေါက်ကုန်းကျေးရွာနေ မဝင်းယဉ်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၇-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ပေါက်ကုန်းကျေးရွာနေ မဝင်းယဉ်(၃၀)နှစ်၊ (ဘ)ဦးသန်းရွှေ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ(ပ) ၁၃၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ဘုရားတစ်ဆူကျေးရွာနေ ထိန်လင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၇-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ဘုရားတစ်ဆူကျေးရွာနေ ထိန်လင်း(၄၂)နှစ်၊ (ဘ)ဦးလှရှိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ အေးမောင် (၅၅)နှစ်၊ (ဘ)ဦးမောင်သိန်း၊ သန်းဝင်း(၄၇)နှစ်၊ (ဘ) ဦးဘသောင်း၊ အောင်စိန်(၄၈)နှစ်၊ (ဘ)ဦးမောင်အောင်နှင့် သန်းရွှေ(၃၄)နှစ်၊ (ဘ) ဦးထွန်းလှတို့(၅)ဦးအား တွေ့ရှိပြီး ရှာဖွေနေစဉ် ထိန်လင်း၊ အေးမောင်၊ အောင်စိန်နှင့် သန်းရွှေတို့(၄)ဦးမှ ဖမ်းဆီးရေးအဖွဲ့အား ဓားဖြင့် ပြန်လည်ခုခံတိုက်ခိုက်သဖြင့် ပြန်လည်လုံးထွေး ဖမ်းဆီးခဲ့ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၅)ဦးအား မမစ(ဖောင်းပြင်) မယ(ပ) ၁၃၇/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁/၂၂(ခ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ တပ်ကုန်းကျေးရွာနေ သန်းအောင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၇-၂၀၂၀ ရက်နေ့တွင် ဝန်းသိုမြို့နယ်၊ တပ်ကုန်းကျေးရွာနေ သန်းအောင်(၄၇)နှစ်၊ (ဘ)ဦးသာထွန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဝန်းသို)မယ(ပ)၈၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ ပန်းတောကျေးရွာနေ ပန်ကာသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၇-၂၀၂၀ ရက်နေ့တွင် ဗန်းမောက်မြို့နယ်၊ ပန်းတောကျေးရွာနေ ပန်ကာ(ခ)စိုးမင်းထက်(၂၁)နှစ်၊ (ဘ)ဦးတင်ဦး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဗန်းမောက်) မယ(ပ)၈၆/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ သီရိမြိုင်ကျေးရွာနေ မိဌေးဝင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၇-၂၀၂၀ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ ထောင်ခမတ်ကျေးရွာနေ ကျော်သူစိုး(၂၉)နှစ်၊ (ဘ)ဦးစိုးစိုးဦး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဘုတ်ပြင်း) မယ (ပ)၁၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပြီး စစ်ဆေးဖော်ထုတ်ချက်အရ သီရိမြိုင်ကျေးရွာနေ ဒေါ်ဌေးဝင်း(ခ)မိဌေးဝင်း(၄၈)နှစ်၊ (ဘ)ဦးသန်းမြင့်၏နေအိမ်အား ဆက်လက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဘုတ်ပြင်း) မယ(ပ) ၁၈/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာအတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၇)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၇)ဦး၊ မ(၃)ဦး၊ ပေါင်း(၁၀)ဦးတို့အား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁၆-၇-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာနေ ဇော်လင်းထွန်း(၃၉)နှစ်၊ (ဘ) ဦးမောင်မြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တကောင်း) မယ (ပ) ၁၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျောက်တန်း ရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူး ရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၅)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၄)ဦး၊ မ(၂)ဦး၊ ပေါင်း(၆)ဦးတို့အား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါ သည်။<br>၁၉-၇-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ မော်လမြိုင်မြို့၊ ကျောက်တန်းရပ်ကွက်၊ (၈) လမ်းထိပ်၌ သီရိမြိုင်ရပ်ကွက်နေ ကျော်မောင်မောင် (ခ) အသေးလေး(၂၀)နှစ်၊(ဘ)ဦးတင့်လွင်နှင့် မုပွန်ရပ်ကွက်နေ သက်မှူးသာ(ခ)စုတ်ချွန်း(၂၀)နှစ်၊ (ဘ)ဦးကံသာဦးတို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မုပွန်) မယ(ပ) ၄၆/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာက ဆစ်ရပ်ကွက်နေ ဟန်ဝင်းဇော်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၇-၂၀၂၀ ရက်နေ့တွင် ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်နေ ဟန်ဝင်းဇော်(၁၉)နှစ်၊ (ဘ)ဦးဇော်မင်းဌေး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မနင်းပွင့်(၂၃)နှစ်၊ (ဘ)ဦးအေးဟန်၊ တပင်ရွှေထီး ရပ်ကွက်နေ ပေါစိန်(၅၅)နှစ်၊ (ဘ)ဦးဖိုးခနဲ့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၅၁) ရပ်ကွက်နေ နိုင်မျိုး(၃၈)နှစ်၊ (ဘ) ဦးတင်သန်းတို့(၄)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒလ) မယ(ပ)၂၇/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ ဒေါ်သန်းသန်းထွေးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၇-၂၀၂၀ ရက်နေ့တွင် ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၂) ရပ်ကွက်နေ ဒေါ်သန်းသန်းထွေး(၅၂)နှစ်၊ (ဘ) ဦးသက်ရှည်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ သမီးဖြစ်သူ မသိမ့်သိမ့်သူ(၂၉)နှစ်၊ (ဘ)ဦးတင်မောင်ထွေးတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဗိုလ်တထောင်) မယ(ပ)၂၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ (၉၄)ရပ်ကွက်နေ ဝေယံထွန်းသည် မူးယစ်ဆေးဝါးများသုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၇-၂၀၂၀ ရက်နေ့တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၃)ရပ်ကွက်၊ ရွှေလီလမ်းပေါ်၌ ၎င်းမြို့နယ်၊ (၉၄) ရပ်ကွက်နေ ဝေယံထွန်း(ခ)တူးတူး(ခ)ဂျပန်ကြီး(၂၈)နှစ်၊ (ဘ)ဦးရဲအောင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံဆိပ်ကမ်း) မယ (ပ) ၃၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၅ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ (၁)ရပ်ကွက်နေ ဝင်းဆန်းထွန်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၇-၂၀၂၀ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ယမုံနာ(၁) ရပ်ကွက်နေ ဝင်းဆန်းထွန်း(ခ)အဲဗား(၂၅)နှစ်၊ (ဘ) ဦးသိန်းဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ယမုံနာ(၂)ရပ်ကွက်နေ နိုင်အောင်(၃၆)နှစ်၊ (ဘ) ဦးရဲမြင့်တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒေါပုံ) မယ(ပ) ၁၉/၂၀၂၀၊ မူးစိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၆ | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်နေ အောင်ကျော်လင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၇-၂၀၂၀ ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ စာဂ(၁၇)လမ်းထိပ်၌ ၎င်းရပ်ကွက်နေ ဂျိုင်း(ခ) အောင်ကျော်လင်း(၂၉)နှစ်၊ (ဘ)ဦးကျော်ဝင်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ဥက္ကလာပ) မယ(ပ) ၃၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၇ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၅)အတွင်း မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၅)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၁၈)ဦး၊ မ(၂)ဦး ပေါင်း(၂၀)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၁-၇-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ လားရှိုးမြို့၊ ရပ်ကွက်(၅)၊ ရေကန်အနီးလမ်းမပေါ်၌ ၎င်းရပ်ကွက်နေ မအားပိုင်(၃၉)နှစ်၊ (ဘ) ဦးမုန်ရာနှင့် ရပ်ကွက်(၉)နေ အောင်ချစ်ဦး(၂၄)နှစ်၊ (ဘ) ဦးညွန့်မောင်တို့(၂)ဦးအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး)မယ(ပ) ၁၃၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့်လည်းကောင်း၊ အလားတူ ၂၃-၇-၂၀၂၀ ရက်နေ့တွင် ၎င်းရပ်ကွက်နေ မခင်ဝေဝေ(၅၁)နှစ်၊ (ဘ) ဦးချစ်မောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများအား လားရှိုးမြို့နယ်၊ ပိန်းဂန်း (တရုတ်) ကျေးရွာနေ ဒေါ်ကျိုန်ချွင်းရီ (၅၂)နှစ်၊ (ဘ) ဦးကျိုန်ခင်ကောင်းထံမှ ဝယ်ယူရရှိခဲ့ကြောင်း စိစစ်သိရှိရသဖြင့် ၎င်းတို့(၂)ဦးအား မမစ(လားရှိုး) မယ(ပ) ၁၃၅/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး ဆက်လက်၍ ဒေါ်ကျိုန်ချွင်းရီ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး) မယ(ပ) ၁၃၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားရှိပါသည်။ |

စာမျက်နှာ ၁၀ သို့ ★

# မဂ္ဂင်ရှစ်ဖြာသာသနာနှင့် ထူးမြတ်သည့် လဝါဆို

## ရွှေတိုင်လွင်

မြန်မာနှစ်၏စတုတ္ထမြောက်လသည် ဝါဆိုလပင် ဖြစ်ပေသည်။ ရာသီခွင်မှာ ကရကဋ်ရာသီသို့ သက်ဆင်းလျက်ရှိပြီး ရာသီပန်းများဖြစ်သည့် မြတ်လေး၊ ခတ္တာပန်းတို့မှာ သင်းပျံ့ကြိုင်လှိုင်လျက် ဝေဆာစွာပွင့်လန်း နေပါပေသည်။ ရာသီပန်းနှင့်အပြိုင် မိတ်ဖက်ပန်းများဖြစ်သော ပုန်းညက်ပန်း၊ သရဖီပန်း၊ ဝါဆိုပန်းတို့ကလည်း ပွင့်လန်းနေသည်မှာ ကြည်နူးဖွယ်လပင် ဖြစ်လေသည်။ ဤလတွင် ပွဲတော်တစ်ရပ်အနေဖြင့် ဝါဆိုသည့်ပွဲတော်ကို ဗုဒ္ဓဘာသာနွယ်ဝင်သူတို့ (ပဉ္စင်းခံ) ရဟန်းခံရှင်ပြုပွဲ ဝါဆိုပွဲကို ကျင်းပပူဇော်လေ့ရှိပါပေသည်။

**ဝါဆိုလပြည့်နေ့**

မြန်မာလူမျိုး ဗုဒ္ဓဘာသာနွယ်ဝင်တို့သည် ဗုဒ္ဓဂေါတမမြတ်စွာဘုရားရှင်၏ ဖြစ်စဉ်တော်၌ ဝါဆိုလပြည့်နေ့သည် မိခင်ဖြစ်သူ မယ်တော်မာယာ၏ ဝမ်းကြာတိုက်မှ ပဋိသန္ဓေယူတော်မူသောနေ့ဖြစ်ခြင်း၊ ဘုရားအလောင်းတော်သိဒ္ဓတ္ထ အနော်မာသောင်တွင် တောထွက်တော်မူသောနေ့ဖြစ်ခြင်း၊ သုံးလောကတွင် ပထမဦးဆုံးတရားတော်ဖြစ်သော ဓမ္မစကြာဒေသနာကို ပဉ္စဝဂ္ဂီငါးပါးဖြစ်သည့် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိတည်းဟူသော မထေရ်ကြီးငါးပါးတို့အား ဟောကြားသွန်သင် ဆုံးမသောနေ့ဖြစ်ခြင်းတို့ကြောင့် ဝါဆိုလပြည့်နေ့သည် ထူးမြတ်ပါပေသည်ဟု ဆိုရပါပေမည်။

ဂေါတမမြတ်စွာဘုရားသည် ဝါဆိုလပြည့်နေ့ ညနေချမ်းချိန်ခါတွင် နေဝင်ရိုးရီ နေလုံးကြီးဝင်စအချိန်၊ ပြည့်ဝင်းသော လပြည့်ဝန်းကြီးကလည်း ထွက်စပြုလာသောအချိန် လူသားစင်စစ်ဖြစ်သော ပဉ္စဝဂ္ဂီငါးပါးတို့အား အမှူးပြုလျက် စကြဝဠာတိုက်တစ်သောင်းမှ ကြွရောက်လာကြသော နတ်ဗြဟ္မာအပေါင်းတို့အား သစ္စာလေးပါးတရားတော်တည်းဟူသော ဓမ္မစကြာဒေသနာတော်မြတ်ကြီးကို ထူးခြားသော ဝိသေသတို့ဖြင့် ဟောကြားသွန်သင်တော်မူခဲ့ရာ ထိုပဉ္စဝဂ္ဂီငါးပါးတို့သည် တရားတော်အဆုံး၌ ရဟန္တာကြီးများဖြစ်ခဲ့ကြသလို နတ်၊ ဗြဟ္မာအပေါင်းတို့လည်း ကုဋေတစ်သိန်းကျွတ်တမ်းဝင်ကြကုန်ကြောင်း ဗုဒ္ဓဝင်၌ လေ့လာမှတ်သားရပါလေသည်။




**သစ္စာလေးပါး တရားတော်**

ဤဓမ္မစကြာတရားတော်ကို ဖော်ထုတ်ညွှန်းပြရန်မှာ အလွန်မှကျယ်ပြန့်သောတရားတော်ဖြစ်ပေသည်။ သိမှတ်နိုင်ရန် အကျဉ်းမျှကိုသာ ကောက်နုတ်တင်ပြရပါပေသည်။ သစ္စာလေးပါး အဓိကတရားတော်ပင် ဖြစ်ပေ၏။ အယုတ်တရားနှင့် အမြတ်တရားတို့ကို သေချာပိုင်းခြားစိတ်ဖြာဆုံးမထားသော တရားတော်ဖြစ်ပေသည်။ အယုတ်တရားဆိုသည်မှာ ကာမသုခလ္လိကာနုယောဂေါ= ကိုယ်ကာယအကျိုးကို မျှော်ကိုးပြီးပြုဆောင်ခြင်းနှင့် အတ္တကိလမထာနုယောဂေါ= မိမိ၏ကိုယ်ကာယကို ညှဉ်းပန်းနှိပ်စက်ဘိသကဲ့သို့ ပြုဆောင်ခြင်းတို့အား အယုတ်တရားများဖြစ်သည်ကို ခွဲခြားဖော်ထုတ်ဟောပြထားပါလေသည်။

**မဂ္ဂင်ရှစ်ဖြာသာသနာတော်ကို အထူးသဖြင့် ပွားများကျင့်ကြံကြစေရန်နှင့် အမြတ်တရားတည်းဟူသော သစ္စာလေးပါးတရားတော် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတည်းဟူသော လေးပါးသော အမြတ်တရားတော်ကို အဆက်မပြတ် ဟောကြားပြီးဆုံးခဲ့သောနေ့မှာလည်း ဤဝါဆိုလပြည့်နေ့ပင်ဖြစ် . . .**

ထို့ပြင် အမှန်ကို ရှုမြင်ကြစေရန် လူသားဘဝနေထိုင်ကျင့်သုံးရာတွင် အထူးအရေးကြီးသည့် မဂ္ဂင်ရှစ်ပါးသာသနာတော်ဖြစ်တည်ကြောင်းကို ဤဒေသနာအတွင်း ချားရဟတ်ပမာလှည့်လည်ဟောကြားရာတွင် သမ္မာဒိဋ္ဌိ= ကောင်းမွန်မှန်ကန်သော အယူကိုခံယူခြင်း၊ သမ္မာသင်္ကပ္ပ= ကောင်းမွန်မှန်ကန်သော အကြံအစည်ကိုပြုခြင်း၊ သမ္မာဝါစာ= ကောင်းမွန်စွာပြောဆိုနေထိုင်ခြင်း၊ သမ္မာကမ္မန္တော= မိမိလုပ်ဆောင်သည့်နေရာတွင် မှန်မှန်ကန်ကန်လုပ်ဆောင်ခြင်း၊ သမ္မာအာဇီဝ= မှန်ကန်သောတရားသဖြင့် စီးပွားလုပ်ဆောင်ခြင်း၊ သမ္မာဝါယမော= ကောင်းမွန်မှန်ကန်စွာ လုံ့လစိုက်ထုတ်ခြင်း၊ သမ္မာသတိ= မှန်ကန်ကောင်းမွန်စွာ ကုသိုလ်ကောင်းမှုတို့ကို အစဉ်သတိရနေခြင်း၊ သမ္မာသမာဓိ= ကောင်းမွန်မှန်ကန်သော တည်ကြည်မှုရှိခြင်းတို့အား အကျယ်တဝင့်ဟောကြားဆုံးမထားပါပေသည်။

ယင်းမဂ္ဂင်ရှစ်ဖြာသာသနာတော်ကို အထူးသဖြင့် ပွားများကျင့်ကြံကြစေရန်နှင့် အမြတ်တရားတည်းဟူသော သစ္စာလေးပါးတရားတော် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတည်းဟူသော လေးပါးသော အမြတ်တရားတော်ကို အဆက်မပြတ်ဟောကြား ပြီးဆုံးခဲ့သောနေ့မှာလည်း ဤဝါဆိုလပြည့်နေ့ပင် ဖြစ်ပေသည်။

**ဝါဆိုပွဲတော်**

ဝါဆိုလ၏တင့်ဆန်းသာယာပုံကို ဝန်ကြီးပဒေသရာဇာ၏ တစ်ဆယ့်နှစ်လရာသီဘွဲ့တေးသွားထဲမှ ကောက်နုတ်ဖော်ပြရပါလျှင် "ပုန်းညက်၊ သရဖီ၊ ပွင့်ချက်ညီသား ရာသီခေါ်မှတ် ကရကဋ္ဌဝယ်၊ ဆုမြတ်ရည်ရော်၊ ပဉ္စင်းတော်ကို ရှုမြင်ဘွယ်ချင်သည်။ သဘင်မှာသားရှင်ကူမ၊ ဖူးမြင်တာနုလှလှဲ့လေး" ဟူ၍ရေးသားဖွဲ့နွဲ့ထားခြင်းကို လေ့လာကြည့်မည်ဆိုပါလျှင် ဝါဆိုလရာသီပန်းနှင့် မိတ်ဖက်ပန်းများ ရာသီကျ ချိန်ခါမီဝါဆိုပန်းတို့ တင့်ဆန်းကာ ပွင့်လန်းနေကြပုံ ထိုကာလဝယ် သားရှိသောမိသားစုတို့တွင် ဝါဆိုပွဲတော်ဖြစ်သော ရဟန်းခံသည့် ပွဲတော် (ပဉ္စင်းခံ) ပွဲများကို ခြိမ့်သဲစွာဆင်နွှဲလို၍ သားရှင်ရဟန်းတို့ ပါရမီဖြည့်ပါမှ လေးနက်စွာဖြင့် ဝါဆိုပွဲတော်ကို နွှဲပျော်ကာ ဖူးမြင်ကြည်နူးရပေမည်ဟူ၍ ဖွဲ့ဆိုထားပုံမှာ သဒ္ဒါပီတိ ရွှန်းစိုစွာခံစားဖော်ပြအပ်ရပါလေသည်။

**ဆယ့်နှစ်လရာသီဘွဲ့**

ဤဝါဆိုလကိုပင် စဥ့်ကူးမင်း၏မိဖုရား ရှင်မင်းကငှင်း၏သံဝေဂလေးဆစ်သဖြန့်၌ ဤသို့ဆိုထားလေသည်။ "ပြုဗ္ဗာသဍ္ဍ် ကြယ်ထွန်းလို့ လဝန်းတဲ့သော်တာ၊ သည်ချိန်ကို ယုဂန်ဖျားက နှစ်ပါးရောင်ဆိုက် လင်းခိုက်ဖို့သာ ရနံ့ငယ်ဖြာ ညှာတံကင်ဖူး၊ ပုန်းညက်ကယ်၊ ခိုင်ပင်မင်းက သင်းပျံ့ပျံ့ကျူး" ဟူ၍လည်းကောင်း၊ မဟာအတုလမင်းကြီး၏ ဆယ့်နှစ်လရာသီဘွဲ့လွမ်းချင်းများထဲမှ ဝါဆိုလလွမ်းချင်းကို ကောက်နုတ်ရပါလျှင်လည်း "ဆင်တာရာငယ် ရာသီကရကဋ္ဌ်နရှိန္ဒလည်း ရာတောင်နတ်နှင့် ဖိုလ်မြတ်ကယ်နိဗ္ဗူ အောင်ဆုယူလို့ ရှစ်ဖြူရိပ်ပဉ္စင်းခံသောအခါ ရေလျှံတဲ့ဝါဆိုမှာ ပုန်းညက်ညိုမာလာမင်းက သင်းလှတယ်လေး" စသည်ဖြင့် ဝါဆိုလ၌ ပွဲတော်ကျင်းပပုံ၊ ဘာသာသာသနာထုံမွှမ်းပုံ၊ ငယ်စဉ်ကကလေးဘဝမူလတန်းမှာ သင်ခဲ့တဲ့ "ဝါဆိုဝါခေါင် ရေဖောင်ဖောင်" ဆိုသော စာသားနှင့် ကိုက်ညီပုံ။ ဒီရေအလွန်တက်သည့် အနေအထားစသည်ဖြင့် ဖော်ကျူးစပ်ထားသည်မှာ အလွန်မှနှစ်သက်ဖွယ် ဖြစ်ရပါလေသည်။

သို့ဖြစ်ရာ ဝါဆိုလ မိုးဥတုဝသန္တရာသီသို့ ရောက်လျှင် အေးချမ်းစိုပြည်သော ငြိမ်းချမ်းသာယာသော လူသားကမ္ဘာတွင် နေထိုင်လျက်ရှိကြသည့် လူသားတို့၏ဘဝ ရပ်တည်ရှင်သန်နေထိုင်ရေးကို မြော်တွေးလျက် ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်သာမက ရှေးသောကာလမှ ဗုဒ္ဓဟောကြားမြဲဖြစ်သော ဤဓမ္မစကြာတရားတော်မှ မဂ္ဂင်ရှစ်ဖြာဒေသနာနှင့် သစ္စာလေးပါးတရားတော်တို့ကို လူတိုင်းက နှလုံးသွင်းကျင့်သုံးပွားများနေထိုင်ရေး မြော်တွေးလျက် ဗုဒ္ဓဂေါတမမြတ်စွာဘုရားရှင်၏ သာသနာတော်အရှည်ခံ့တည်တံ့စေရေး ဦးထိပ်ထားစိတ်ရည်သန်ကာ မြတ်စွာဘုရားရှင်၏ဖြစ်စဉ်တော်အတိုင်း "သန္ဓေ၊ တောထွက်၊ ဓမ္မစက်" ဟူသော အလင်္ကာပိုဒ်အတိုင်း ထူးခြားမြင့်မြတ်သော ဝါဆိုလဖြစ်ပေသည်ဟု ခံယူကာ ရေးသားပူဇော်လိုက်ရပါတော့သတည်း။ ။

★ စာမျက်နှာ ၉ မှ

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၅-၇-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၂၆၆)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၆၃၂)ဦး၊ မ(၃၂၀)ဦး၊ ပေါင်း(၁၉၅၂)ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၁၀၀၂၃.၃၆၁၄)ဂရမ်၊ ICE (၁၄၃၂.၄၂) ဂရမ်၊ ဘိန်း(၄၃၉၈၇.၂၂၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၃၆၇.၉၆) ဂရမ်၊ ဘိန်းစာမှုန့်(၅၃၃၆၃.၇၆)ဂရမ်၊ ဘိန်းစာရွက်(၁၅၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၆၅၃၇၆၉)ပြား၊ ဆေးခြောက် (၁၃၁၅၁.၂၃)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၃၀.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၆၀.၁၅)ဂရမ်၊ ECSTASY အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၆)လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံ အသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**


| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၃၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၃၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | ANTINARCOTICS@PRESIDENTOFFICE.GOV.MM |

## ပခုက္ကူစာပေပထမဆုရ ဝတ္ထုရှည်စာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော် ဇူလိုင် ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၈ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု ဝတ္ထုရှည် ပထမဆုရရှိသည့်စာရေးသူ ပင်မြင့်စံ (ရွှေဘို)၏ "နားခိုရာမဲ့သူ၏လောကနိဗ္ဗာန်ဘုံ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မိဘနှစ်ပါး အိမ်ထောင်ပြိုကွဲပြီး နောက်အိမ်ထောင်အသီးသီးထူထောင်ခဲ့ကြရာ တစ်ဦးတည်းသော သားငယ် မှာ မိခင်ဆီရောက်သောအခါ ပထွေးက မကြည်ဖြူ ဖခင်ထံ ရောက်ပြန်တော့လည်း မိထွေးငြိုငြင်ခံရပြီး မိဘ အိမ်ထောင်ရေးပြိုကွဲမှုကြောင့် မြေစာပင်ဖြစ်ခဲ့ရသော သားငယ်မှာ မိသားစု၏ နွေးထွေးသောမေတ္တာကို ငတ်မွတ်ခဲ့ရသည့်အပြင် နားခိုရာရင်ခွင်မဲ့ခဲ့ရပြီး စိတ်ဓာတ်ပျက်ပြားသွားသည့် မူးယစ်ဆေးသုံးစွဲမိသူတစ်ယောက်၏ ဘဝ ကောက်ကြောင်းကို ကရုဏာသက်ဖွယ် ရသမြောက်စွာ ရေးသားထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။




အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၆၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ ၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# သြစတြေးလျ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်



**မဲလ်ဘုန်း ဇူလိုင် ၂၇**

သြစတြေးလျနိုင်ငံ၌ ယမန်နေ့က ကိုရိုနာဗိုင်းရပ်စ်ကြောင့် ၁၀ ဦး သေဆုံးပြီး ကူးစက်မှုများ မြင့်တက်ခဲ့သည်။ နိုင်ငံအတွင်း အသွားအလာကန့်သတ်မှုများ ဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက်မှာ ၁၅၅ ဦးရှိလာခဲ့ပြီး တောင်ပိုင်းဗစ်တိုးရီးယားပြည်နယ်တွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၄၅၀ ရှိခဲ့သည်။

သို့သော် ကိုရိုနာဗိုင်းရပ်စ်ဒုတိယလှိုင်းသည် နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေး ဆောင်ရွက်ချက်အား စမ်းသပ်နေသည်ဟု တာဝန်ရှိသူများက ပြောသည်။

မဲလ်ဘုန်းမြို့ရှိ ပြည်သူ ငါးသန်းအား အသွားအလာကန့်သတ်ချက်များ ချမှတ်ထားသော်လည်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများမှာ မြင့်တက်လျက် ရှိသည်။ မဲလ်ဘုန်းတွင် နှာခေါင်းစည်းများ ဝတ်ဆင်ရမည်ဟု ညွှန်ကြားချက် ထုတ်ပြန်သည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ



# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရေိယာထက်ဝက်ခန့် ရေနစ်မြုပ် ရေဘေးကြောင့် ၁၁၉ ဦး သေဆုံး

**ဒါကာ ဇူလိုင် ၂၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဧရိယာအကျယ်အဝန်း ထက်ဝက်နီးပါးမှာ ရေနစ်မြုပ်နေပြီး ရေဘေးကြောင့် သေဆုံးသူအများအပြားရှိလာခဲ့ကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးညှိနှိုင်းဆောင်ရွက်မှုဗဟိုဌာန၏ နေ့စဉ်ရေဘေးအခြေအနေ အစီရင်ခံစာအရ ဇွန် ၃၀ ရက်နောက်ပိုင်း ရေဘေးကြောင့် ခရိုင် ၆၄ ခရိုင်အနက် ခရိုင် ၂၁ ခရိုင်တွင် လူ ၁၁၉ ဦး သေဆုံးခဲ့သည်။

ပြည်သူ ငါးသန်းနီးပါး ရေဘေးသင့်ခဲ့ပြီး မိသားစုအများအပြား အိုးအိမ် စွန့်ခွာခဲ့ရကြောင်း ဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် ကယ်ဆယ်ရေးဝန်ကြီးဌာန၊ အမျိုးသားဘေးအန္တရာယ်တုံ့ပြန်မှု ညှိနှိုင်းဆောင်ရွက်ရေးဗဟိုဌာနက ပြုစုသော နေ့အလိုက် သဘာဝဘေးအန္တရာယ် အခြေအနေ အစီရင်ခံစာအရ သိရသည်။ နိုင်ငံတစ်ဝန်း ခရိုင် ၆၄ ခရိုင်အနက် ခရိုင် ၃၁ ခရိုင်တွင် ပြည်သူ ၄၃၇၈၇၃၂ ဦး ရေဘေးသင့်ခဲ့ကြောင်း အစီရင်ခံစာက ဆိုသည်။ ရေကြီးရေလျှံမှုများက နိုင်ငံတစ်ဝန်း သီးနှံစိုက်ခင်းများ၊ လမ်းမကြီးများနှင့် အဝေးပြေးလမ်းမကြီးများ ပျက်စီးမှုများ ဖြစ်ပေါ်စေခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်နောက်ပိုင်း အဓိကမြစ်ကြီးများ မြစ်ရေလျှံခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း မြေဧရိယာအများအပြား ရေနစ်မြုပ်ခဲ့ကြောင်း ရုပ်သံသတင်းများက ဖော်ပြခဲ့သည်။ အိန္ဒိယနယ်စပ် တစ်လျှောက်ရှိ တောင်ကုန်းများမှ တစ်ဟုန်ထိုးစီးဆင်းလာသောရေများက ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရေဘေးအခြေအနေကို ပို၍ ဆိုးရွားစေခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။ ကယ်ဆယ်ရေးဆောင်ရွက်ရန်၊ ကယ်ဆယ်ရေး ကိရိယာများ ဖြန့်ဖြူးရန်နှင့် ရေဘေးရှောင်စခန်းများကို ကြီးကြပ်ရန် ဘေးအန္တရာယ် တုံ့ပြန်ရေးတပ်ဖွဲ့များ စေလွှတ်ခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် ဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် ကယ်ဆယ်ရေးဝန်ကြီး အန်နာမူရာမန်က ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဘေး ကြုံတွေ့နေရချိန်တွင် ထိုးနှက်ချက်တစ်ခုဖြစ်သည့် ရေဘေးကိုင်တွယ်ဖြေရှင်းရာ၌ အသင့်အနေအထား ဆက်လက်ရှိနေရန် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ခ်ဟာစီနာက တာဝန်ရှိသူများသို့ ညွှန်ကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ကျော်ထိုက်စိုး

# သမုဒ္ဒရာများအတွင်း ပလတ်စတစ်စွန့်ပစ်ပစ္စည်းအရေအတွက် ၂၀၄၀ ပြည့်နှစ်တွင် သုံးဆခန့်မြင့်တက်လာမည်ဟု ခန့်မှန်း

**ဝါရှင်တန် ဇူလိုင် ၂၇**

သင့်တော်သောဆောင်ရွက်မှုများမပြုလုပ်ပါက ကမ္ဘာပေါ်ရှိ သမုဒ္ဒရာများအတွင်း၌ ၂၀၄၀ ပြည့်နှစ်တွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများအရေအတွက် သုံးဆခန့် မြင့်တက်လာမည်ဖြစ်ကြောင်း အမေရိကန်ရှိ လူမှုရေးအဖွဲ့အစည်းတစ်ခုက ပြောသည်။ Pew ကုသိုလ်ဖြစ် လူမှုရေးအဖွဲ့က အထက်ပါ လေ့လာမှုကို သုတေသနအင်စတီကျူတစ်ခုနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

၎င်းတို့၏ ခန့်မှန်းချက်များအရ သင့်တော်သောဆောင်ရွက်မှုများမပြုလုပ်လျှင် ၂၀၄၀ ပြည့်နှစ်၌ ကမ္ဘာပေါ်ရှိ သမုဒ္ဒရာများတွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်း တန်ချိန် ၂၉ သန်းခန့် ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။ ကမ္ဘာပေါ်တွင် လူဦးရေများပြားလာသည်နှင့်အမျှ ပလတ်စတစ်သုံးစွဲမှုများပြားလာပြီး ဈေးပေါသော ပလတ်စတစ်အိတ်များ ထုတ်လုပ်နေမှုကလည်း လူတစ်ဦးချင်း ပလတ်စတစ်သုံးစွဲမှုကို မြင့်တက်စေသည်။ သမုဒ္ဒရာများအတွင်း ပလတ်စတစ်များရှိနေခြင်းသည် ကမ္ဘာတစ်ဝန်း ဆိုးရွားသော ပြဿနာဖြစ်လာခဲ့သည်။ ယခုအချိန်တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေမှုကြောင့် နှာခေါင်းစည်းများနှင့် လက်အိတ်များကိုလည်း သမုဒ္ဒရာအတွင်း စွန့်ပစ်လာကြသည်။

အဆိုပါ လူမှုရေးအဖွဲ့က ခန့်မှန်းရာတွင် သင့်တော်သော ပလတ်စတစ်လျှော့ချရေးအစီအစဉ်များကို ဆောင်ရွက်ပါက ၂၀၄၀ ပြည့်နှစ်မတိုင်မီတွင် သမုဒ္ဒရာများအတွင်း ပလတ်စတစ်စွန့်ပစ်မှုကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မည်ဟု ပြောသည်။ ပလတ်စတစ်ပစ္စည်းများ သုံးစွဲမှုလျှော့ချခြင်းနှင့် စွန့်ပစ်ပလတ်စတစ်ပစ္စည်းများအား ပြန်လည်အသုံးပြုနိုင်သောပစ္စည်းများအဖြစ် ပြုလုပ်ခြင်းသည် ထိရောက်သော နည်းလမ်းများဖြစ်ကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ





# ဟိုက်ဒရာဘတ်မြို့တော်ဝန်တွင် ကိုရိုနာဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိ

**ဟိုက်ဒရာဘတ် ဇူလိုင် ၂၇**

အိန္ဒိယနိုင်ငံ တီလန်ဂါနာပြည်နယ် ဟိုက်ဒရာဘတ်မြို့တော်ဝန် ဘွန်သူရမ်မိုဟန်က ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့သော်လည်း ရောဂါလက္ခဏာမပြကြောင်း ယမန်နေ့က ပြောကြားခဲ့သည်။

ရမ်မိုဟန်နှင့် သူ၏မိသားစုသည် ဇူလိုင် ၂၅ ရက်က ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးမှုခံယူခဲ့ကြောင်း မဟာဟိုက်ဒရာဘတ် စည်ပင်သာယာကော်ပိုရေးရှင်း (GHMC) ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ ရမ်မိုဟန်၏မိသားစုဝင်များတွင် ဗိုင်းရပ်စ်ပိုးမတွေ့ရှိခဲ့ကြောင်း သိရသည်။

ရမ်မိုဟန်သည် သီးသန့်ခွဲ၍နေခဲ့ပြီး GHMC က ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးကိစ္စရပ်များ ပြန်လည်သုံးသပ်ရန် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် တာဝန်ရှိသူများနှင့် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကြောင်း သိရသည်။

ကိုးကား-ပီတီအိုင်၊ ဘာသာပြန်-ကျော်ထိုက်စိုး

# ယူဂန္ဒာ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များ ချိုးဖောက်မှုဖြင့် ပါတီပွဲတက်သူ ၁၀၀ ကျော် တရားစွဲဆိုခြင်းခံရမည်

**ကမ်ပါလာ ဇူလိုင် ၂၇**

ယူဂန္ဒာရဲတပ်ဖွဲ့သည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် အစိုးရက ချမှတ်ထားသော အသွားအလာကန့်သတ်မှုများအား ချိုးဖောက်ခဲ့သည့် ပါတီပွဲတက်သူ ၁၀၀ ကျော်အား ဖမ်းဆီးထိန်းသိမ်းထားကြောင်း ယူဂန္ဒာ အာဏာပိုင်များက ယနေ့ပြောကြားသည်။

မြို့တော်ကမ်ပါလာမှ အရှေ့မြောက်ဘက် ၁၂ ကီလိုမီတာခန့်အကွာရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ပြုလုပ်သော ပါတီပွဲတစ်ခုတွင် ရဲတပ်ဖွဲ့နှင့် လုံခြုံရေးအရာရှိများက ကိုဗစ်-၁၉ ရောဂါ ဆိုင်ရာစည်းမျဉ်းစည်းကမ်း ချိုးဖောက်သူများကို ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း ကမ်ပါလာမြို့တော်ဆိုင်ရာ ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ပက်ထရစ်အိုနီယာဂိုက ပြောကြားသည်။

အရက်ဆိုင်များနှင့် ကလပ်များကို ဖွင့်လှစ်ရန် အစိုးရက ခွင့်မပြုသေးကြောင်း၊ သို့သော် ပါတီပွဲတက်သူများသည် အသွားအလာကန့်သတ်မှုများကို ချိုးဖောက်ခဲ့သည့်အပြင် ရောဂါမကူးစက်ရေးအတွက် ခပ်ခွာခွာနေရန် အစိုးရ၏ အစီအမံများကို ကျင့်သုံးခြင်းမရှိဘဲ ၎င်းတို့၏ ပျော်ရွှင်မှုအတွက် လုပ်ဆောင်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

"ဒီလို စည်းမဲ့ကမ်းမဲ့နဲ့ ကန့်သတ်ချက်တွေ ချိုးဖောက်တာဟာ ရောဂါကူးစက်ပျံ့နှံ့မှုရဲ့ အကြောင်းရင်းဖြစ်နိုင်ပါတယ်။ ဒါကြောင့် ရောဂါကူးစက်ပျံ့နှံ့မှု ကာကွယ်ထိန်းသိမ်းရန် ကျွန်တော်တို့အနေနဲ့ ဆက်လက်ကြိုးပမ်းလုပ်ဆောင်သွားမှာပါ" ဟု ၎င်းက ထပ်မံပြောကြားသည်။

ပြစ်မှုကျူးလွန်သူများသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့် သမ္မတရုံး၏ ညွှန်ကြားချက်များအား ချိုးဖောက်မှုဖြင့် တရားစွဲဆိုရန် စောင့်ဆိုင်းနေကြပြီး လောလောဆယ် နာ့ဂျ်ဂျီရာနှင့် ကီးရာရဲစခန်းများတွင် ထိန်းသိမ်းထားကြောင်း သိရသည်။ ပြစ်မှုကျူးလွန်သူအားလုံးသည် ကူးစက်ရောဂါ ကူးစက်ပျံ့နှံ့မှုဖြစ်စေသည့် အက်ဥပဒေဖြင့် တရားစွဲခြင်းခံရမည်ဖြစ်ကြောင်း သိရသည်။

ယူဂန္ဒာအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်ရန် လူစုလူဝေးလုပ်ခြင်းကို တားမြစ်ထားသည့်အပြင် ညမထွက်ရအမိန့်ကိုလည်း ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။ ယူဂန္ဒာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ယခုနှစ်မတ် ၂၁ ရက်က စတင်တွေ့ရှိခဲ့ပြီး ထိုအချိန်မှစ၍ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၁၅ ဦးရှိလာကာ ၎င်းတို့အနက် နှစ်ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။ သို့သော် ယူဂန္ဒာ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၉၇၅ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

# အစ္စရေးနိုင်ငံက နိုင်ငံတကာလေကြောင်းခရီးစဉ်များ တဖြည်းဖြည်း ပြန်လည်စတင်ရန် စီစဉ်

**ဂျေရုဆလင် ဇူလိုင် ၂၇**
အစ္စရေးနိုင်ငံသည် နိုင်ငံတကာလေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲမှု တဖြည်းဖြည်း ပြန်လည်စတင်ရန် စီစဉ်လျက်ရှိကြောင်း ပို့ဆောင်ရေးဝန်ကြီး မီရီရီဂတ်ဗ်က ယမန်နေ့ ညပိုင်းက ပြောကြားခဲ့သည်။


နိုင်ငံတကာလေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲမှု ပြန်လည်စတင်ရေးနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ အစီအစဉ်မှာ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု၏ အတည်ပြုချက် လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်းလည်း ရီဂတ်ဗ်က ပြောကြားခဲ့သည်။

မိမိတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ အမျိုးသားလုံခြုံရေးကောင်စီတို့နှင့်အတူ လုပ်ငန်းတာဝန်များကို ထမ်းဆောင်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဇွန်လအလယ်ပိုင်းက အစ္စရေးနိုင်ငံ၏ နိုင်ငံတကာလေကြောင်းခရီးစဉ်များကို ဩဂုတ် ၁ ရက်တွင် ပြန်လည်စတင်ရန် အစ္စရေးဝန်ကြီးချုပ်က ခန့်မှန်းထားခဲ့ခြင်းဖြစ်သည်။ နေတန်ယာဟုက ခန့်မှန်းထားသည့် လေကြောင်းခရီးစဉ်များ ဩဂုတ် ၁ ရက်တွင် ပြန်လည်စတင်ရေးအစီအစဉ်သည် နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် မြင့်တက်လာခဲ့သည့်အတွက် အစ္စရေးနိုင်ငံသည် ဇူလိုင် ၂၀ ရက်တွင် လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲမှုကို အနည်းဆုံး စက်တင်ဘာ ၁ ရက်အထိ တိုးမြှင့်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အစ္စရေးနိုင်ငံက နိုင်ငံတကာလေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲမှုကို တဖြည်းဖြည်း ပြန်လည်စတင်ရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**





# အင်ဒိုနီးရှားနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ တစ်သိန်းအထိရှိလာ

**ဂျကာတာ ဇူလိုင် ၂၇**
အင်ဒိုနီးရှားနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ တစ်သိန်းအထိ ရှိလာခဲ့ပြီး ယင်းအရေအတွက်မှာ အရှေ့တောင်အာရှ၌ အများဆုံးအရေအတွက်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံအစိုးရက ပြောကြားခဲ့သည်။

ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ခံရသူ ၁၅၂၅ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ စုစုပေါင်းသည် ၁၀၀၃၀၃ ဦးအထိ ရှိလာခဲ့ကြောင်းလည်း အင်ဒိုနီးရှားနိုင်ငံအစိုးရက အတည်ပြုပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူအရေအတွက်သည် ၄၈၃၈ ဦးရှိလာခဲ့ပြီး အရှေ့တောင်အာရှ၌ အဆိုပါရောဂါကြောင့် သေဆုံးမှုအများဆုံးနိုင်ငံလည်းဖြစ်လာခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် ပြီးခဲ့သည့်လကတည်းက စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ရန်အတွက် ခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ချက်များကို တဖြည်းဖြည်း ဖြေလျှော့ပေးခဲ့သည်။

သို့ရာတွင် ခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ပေးခဲ့ပြီးနောက် အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်ဂျကာတာနှင့် နိုင်ငံ၏ဒုတိယအကြီးဆုံးမြို့တော် ဆူရာဘာရာတို့၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၏ အလုပ်လက်မဲ့ဦးရေသည် သုံးသန်းအထိ မြင့်တက်လာခဲ့သည့်အတွက် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ရေး ဦးစားပေးဆောင်ရွက်နေစဉ်တွင် စီးပွားရေးလုပ်ငန်းဆိုင်ရာ ကန့်သတ်ချက်များကို ပြန်လည်ချမှတ်ရန် အစိုးရအနေဖြင့် တွန့်ဆုတ်နေရကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# တရုတ်နိုင်ငံ ဟူပေပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ငါးဦးသေဆုံးပြီး တစ်ဦး ပျောက်ဆုံး

**ဝူဟန် ဇူလိုင် ၂၇**
တရုတ်နိုင်ငံအလယ်ပိုင်း ဟူပေပြည်နယ်၌ ယခုသီတင်းပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ငါးဦးသေဆုံးခဲ့ပြီး တစ်ဦးပျောက်ဆုံးခဲ့ကြောင်း ဒေသန္တရအာဏာပိုင်များက ယနေ့ ပြောကြားသည်။

ဇူလိုင် ၂၅ ရက်နှောင်းပိုင်းက အန်းရှီးတူကျားဒေသကျန်းရှီးခရိုင်နှင့် မီအိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း ကျန်းရှီးဒေသန္တရအစိုးရ၏ ပြောကြားချက်အရ သိရသည်။ ဒေသန္တရအစိုးရက ရေဘေးကာကွယ်ရေး အရေးပေါ်တုံ့ပြန်မှုအဆင့်ကို အဆင့်နှစ်မှ အဆင့်တစ်သို့ တိုးမြှင့်ခဲ့ရာ တရုတ်နိုင်ငံ၏ ရေကြီးရေလျှံမှုများအတွက် အမြင့်ဆုံးအဆင့် ဖြစ်လာခဲ့သည်။

ဇူလိုင် ၂၆ ရက် ညနေ ၆ နာရီအထိ ဒေသခံ ၁၆၀၀၀၀ ကျော်နှင့် သီးနှံစိုက်ခင်း ၂၉၀၀ ဟက်တာခန့် ရေဘေးသင့်ခဲ့ပြီး ပြည်သူ ၆၀၀၀၀ ခန့်အား ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း ဒေသန္တရအစိုးရက ဆိုသည်။ လက်ရှိအချိန်အထိ ခရိုင်၏အချက်အချာနေရာ၌ မော်တော်ကားလမ်း၊ ဆက်သွယ်ရေး၊ ရေပေးဝေမှုနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုတို့ ယခင်အတိုင်း ပြန်လည်စတင်ခဲ့ပြီဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**





# ဂျပန်နိုင်ငံ၌ စီးပွားရေးပြန်လည်ဦးမော့လာစေရန် ဆောင်ရွက်လျက်ရှိ

**တိုကျို ဇူလိုင် ၂၇**
ဂျပန်နိုင်ငံ၌ စီးပွားရေးကို ပြန်လည်ဦးမော့လာစေရန် အစိုးရက အစီအစဉ်များ ချမှတ်ဆောင်ရွက်နေပြီး တစ်ချိန်တည်းမှာပင် နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ မြင့်တက်လျက်ရှိသည်။

အစိုးရအဖွဲ့အတွင်းရေးမှူး ရှုဂါယိုရှီဒိုက ပြောကြားရာတွင် ကိုရိုနာဗိုင်းရပ်စ်တားဆီးရေးဆောင်ရွက်ရာ၌ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာဆောင်ရွက်ချက်များ ဟန်ချက်ညီစေရန် အရေးကြီးကြောင်း ပြောကြားသည်။ စီးပွားရေးမြှင့်တင်မှု၏ အစိတ်အပိုင်းအဖြစ် ပြည်တွင်းခရီးသွားလုပ်ငန်း တိုးမြှင့်လာစေရန်အတွက် တာဝန်ရှိသူများက လှုပ်ရှားမှုတစ်ရပ်ကို ဆောင်ရွက်ခဲ့သည်။ ခရီးသွားကြစို့ဟုအမည်ရသော အထက်ပါလှုပ်ရှားမှုတွင် နိုင်ငံသားများအား သယ်ယူပို့ဆောင်ရေးနှင့် တည်းခိုရေးစရိတ်များကို ၃၅ ရာခိုင်နှုန်းလျှော့ချပေးရန် စီစဉ်နေကြောင်း သိရသည်။ ခရီးသွားများ အဓိကလည်ပတ်သောနေရာများအနေဖြင့် ဧည့်သည်အများအပြား လာရောက်စေရန်အတွက် သင့်တော်သော ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေးဆောင်ရွက်ချက်များကို ဆောင်ရွက်ထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ သို့သော် လူအများအပြား လည်ပတ်လေ့ရှိသော နေရာများမှ ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားမည်ကိုလည်း လူအများက စိုးရိမ်ကြသည်။ တိုကျိုကဲ့သို့သော မြို့တော်မှ အခြားဒေသများသို့ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မည်ကို လူအများက စိုးရိမ်နေကြသည်။ တိုကျိုတွင် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားသူများ၏ ၆၀ ရာခိုင်နှုန်းမှာ မည်သည့်အတွက်ကြောင့် ရောဂါဖြစ်ပွားကြောင်း စစ်ဆေးခြင်းမပြုနိုင်သေးဟု တာဝန်ရှိသူများက ပြောကြားသည်။ ထို့အပြင် သက်ကြီးရွယ်အိုများကြားတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ ရှိလာနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။ စီးပွားရေးလုပ်ငန်းများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန် တာဝန်ရှိသူများက ပြောကြားသည်။ ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၁၀၀၀ ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
| --- | --- | --- | --- |
| | ၁၆၄၅၁၅၅၁ ဦး | ၆၅၂၉၂၁ ဦး | ၁၀၀၇၃၀၈၄ ဦး |

# အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၀၂ ဦးရှိလာပြီး ပြည်သူ ငါးသန်းကျော် ရေဘေးဒဏ်သင့်

**နယူးဒေလီ ဇူလိုင် ၂၇**

အိန္ဒိယနိုင်ငံအရှေ့မြောက်ဘက် အာသံပြည်နယ်တွင် ဖြစ်ပွားသော ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၀၂ ဦး ရှိလာပြီး ပြည်သူ ၅ ဒသမ ၆ သန်းကျော်တို့သည် ဆိုးရွားစွာ ရေဘေးဒုက္ခခံခဲ့ရကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

ရေကြီးရေလျှံမှုကြောင့် အာသံပြည်နယ်ရှိ ခရိုင်၂၃ ခရိုင်တွင် တစ်ရက်အတွင်း ငါးဦးသေဆုံးပြီး ပြည်သူ ၂ ဒသမ ၄ သန်းခန့် ရေဘေးဒဏ်သင့်ခဲ့ကြောင်း ပြည်နယ်သဘာဝဘေးစီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။

အာသံပြည်နယ်သည် ပြီးခဲ့သည့် မေလကတည်းက ရေကြီးရေလျှံမှုဒဏ်ကိုခံရပြီး ယနေ့အထိ ရေကြီးရေလျှံမှုများဖြစ်ပွားနေဆဲဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရေကြီးရေလျှံမှုကြောင့် လွန်ခဲ့သည့် ၃၇ ရက်အတွင်း ကျေးရွာပေါင်း ၅၃၀၄ ရွာ ရေနစ်မြုပ်သွားသည့်အပြင် သီးနှံစိုက်ခင်းဧရိယာ ၂၅၉၈၉၉ ဒသမ ၄၄ ဟက်တာခန့် ပျက်စီးသွားကြောင်း၊ ဒေသဆိုင်ရာအစိုးရအနေဖြင့် ရေဘေးသင့်ပြည်သူများအတွက် ယာယီခိုလှုံရာစခန်းများကို ဖန်တီးပေးထားသော်လည်း ရေဘေးသင့်ပြည်သူအချို့သည် ၎င်းတို့၏ဆွေမျိုးများနေထိုင်သော နေအိမ်များတွင် ခိုလှုံလျက်ရှိကြောင်း သိရသည်။

ကူညီကယ်ဆယ်ရေးအဖွဲ့သည် ရေဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ လက်ရှိအချိန်အထိ ရေဘေးသင့်ပြည်သူ ၈၁၀၁၂ ဦးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ ယာယီကယ်ဆယ်ရေးစခန်း ၆၁၅ ခုကိုလည်း ရေဘေးသင့်ပြည်သူများအတွက် ဖန်တီးပေးထားကြောင်း သိရသည်။

လူနေအိမ် ၆၈၂၇ လုံးသည် ရေကြီးမှုကြောင့် လုံးဝပျက်စီးသွားပြီး ကျန် ၃၂၀၅၇ လုံးသည် အနည်းငယ်မျှသာ ပျက်စီးသွားကြောင်း သိရသည်။ ထို့ပြင် ဇွန် ၂ ရက်မှ ဇူလိုင် ၁၂ ရက်အထိ အာသံပြည်နယ်အတွင်း အဆက်မပြတ်ရွာသွန်းသောမိုးကြောင့် မြေပြိုမှုများလည်းဖြစ်ပွားခဲ့ပြီး ယင်းမြေပြိုမှုများကြောင့် ၂၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**





# ကနေဒါနိုင်ငံ၌ လူငယ်အများစု ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အမြင့်ဆုံးအန္တရာယ်နှင့် ရင်ဆိုင်နေရ

**အော်တဝါ ဇူလိုင် ၂၇**

ကနေဒါနိုင်ငံ၌ လူငယ်အများစုသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအမြင့်ဆုံးအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ကျန်းမာရေးအာဏာပိုင်များက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့်တစ်ပတ်က ကနေဒါနိုင်ငံ၌ အသက် ၂၀ နှင့် ၃၉ နှစ်အကြား လူငယ်များတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်ခဲ့ကြောင်း ကနေဒါပြည်သူ့ကျန်းမာရေးအကြီး အကဲ ထရီဆာတမ်းက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့်တစ်ပတ်အတွင်းက ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများ၏ ၆၃ ရာခိုင်နှုန်းမှာ အသက် ၃၉ နှစ်အောက် လူငယ်များဖြစ်ကြောင်းနှင့် အသက် ၂၀ နှင့် ၂၉ နှစ်အတွင်းရှိ အသက်အရွယ်အုပ်စုများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းမှာ အမျိုးသားဦးရေ တစ်သိန်းတွင် ၁၄ ဒသမ ၄ ရာခိုင်နှုန်းနှင့် အမျိုးသမီးဦးရေ တစ်သိန်းတွင် ၁၃ ဒသမ ၈ ရာခိုင်နှုန်း အသီးသီး ကူးစက်ခံရမှုရှိခဲ့ကြောင်း သိရသည်။

ကနေဒါနိုင်ငံတွင် နိုင်ငံတစ်ဝန်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်သည် ပျမ်းမျှအားဖြင့် ၄၈၅ ဦးရှိပြီး ယမန်နေ့အထိ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၃၅၅၆ ဦးရှိခဲ့ကာ သေဆုံးသူအရေအတွက် ၈၈၈၅ ဦးရှိခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ငါးသောင်းနီးပါး စံချိန်တင်တွေ့ရှိပြီး ၇၀၈ ဦး ထပ်မံသေဆုံး

**နယူးဒေလီ ဇူလိုင် ၂၇**

အိန္ဒိယနိုင်ငံနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၉၉၃၁ ဦး စံချိန်တင်တွေ့ရှိခဲ့ရာ ကူးစက်ခံရသူပေါင်း ၁၄၃၅၄၅၃ ဦးရှိလာကြောင်း၊ ထို့အတူ တစ်ရက်အတွင်း ၇၀၈ ဦး ထပ်မံသေဆုံးခဲ့ရာ အိန္ဒိယ၌ ယင်းရောဂါကြောင့် သေဆုံးသူပေါင်း ၃၂၇၇၁ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ ယနေ့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုနှုန်းသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်တွေ့ရှိခဲ့ပြီးနောက် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းအများဆုံးဖြစ်လာကြောင်း သိရသည်။

သို့သော် အိန္ဒိယနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၉၁၇၅၆၈ ဦးသည် ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်လည်ဆင်းခဲ့ကြရာ လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ၄၈၅၁၁၄ ဦးသာ ဆေးဘက်ဆိုင်ရာ စောင့်ကြည့်မှုခံယူလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

အိန္ဒိယအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိပြီး ယမန်နေ့က တစ်နိုင်ငံလုံး၌ တစ်ရက်အတွင်း လူ ၅၁၅၄၇၂ ဦးတို့၏ နမူနာကို စမ်းသပ်ခဲ့ခြင်းနှင့်အတူ နိုင်ငံအတွင်း ရောဂါဖြစ်ပွားခဲ့ချိန်ကတည်းက လူဦးရေ ၁၆၈၀၆၈၀၃ ဦးတို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိပြီး ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် ယမန်နေ့က တစ်ရက်လျှင် ၁၀၀၀၀၀ နှုန်းဖြင့် ရောဂါစမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံအလယ်ပိုင်း မာဒရာပရာဒေ့ရှ်ပြည်နယ်၏ ပြည်နယ်ဝန်ကြီးချုပ် ရှိဗ်ရာ့ချ်ဆင်းဘောင်ဟန်သည် ပြီးခဲ့သည့် သီတင်းပတ်စနေနေ့က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရာ အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော ပထမဆုံးပြည်နယ်ဝန်ကြီးချုပ်တစ်ဦး ဖြစ်လာခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# အီရန်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**တီဟီရန် ဇူလိုင် ၂၇**

အီရန်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ အာလီရာဘီးသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း အီရန်သတင်း အေဂျင်စီက ယနေ့ဖော်ပြထားသည်။

ရာဘီးသည် ဆေးဝါးကုသမှု ဆက်လက်ခံယူရန် အပတ်စဉ်ပြုလုပ်လျက်ရှိသော ၎င်း၏ သတင်းစာရှင်းလင်းပွဲကိုလည်း ဖျက်သိမ်းလိုက်ရကြောင်း သိရသည်။

သို့သော် ရာဘီး၏ ကျန်းမာရေးအခြေအနေသည် တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

အီရန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ယခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်က စတင်တွေ့ရှိခဲ့ပြီး ထိုအချိန်မှစ၍ အီရန်နိုင်ငံရေးသမားအများအပြား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ကြရပြီး ၎င်းတို့အနက် တချို့သည် အဆိုပါရောဂါကြောင့် အသက်ဆုံးရှုံးခဲ့ကြကြောင်း သိရသည်။

ယနေ့ရရှိထားသည့် တရားဝင်ကိန်းဂဏန်းများအရ အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၉၃၆၀၆ ရှိလာပြီး အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၅၉၁၂ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ဂျာမနီစစ်ဘက်အတွက် အစ္စရေးက တည်ဆောက်ပေးခဲ့သည့် အဆင့်မြင့် မောင်းသူမဲ့လေယာဉ် စမ်းသပ်ပျံသန်းမှု အောင်မြင်

**ဂျေရုဆလင် ဇူလိုင် ၂၇**

ဂျာမနီစစ်ဘက်အတွက် အစ္စရေးနိုင်ငံက တည်ဆောက်ပေးခဲ့သည့် အဆင့်မြင့် မောင်းသူမဲ့လေယာဉ်အား ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းမှု ပြုလုပ်ခဲ့ရာ အောင်မြင်မှု အပြည့်အဝ ရရှိခဲ့ကြောင်း အစ္စရေးအစိုးရပိုင် လေကြောင်းအာကာသစက်မှုလုပ်ငန်း (အိုင်အေအိုင်)က ယမန်နေ့တွင် ပြောကြားသည်။




ယင်း မောင်းသူမဲ့လေယာဉ် (ယူအေဗီ)သည် (အိုင်အေအိုင်)၏ ဟာရွန်-တီပီ အမျိုးအစားသစ်ဖြစ်ပြီး ကမ္ဘာ့အကြီးဆုံးမောင်းသူမဲ့လေယာဉ် (ယူအေဗွီ)များထဲမှ တစ်ခုဖြစ်သည်။

မောင်းသူမဲ့လေယာဉ်၏ တောင်ပံအလျားသည် ၂၆ မီတာနှင့် လေယာဉ်ကိုယ်ထည်မှာ အလျား ၁၄ မီတာရှိပြီး အများဆုံးဝန်တင်ဆောင်နိုင်မှုမှာ ၂ ဒသမ ၇ တန်ရှိသည်။

အဆိုပါ ဟာရွန်-တီပီ အမျိုးအစား မောင်းသူမဲ့လေယာဉ်သည် အကွာအဝေးကီလိုမီတာ ၁၀၀၀ ကျော်အထိ ပျံသန်းနိုင်ပြီး အမြင့်ပေ ၄၅၀၀၀ အထိ တက်ရောက်နိုင်ကာ လေယာဉ်၏ အမြန်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၄၀၀ ကျော်ရှိသည်။

ယင်း မောင်းသူမဲ့လေယာဉ်အား အစ္စရေးလေတပ်တွင် အသုံးပြုနေသည့် အီတန်အမည်ရှိ မောင်းသူမဲ့လေယာဉ်ပုံစံကို အခြေခံ၍ ဂျာမနီစစ်ဘက်၏ လိုအပ်ချက်များအရ ပြုပြင်တည်ဆောက်ထားခြင်း ဖြစ်သည်။ ယင်းမောင်းသူမဲ့လေယာဉ်သည် ထောက်လှမ်းရေး သတင်းအချက်အလက် စုဆောင်းရယူခြင်း၊ စောင့်ကြည့်ခြင်း၊ ပစ်မှတ်ရယူခြင်းနှင့် ကင်းထောက်ခြင်းစသည့် နည်းဗျူဟာမြောက် တာဝန်များထမ်းဆောင်နိုင်သည့်ပုံစံဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**

# မူဆယ်နှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင် ကျေးရွာအနီး လားရှိုး-မူဆယ်သွားကားလမ်း အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ဇော်ဝင်းမိုး(ခ) လုံးပီး မောင်းနှင်ပြီး မနန်းစီနှင့် အိုက်မစ်တို့ လိုက်ပါလာသည့် ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ် ၁၀၁၆ သိန်း တန်ဖိုးရှိ ဘိန်းစိမ်း ၈၄ ကီလို၊ ဘိန်းဖြူသုည ဒသမ ၈၈ ကီလိုနှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို လည်းကောင်း၊



အလားတူ ဇူလိုင် ၂၅ ရက် ည ၇ နာရီတွင် တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ခတ္တာလမ်းတွင် လီမြာ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

ဇော်ဝင်းမိုး(ခ)လုံးပီး၊ အိုက်မစ်၊ မနန်းစီတို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၇**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် အင်းတော်မြို့နယ် ကျောက်အိုးရွာတောင်ဘက်မှ တရားမဝင်ကျွန်းသစ် လေးတန်၊ ထို့အတူ ဝန်းသိုမြို့နယ် ဘုံချောင်းကျေးရွာအနီး တစ်ဝိုက်မှ တရားမဝင် ကျွန်းသစ်/ လုံးပတ် ကျွန်းသစ် ခုနစ်တန်၊ မင်းကင်းမြို့နယ် သဖန်းတုန်းကြိုးပြင်ကာကွယ်တောအတွင်းမှ တရားမဝင်အင်ခွဲသား ရှစ်တန်၊ ဆိပ်ဖြူမြို့နယ် ကိုးတောင့်ကျေးရွာအနီး ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် သင်းဝင်၊ ကုက္ကို၊ ရင်းမာ၊ သန်း၊ ဖျောက်ဆိပ်၊ နဘဲ၊ ဒီဒူး၊ ဒဟတ်၊ တည်ခွဲသား ခုနစ်တန်နှင့် မျှင်ဝါး ၁၀၅ လုံး၊ ရေတာရှည်မြို့နယ် စိုင်းရကြိုးဝိုင်းအကွက် ၆၇၊ ၆၈ အတွင်း တရားမဝင် ချဉ်ယုတ်၊ သစ်ကဇော်ခွဲသား ကိုးတန်၊ ထို့အတူ ရိုးမကြိုးပြင် ကာကွယ်တောအတွင်းမှ တရားမဝင် ကျွန်း၊ ပျဉ်းကတိုး သစ်ခွဲသား ခွဲခြမ်း ငါးတန်၊ ပန်းတောင်းမြို့နယ် ကြိုးပြင်ခုတ်ကွက်အမှတ် (၁၂၃)ရေကျော်မှ တရားမဝင် ပျဉ်းကတိုး၊ ထောက်ကြံ့၊ ကျွန်းခွဲသား ငါးတန်၊ မယ်စဲ့မြို့နယ် သံလွင်မြစ်အရှေ့ဘက်ခြမ်း(၂) ကြိုးပြင်ကာကွယ်တော အကွက်အမှတ်(၃၅၅)၊ မယ်ဆည်နန်ကျေးရွာမြောက်ဘက်မှ တရားမဝင် ကျွန်း/ပိတောက်ခွဲသား ခြောက်တန်၊ ထို့အတူ မယ်စဲ့မြို့နယ် သံလွင်မြစ်အရှေ့ဘက်ခြမ်း(၂)ကြိုးပြင်ကာကွယ်တော၊ အကွက်အမှတ်(၃၅၈)မှ တရားမဝင် ကျွန်း/ ပိတောက်ခွဲသား ၄၅ တန်ခန့်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်ပတ်သက်သော ပြစ်မှုကျူးလွန်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၃၉ စီး၊ သွင်းကုန် ၃၈၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၉၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄ ဒသမ ၅၂၅ သန်းတန်ဖိုးရှိ) တရားမဝင်ကန့်သတ်တားမြစ်ထားသည့် အေးခဲကြက်သား (1 x 50kg),(30) Pkgs,၊ အေးခဲငါးဥ (1 x 50kg), (6 Pkgs)၊ အေးခဲဖားသား (1 x 50kg), (3 Pkgs)၊ အေးခဲဝက်သား (1 x 50kg), (30 Pkgs) နှင့် ပစ္စည်းတင်ဆောင်လာသောယာဉ်တစ်စီးကို သိမ်းဆည်းရမိကြောင်း သိရသည်။

**သတင်းစဉ်**

# မြင်းခြံမြို့၌ ဆိုင်ကယ်ခိုးသူများအား ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့မရဲစခန်းက ဆိုင်ကယ်ခိုးမှုကျူးလွန်သူများအား ယမန်နေ့က ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြင်းခြံမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်ကျော်မင်းနိုင် ဦးစီးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၃ ရက် ည ၁၁ နာရီခွဲက လှည့်ကင်းဆောင်ရွက်နေစဉ် အမှတ်(၁၃)ရပ်ကွက် ဆန္ဒတော်ပြည့်ဘုရားအနီး ဆိုင်ကယ်တစ်စီးအား တွန်းလာသူကို မသင်္ကာဖွယ်တွေ့ရှိ၍ စစ်မေးရာ ၎င်းမှာ မဟာအောင်မြေမြို့နယ် သဲဆိတ်ကျေးရွာနေ ကျော်စွာထွန်းဖြစ်ပြီး ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် ကျော်စွာထွန်းအား မြင်းခြံမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေး ဆောင်ရွက်ခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းသည် ရဲမင်းဦး၊ စိုးလင်းအောင်(ခ)စိုးလေးတို့နှင့်အတူ မြင်းခြံမြို့နယ် ရပ်ကွက်များအတွင်းမှ ဆိုင်ကယ် ခုနစ်စီးအား ခိုးယူခဲ့ကြောင်း သိရသဖြင့် ယမန်နေ့က ရဲမင်းဦးနှင့် စိုးလင်းအောင်(ခ)စိုးလေးအား ဖမ်းဆီးကာ သက်သေခံဆိုင်ကယ်များအား သိမ်းဆည်းပြီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



# အင်းစိန်မြို့နယ်၌ ယာဉ်တိုက်မှုကြောင့် တစ်ဦးသေဆုံး၊ တစ်ဦး ဒဏ်ရာရရှိ

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ယနေ့ နံနက် ၅နာရီက ယာဉ်တိုက်မှုကြောင့် တစ်ဦးသေဆုံး၊ တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းစိန်မြို့နယ် ခရေပင်လမ်းအတိုင်း အင်းစိန်မှ မင်္ဂလာဒုံသို့ ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသည့်ယာဉ်သည် တပ်မတော်စုဆောင်းရေး တပ်ရှေ့အရောက်တွင် ကျော်သက်အောင်မောင်းနှင်ပြီး ချစ်မင်းကိုကို လိုက်ပါလာသည့် ဆိုင်ကယ်အား တိုက်မိခဲ့ရာ ယာဉ်အား မောင်းနှင်ထွက်ပြေးသွားခဲ့ကာ ချစ်မင်းကိုကိုနှင့် ကျော်သက်အောင်တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် အင်းစိန်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူစဉ် ကျော်သက်အောင်မှာ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း (စုံစမ်းဆဲ) အား အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်ပြီး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

■

# မဟာအောင်မြေမြို့နယ်၌ ဝိုင်ယာရှော့ဖြစ်၍ မီးလောင်မှု နှစ်ခုဖြစ်ပွား

**မန္တလေး ဇူလိုင် ၂၇**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ချမ်းမြသာစည် မြောက်ရပ်ကွက် အကွက်(၈၃၈) ၄၂လမ်း၊ လမ်း ၈၀ နှင့် ၈၁ လမ်းကြားရှိ စားသောက်ဆိုင်တွင် ယမန်နေ့ ည ၇ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါဆိုင်တွင် တပ်ဆင်ထားသော စီစီတီဗွီ မီးဖြတ်စက် အပူလွန်ကဲပြီး ဝိုင်ယာရှော့ဖြစ်ရာမှ အဆောက်အအုံသုံးလုံး၏ အစိတ်အပိုင်းအချို့နှင့် အိမ်တွင်းပစ္စည်းများ မီးလောင်ခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ မဟာအောင်မြေမြို့မရဲစခန်းက ဆိုင်မန်နေဂျာအား အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

အလားတူ ယနေ့ နံနက် ၁ နာရီခန့်က မဟာအောင်မြေမြို့နယ် မဟာအောင်မြေအရှေ့ အကွက် ၅၁၆၊ လမ်း ၄၀ နှင့် ၄၁ လမ်းကြား၊ ၈၁ လမ်းနှင့် ၈၂ လမ်းကြားရှိ ဂျုံစက်လုပ်ငန်း ပျဉ်ကာတစ်ထပ်တွင် တပ်ဆင်ထားသော လျှပ်စစ်မိန်းခုံ အပူလွန်ကဲပြီး အနီးရှိ ဂျုံအိတ်များ မီးလောင်ခဲ့သည်။

မီးလောင်မှုနှင့်ပတ်သက်၍ အမှတ်(၉)မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

**မောင်ပြည်သူ(မန္တလေး)**

# ပေါင်မြို့ နယ်ခြားမြိုင်တောရကျောင်း၌ တောင်မြေပြိုကျမှုဖြစ်ပွား

**ပေါင် ဇူလိုင် ၂၇**

မွန်ပြည်နယ် ပေါင်မြို့ မိုးနိုင်းရပ်ကွက် စွယ်တော်ပိုင်းရှိ နယ်ခြားမြိုင်တောရကျောင်းတွင် ယမန်နေ့ မွန်းလွဲပိုင်းက တောင်မြေသားပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါတောင်မြေပြိုကျရာတွင် တောင်ကုန်းပေါ်မှ ၁၀ ပေပတ်လည် ကျောက်တုံးတစ်တုံး၊ လုံးပတ် ၂ ပေ၊ အမြင့် ၁၅ ပေခန့် ပိန္နဲပင်၊ ဘုန်းကြီးကျောင်းသုံး ရေကန်တစ်ကန် ပြိုကျခဲ့ရာ လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းပါက ယင်းမြေပြိုမှုဖြစ်ပွားသည့်နေရာရှိ နယ်ခြားမြိုင်တောရ အဆောက်အအုံနှင့် ဥဏ်တော် ၁၈ ပေရှိ စေတီတစ်ဆူမှာ ထပ်မံပြိုကျနိုင်သည့် အနေအထားရှိသဖြင့် ၎င်းအနီးအနား ပတ်ဝန်းကျင်ရှိ တောင်အောက်တွင် နေထိုင်လျက်ရှိသည့် ပြည်သူများကို ဘေးကင်းရာသို့ ယာယီပြောင်းရွှေ့ပေးထားကြောင်း သိရသည်။

**ဝင်းမင်းသန်း(ပြန်/ဆက်)**



## မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်တဲ့ ပညာအမြော်အမြင်ရှိပါစေ



ပြောင်းသင့်တာတွေကို ပြောင်းရဲတဲ့ သတ္တိရှိပါစေ၊ မပြောင်းသင့်တာတွေကို သည်းခံနိုင်တဲ့ အင်အားရှိပါစေ၊ ဘာကို ပြောင်းသင့်တယ်၊ ဘာကို မပြောင်းသင့်ဘူးဆိုတာ မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်တဲ့ ပညာအမြော်အမြင် ရှိပါစေ။

ဒီဆုတောင်းကို ကျွန်မ သိပ်ကြိုက်ပါတယ်။ ဒါပေမဲ့ 'ပြောင်းသင့်'ကိုတော့'ပြောင်းနိုင်'နဲ့ တွဲပြီး စဉ်းစားရပါမယ်။ ဒီမှာ သတ္တိနဲ့ ပညာ နှစ်ခုလုံး လိုပါတယ်။ နည်းနည်းခက်ခဲတာနဲ့ ရင်ဆိုင်ရရင်၊ 'မရပါဘူး' လို့ လွယ်လွယ်ဆုံးဖြတ်တာမျိုးက အောင်မြင်၊ တိုးတက်မှုလမ်းကို ပိတ်စေပါတယ်။ အခု ကျွန်မတို့ ကိုင်နေတဲ့ iPad ဖုန်းကိုကြည့်ပါ။ ဒါမျိုးမဖြစ်နိုင်ပါဘူးလို့ ပြောတဲ့သူတွေက အများစုဖြစ်နေတာ ဆယ်စုနှစ် အနည်းငယ်သာ ရှိပါသေးတယ်။ ဟော၊ ခုတော့လည်း ကောင်းကောင်းကြီး ဖြစ်နေပါပြီ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏
၄-၆-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၇-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၁၁)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၀၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၁၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၂၅၆) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၂၈) ခု၊

စုစုပေါင်း (၈၁၁) ခုအား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၂၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၀) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၂) ဦး (Case- 336, 338) ရှိသဖြင့် စုစုပေါင်း(၂၉၂) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၇၅) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၆-၇-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီမှ (၂၇-၇-၂၀၂၀)ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၅) ဦးရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၇-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၁၁) ခု |
| (၂၇-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၂) ခု |
| (၂၇-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁၄) ခု |
| (၂၇-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၆) ခု |
| (၂၇-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၅၀) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၂၉၂) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၇-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၂၆-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၂၅၃)ခု အား စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိပါ။

၂။ (၂၇-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၀) ဦးရှိပြီဖြစ်ပါသည်။

၃။ (၂၆-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမ + ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၅၃၅)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၄၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL, Manadalay) မှ ဓာတ်ခွဲနမူနာ (၁၆၀) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၈၆) ခု၊
- စုစုပေါင်း (၁,၁၂၁)ခု အား စစ်ဆေးခဲ့ပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၇-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ |
|---|---|
| (၂၆-၇-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ဒုတိယအသုတ်) | (၂၅၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိရသည့် ဓာတ်ခွဲအတည်ပြုလူနာသစ် | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ဗြိတိန်နိုင်ငံနှင့် ဥရောပနိုင်ငံများ၊ အမေရိကန်ပြည်ထောင်စု၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံတို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဇူလိုင် ၂၇**

ဗြိတိန်နိုင်ငံနှင့် ဥရောပနိုင်ငံများ၊ အမေရိကန်ပြည်ထောင်စု၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံတို့တွင် အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိနေပြီး ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများ၊ ကျောင်းသားများ၊ အစိုးရပညာတော်သင်များ၊ အလုပ်သမားများ စသည်ဖြင့် မြန်မာနိုင်ငံသားစုစုပေါင်း ၂၀၅ ဦးအား ပြန်လည်ခေါ်ဆောင်ရေးအတွက် မြန်မာသံရုံး လန်ဒန်မြို့အနေဖြင့် ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံများရှိ မြန်မာသံရုံး ၁၁ ရုံး၊ ယင်းနိုင်ငံများရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ၎င်းတို့သည် Qatar Airways ကယ်ဆယ်ရေးလေယာဉ်ဖြင့် လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အဆိုပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် ပိတ်မိ၍ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာမြန်မာသံရုံး/ကောင်စစ်ဝန်ချုပ်ရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ မြန်မာနိုင်ငံသားဦးရေ စုစုပေါင်း ၈၉၉၁ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်နေရာများတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ထောက်ပံ့**

ထိုသို့ ဆောင်ရွက်ရာ၌ ယနေ့တွင် ကချင်ပြည်နယ် လွယ်ဂျယ်မြို့နယ်ရှိ လီဆူဘုရားကျောင်း၊ နှစ်ခြင်းဘုရားကျောင်း၊ ကက်သလစ်ကျောင်း၊ ဆိုင်းဂျာဘုရားကျောင်း၊ ညောင်နှစ်ပင်စခန်းနှင့် ထန်းည စုစုပေါင်း IDP စခန်း ခြောက်ခုသို့ သွားရောက်၍ ထုံးအိတ် ၆၀၊ ဆပ်ပြာ ၂၅၅၉ ခဲနှင့် ဗီနိုင်း ခြောက်ချပ်တို့ကို သွားရောက်ထောက်ပံ့သည်။ အလားတူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ အမျိုးသားကျောင်း၊ ကရုချောင်းကျောင်း၊ ဃောသိတာရုံကျောင်း၊ ဆည်ကြီးကျောင်း၊ ကျောက်တော်မြို့နယ်ရှိ ကန်စောက် ဘုန်းတော်ကြီးကျောင်း၊ တောင်မင်းကုလားဘုန်းတော်ကြီးကျောင်း၊ ဝါးတောင်တိုက်ပွဲရှောင်စခန်း၊ ညောင်ချောင်းကျေးရွာ ဘုံမြေနေရာ၊ မြို့နယ်သာသနာ့ဗိမာန်၊ ခရစ်တော်အသင်းကျောင်း၏ ကျမ်းစာကျောင်း၊ မြို့မ အထက စာသင်ကျောင်း၊ မဟာကံကြီးသျှင်ဘုရား၊ နေပူခံတိုက်ပွဲရှောင်စခန်း၊ ပြည်တော်သာရပ်ကွက် အထက၊ မြို့သစ်ရပ်ကွက် အမက(၃) စာသင်ကျောင်း၊ မြို့မရွှေကျောင်း၊ မင်းပြားမြို့နယ်ရှိ ကျွန်းတောရွှေဖောင်တောဘုန်းတော်ကြီးကျောင်း၊ ရွာသစ်ဘုန်းတော်ကြီးကျောင်း၊ နရမ်းရွာကြီးဓမ္မာရုံ၊ နရမ်းအုပ်စုဘုန်းတော်ကြီးကျောင်း၊ ပုညာရာမဘုန်းတော်ကြီးကျောင်း၊ သေကန်ဘုန်းတော်ကြီးကျောင်း၊ အမ်းသားဘုန်းတော်ကြီးကျောင်း၊ သူဌေးကုန်းဘုန်းတော်ကြီးကျောင်း၊ ပုလဲပေါက်ကျေးရွာဘုန်းတော်ကြီးကျောင်း၊ အိုင်ဝန်းကျေးရွာ၊ ဓမ္မရတနာကျောင်းတိုက်၊ ကေသလာချောင်းဝကျေးရွာ၊ ဧဋ္ဌဝတီကျောင်းတိုက်၊ မြရတနာကျောင်းတိုက်၊ ရွှေကျန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ ဝါးတောင်ကျေးရွာ စသည့် ယာယီတိုက်ပွဲရှောင်နေရာတို့အား သွားရောက်၍ ဆပ်ပြာ ၁၄၈၈၁ တောင့်၊ ထုံးအိတ် ၃၃၀ တို့ကို သွားရောက် ထောက်ပံ့သည်။




အလားတူ ဇူလိုင် ၂၆ ရက်က ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ သျှစ်သောင်းဘုန်းတော်ကြီးကျောင်း၊ မြတန်ဆောင်းဘုန်းတော်ကြီးကျောင်း၊ လက်ကောက်ဈေးဘုန်းတော်ကြီးကျောင်း၊ ဘုရားပေါ်ဘုရားသိမ်၊ အောင်စေတီဘုရားသိမ်၊ နရတ်စားဘုရားသိမ်၊ ကျောက်ရာဇ်ကေဘုန်းတော်ကြီးကျောင်း၊ မြို့သစ်ဘုန်းတော်ကြီးကျောင်း၊ ဒိုင်းဂျီဘုန်းတော်ကြီးကျောင်းသစ်၊ ဒိုင်းဂျီဘုန်းတော်ကြီးကျောင်းဟောင်းနှင့် ကိုးနဝင်းဘုန်းတော်ကြီးကျောင်း စုစုပေါင်း ယာယီတိုက်ပွဲရှောင် နေရာ ၁၁ နေရာတို့တွင် ဆပ်ပြာတောင့် ၅၅၈၀၊ ထုံးအိတ် ၁၁၀ တို့ကို သွားရောက်ထောက်ပံ့သည်။

**စဉ်ဆက်မပြတ်ဆောင်ရွက်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**❂ ကျွန်းစုမြို့မှ**

ပထမအကြိမ်ဖြင့် အခြေခံစားသောက်ကုန်ငါးမျိုး ထောက်ပံ့ပေးအပ်ခဲ့ပြီး ယခုဒုတိယအကြိမ် ငွေကျပ် ၂၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ ထောက်ပံ့ငွေများကို အခြေခံလူတန်းစားများထံ လက်ဝယ်အရောက် အမြန်ထုတ်ပေးသွားရန်၊ ကိုဗစ်-၁၉ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ထောက်ပံ့ငွေများကို စနစ်တကျခွဲဝေပေးရန် စသည်တို့ကို တက်ရောက်လာသော ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအား ဆွေးနွေးပြောကြားသည်။

ကျွန်းစုမြို့နယ်တွင် ကျေးရွာအုပ်စု ၂၇ စု၊ အိမ်ထောင်စု ၃၅၆၉၃ စုရှိပြီး အခြေခံလူတန်းစား အိမ်ထောင်စု ၂၃၈၄၅ စုရှိ၍ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၇၆၉၀၀၀၀၀ ကို ငွေကြေးထောက်ပံ့မှု ကြီးကြပ်ကွပ်ကဲရေးကော်မတီက ရပ်ကွက်၊ ကျေးရွာများအလိုက် သက်ဆိုင်ရာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ ၎င်းမှတစ်ဆင့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားထံသို့ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူရအောင်(ကျွန်းစု)**



# ကိုဗစ်-၁၉ ကော်မတီ ကသာခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ဆေးရုံသုံးစက်ကိရိယာနှင့် ဆေးပစ္စည်းများ လွှဲပြောင်းပေးအပ်

**ကသာ ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် ကုသရေးကော်မတီက ဆေးရုံသုံးစက်ကိရိယာနှင့် ဆေးပစ္စည်းများကို ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသွယ်သွယ်ထွန်းထံသို့ ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ကသာခရိုင်ပြည်သူ့ဆေးရုံကြီးတွင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ကုသရေးကော်မတီက ဘဏ္ဍာရေးကော်မတီကို စနစ်တကျဖွဲ့စည်းခဲ့ပြီး ဘဏ္ဍာငွေရရှိရေး၊ ဆေးပစ္စည်းများဝယ်ယူရေးကို ဆောင်ရွက်ခဲ့ကြကာ ကြိုတင်ဖြည့်ဆည်းဝယ်ယူထားသောစက်ကိရိယာနှင့် ဆေးပစ္စည်းများကို ကသာခရိုင်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော လူနာများအတွက် အကျိုးရှိစွာ အသုံးပြုနိုင်ရန် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**အေးမြသက်ထား**

# ကိုဗစ်ကာလ ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ကိုဗစ်ကာလ ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ရေဆင်းငါးလုပ်ငန်းစခန်း၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူး၊ မွေးမြူရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာအောင်နိုင်ဦး၊ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် ပျဉ်းမနားမြို့နယ်မှ ငါးမွေးတောင်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးတို့က နိုင်ငံတော်မှထောက်ပံ့သည့် အစီအစဉ်များနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့ပြီး နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူး၊ နေပြည်တော်တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်နီလာကြွယ်၊ တိုင်းစိုက်ပျိုးရေးဦးစီးဌာနမှူးတို့က ငါးမွေးတောင်သူများအား ငါးသားပေါက်များ အသီးသီးပေးအပ်ခဲ့သည်။ နေပြည်တောင်ကောင်စီ ပျဉ်းမနားမြို့နယ်တွင် ပထမဆုံးပေးအပ်ခြင်းဖြစ်ပြီး ငါးသားပေါက်ကောင်ရေ ၁၉၂၄၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကာ ကျန်မြို့နယ်များကိုလည်း ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

**ကိုဗစ်-၁၉ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

# ကိုဗစ် - ၁၉ သတင်း



## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၁၁၄၂၅ | ၃၅၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၈၂ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၆၉၀

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၇၅ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

- ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဇော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၇ | ၅ |
| ၂ | ရခိုင် | ၁၆ | |
| ၃ | ချင်း | ၁၄ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| စုစုပေါင်း | | ၃၅၀ | ၆ |

- ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၇-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၄၃၇၄၇၈၅ | ၂၀၉၀၂၇၁ | ၁၄၉၈၆၄ |
| ဘရာဇီး | ၂၄၁၉၉၀၁ | ၁၆၃၄၂၇၄ | ၈၇၀၅၂ |
| အိန္ဒိယ | ၁၄၆၄၉၉၁ | ၉၃၅၃၇၆ | ၃၃၁၁၁ |
| ရုရှား | ၈၁၈၁၂၀ | ၆၀၃၃၂၉ | ၁၃၃၅၄ |
| တောင်အာဖရိက | ၄၄၅၄၃၃ | ၂၆၅၀၇၇ | ၆၇၆၉ |
| မက္ကဆီကို | ၃၉၀၅၁၆ | ၂၅၁၅၀၅ | ၄၃၆၈၀ |
| ပီရူး | ၃၈၄၇၉၇ | ၂၆၇၈၅၀ | ၁၈၂၂၉ |
| ချီလီ | ၃၄၅၇၉၀ | ၃၁၈၀၉၅ | ၉၁၁၂ |
| စပိန် | ၃၁၉၅၀၁ | စိစစ်ဆဲ | ၂၈၄၃၂ |
| ဗြိတိန် | ၂၉၉၄၂၆ | စိစစ်ဆဲ | ၄၅၇၅၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၀၀၃၀၃ | ၅၈၁၇၃ | ၄၈၃၈ |
| ဖိလစ်ပိုင် | ၈၂၀၄၀ | ၂၆၄၄၆ | ၁၉၄၅ |
| စင်ကာပူ | ၅၀၈၃၈ | ၄၅၅၂၁ | ၂၇ |
| မလေးရှား | ၈၉၀၄ | ၈၆၀၁ | ၁၂၄ |
| ထိုင်း | ၃၂၉၅ | ၃၁၁၁ | ၅၈ |
| ဗီယက်နမ် | ၄၃၁ | ၃၆၅ | ၀ |
| မြန်မာ | ၃၅၀ | ၂၈၂ | ၆ |
| ကမ္ဘောဒီးယား | ၂၂၅ | ၁၄၃ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| လာအို | ၂၀ | ၁၉ | ၀ |

## မိုင်းယန်းမြို့နယ် လောက်ကျန်ကျေးရွာ၌ ကိုဗစ်–၁၉ ကူးစက်ရောဂါကာလ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းများ စနစ်တကျစိုက်ပျိုး

**မိုင်းယန်း ဇူလိုင် ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် လောက်ကျန်ကျေးရွာ၌ ၂၀၂၀ ပြည့်နှစ် မိုးစပါး စိုက်ပျိုးရာသီတွင် ကိုဗစ်–၁၉ ကူးစက်ရောဂါကာလ စီးပွားရေးကုစားမှုအစီအစဉ်(CERP) အရ မိုးစပါး မျိုးစေ့ထုတ်စိုက်ခင်းများကို နည်းစနစ်မှန်ဖြင့် စနစ်တကျ စိုက်ပျိုးလျက်ရှိရာ ယမန်နေ့တွင် မိုင်းလွေကျေးရွာအုပ်စု လောက်ကျန်ကျေးရွာရှိ တောင်သူကြီး ဦးအိုက်ရီ၏ လယ်မြေ သုံးဧကတွင် မျိုးကောင်းမျိုးသန့် စပါးမျိုးစေ့များအား ခြောက်တန်းကို တစ်တန်းလှပ်စနစ်ဖြင့် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်(CERP)အရ ဆောင်ရွက်နေသည့် မိုးစပါးမျိုးစေ့ထုတ် စိုက်ပျိုးသော တောင်သူများကို ကျိုင်းတုံခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များကို နည်းစနစ်မှန်ဖြင့်



စိုက်ပျိုးရေး ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါစိုက်ခင်းများသို့ ကျိုင်းတုံခရိုင် စိုက်ပျိုးရေးဦးစီးဌာန၊ မိုင်းယန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက စပါးစိုက်တောင်သူများအား နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရေး၊ နည်းပညာပိုင်းနှင့် လိုအပ်သည်များကို ကွင်းဆင်းကြီးကြပ်ပြီး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လဲချားမြို့နယ် စာသင်ကျောင်း၌ နှာခေါင်းစည်းများ လှူဒါန်း

**လဲချား ဇူလိုင် ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်တွင် နှာခေါင်းစည်းများ လှူဒါန်းခြင်းကို ယနေ့နံနက် ၈ နာရီတွင် အထက(ခွဲ)နောင်မိန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနေမျိုးနှင့် ရဲတပ်ဖွဲ့ဝင်များက ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရေးအတွက် ကျောင်းသားကျောင်းသူများအနေဖြင့် နှာခေါင်းစည်းများ ဝတ်ဆင်စေရန်အတွက် လှူဒါန်းခြင်းဖြစ်ပြီး ကျောင်းအုပ်ဆရာကြီး ဦးချမ်းငြိမ်းအောင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

လွှမ်းသူနောင်(ပြန်/ဆက်)

## ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး အသိပညာပေး ပိုစတာများစိုက်ထူခြင်းနှင့် လက်ကမ်းစာဆောင်များဖြန့်ဝေ

**ပဲခူး ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ဝေါမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးသန်းလင်းနှင့်ဝန်ထမ်းများသည် ယမန်နေ့က ဝေါမြို့မဈေးကြီး၌ ငါးများစားသုံးခြင်းဖြင့် ကိုယ်ခံအားကောင်းမွန်စေကြောင်း သိရှိကြစေရန် ကိုဗစ်–၁၉ ကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး အသိပညာပေး ပိုစတာများစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## သဃ်န်းကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ နှာခေါင်းစည်းနှင့် မျက်နှာအကာအကွယ်များ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၇**

သဃ်န်းကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအတွက် နှာခေါင်းစည်းနှင့် မျက်နှာအကာအကွယ်များကို ယနေ့ နံနက်ပိုင်းတွင် လောကဒေ္ဓသည်သွေးကူညီမှုအသင်း(ရန်ကုန်)က သွားရောက် လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် ကျောင်းသား ကျောင်းသူများအတွက် နှာခေါင်းစည်းနှင့် မျက်နှာအကာအကွယ်တွဲလျက်ချုပ်ထားသည့် ကျန်းမာရေးအထောက်အကူပြုကာကွယ်ရေးပစ္စည်း အခု ၁၅၀၀၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအတွက် နှာခေါင်းစည်းအခု ၁၀၀ နှင့် မျက်နှာအကာအကွယ် အခု ၁၀၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

အေးမင်းသူ

# အခြေခံလူတန်းစား အိမ်ထောင်စုများအား ထောက်ပံ့ကြေးပေးအပ်

**သဃ်္ဃန်းကျွန်း**

ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်ရှိ အခြေခံလက်လုပ်လက်စား အိမ်ထောင်စုများထံသို့ နိုင်ငံတော်မှထောက်ပံ့ငွေ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက သဃ်္ဃန်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ထိုက်က အိမ်ထောင်စုများထံ လက်ဝယ်အရောက် လိုက်လံပေးအပ်ခဲ့သည်။

သဃ်္ဃန်းကျွန်းမြို့နယ်တွင် အခြေခံလက်လုပ်လက်စား အိမ်ထောင်စုပေါင်း ၁၄၄၂၄ စုရှိကြောင်း သိရသည်။ **ရဲမင်းထွန်း (ပြန်/ဆက်)**

**ဝေါလေမြိုင်**

ကရင်ပြည်နယ် ဝေါလေမြိုင်မြို့တွင် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား နိုင်ငံတော်အစိုးရမှ ဒုတိယအကြိမ် ထောက်ပံ့ငွေများပေးအပ်ခြင်းကို ဇူလိုင် ၂၆ ရက် ညနေ ၄ နာရီခွဲက ဝေါလေမြိုင်မြို့ အမှတ်(၂)ရပ်ကွက်တွင် ပြုလုပ်သည်။

ဝေါလေမြိုင်မြို့ အုပ်ချုပ်ရေးမှူး ဦးကောင်းရီနှင့် ရပ်ကွက်အုပ်ချုပ်ရေး တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အမှတ်(၂)ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၁၁၂ စုအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး ထောက်ပံ့ငွေများပေးရန် ကျန်ရှိသော ရပ်ကွက်/ကျေးရွာများရှိ အိမ်ထောင်စုများကိုလည်း ဆက်လက်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**သထုံ**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံအိမ်ထောင်စုများအတွက် နိုင်ငံတော်မှ တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သထုံမြို့နယ်အတွင်းတွင် အခြေခံအိမ်ထောင်စုပေါင်း ၁၂၄၁၁ စု ရှိကြောင်း သိရသည်။ **သက်ဦး(သထုံ)**




**မိုင်းယု**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့တွင် နိုင်ငံတော်မှ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁ နာရီက မိုင်းယုဒေသရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများသို့ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

မိုင်းယုမြို့ရှိ မြို့မရပ်ကွက်အုပ်စု ၂၄ စု၊ ဒွန်းနွဲ့အုပ်စု ၁၉ စု၊ မိုင်းလွေအုပ်စု ခုနစ်စုနှင့် တာကြွန့်အုပ်စု ခုနစ်စုတို့အား အိမ်တိုင်ရာရောက် သွားရောက်၍ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**




**ချောင်းဆုံ**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် အခြေခံလူတန်းစားများအား ထောက်ပံ့ငွေများပေးအပ်ခြင်းကို ဇူလိုင် ၂၇ ရက် မွန်းတည့် ၁၂ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချောင်းဆုံမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများအား တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ကျေးရွာအုပ်စု ၄၆ အုပ်စုရှိ အိမ်ထောင်စု ၇၀၇၇ အတွက် ထောက်ပံ့ငွေကျပ် ၁၄၁၅၄၀၀၀၀ ကို အခြေခံလူတန်းစားများထံ ကျေးရွာအုပ်စုများမှတစ်ဆင့် ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ထူးအိမ်(ပြန်/ဆက်)**

**ကျောက်မဲ**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်အတွင်းရှိ ရပ်ကွက် ရှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၁ အုပ်စုရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၃၄၃၅ စုအတွက် တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် နိုင်ငံတော်မှ ပေးအပ်သော ထောက်ပံ့ငွေပေးအပ်ခြင်းကို ဇူလိုင် ၂၇ ရက် နံနက် ၁၁ နာရီ က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကျောက်မဲမြို့နယ်အတွင်း(မိုင်းငေါ့မြို့၊ မိုင်းလုံမြို့အပါအဝင်) ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုပေါင်း ၅၀၅၀ ရှိပြီး ယမန်နေ့က မိုင်းငေါ့မြို့၌ ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၀ အုပ်စုရှိ အိမ်ထောင်စု ၅၃၇ စုအတွက် ထောက်ပံ့ကြေးများကို ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ထောက်ပံ့ပေး ရန်ကျန်ရှိသော မိုင်းလုံမြို့ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၅ အုပ်စုရှိ အိမ်ထောင်စု ၁၀၇၈ စုအတွက် ထောက်ပံ့ကြေးများကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မိုင်းထွန်း(ပြန်/ဆက်)**

**မူဆယ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၈၄၀၀ ကျော်အတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေကျပ် စုစုပေါင်း သိန်း ၁၆၈၀ ကျော် ပေးအပ်သည့် အခမ်းအနားကို ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁ နာရီက မူဆယ်မြို့ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန(ရုံးဟောင်း) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မူဆယ်မြို့နယ်အတွင်းရှိ အခြေခံလူတန်းစားများအတွက် ထောက်ပံ့ငွေများကို သက်ဆိုင်ရာ မြို့အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူတို့က အသီးသီး လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

**ဆိပ်ဖြူ**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ငွေသဲဖြူ)ခန်းမ၌ ကျင်းပသည်။

ဆိပ်ဖြူမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုပေါင်း ၆၃၈၉ စုတို့အတွက် တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၆၇၇၈၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမျိုး (ယောရော)**




**ကန့်ဘလူ**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား နိုင်ငံတော်အစိုးရမှ ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁၂ နာရီခွဲက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ကန့်ဘလူမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စုပေါင်း ၆၆၄၄၉ စု အတွက် ငွေကျပ် ၁၃၂၈၉၈၀၀၀၀ ကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**




## မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၅၇ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဇူလိုင် ၂၇**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၅၇ ဦးသည် မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ် မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ယနေ့အထိ ၁၇၃၃၅ ဦး စုစုပေါင်း ၅၄၃၅၃ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ အမျိုးသား ၃၀၂ ဦး၊ အမျိုးသမီး ၂၅၅ ဦး စုစုပေါင်း ၅၅၇ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

## ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ၁၂၇ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော် ဇူလိုင် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ချင်းရွှေဟော်မြို့ရှိ နှစ်နိုင်ငံ နယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ယမန်နေ့ ညနေ ၆ နာရီက ၁၃ ဦးနှင့် ယနေ့မွန်းလွဲ ၃ နာရီခွဲက ၁၁၄ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၂၇ ဦးတို့အား လားရှိုးမြို့သို့ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၁၂၇ ဦးမှာ အမျိုးသား ၈၅ ဦး၊ အမျိုးသမီး ၄၂ ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ ၁၀ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ခြောက်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ လေးဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၀ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၀ ဦး၊ ကချင်ပြည်နယ်မှ ခုနစ်ဦး၊ ရှမ်းပြည်နယ်မှ ၄၀၊ ရခိုင်ပြည်နယ်မှ ၂၃ ဦးနှင့် နေပြည်တော်မှ သုံးဦးတို့ဖြစ်ကြောင်း သိရသည်။

ယင်းနေရပ်ပြန်ပြည်သူများတွင် တရုတ်နိုင်ငံမှလွှဲပြောင်းလာသည့် အမျိုးသား ၇၆ ဦး၊ အမျိုးသမီး ၃၀ စုစုပေါင်း ၁၀၆ ဦးတို့အား ချင်းရွှေဟော်မြို့ မြို့တော်ခန်းမ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် ခေတ္တထားရှိပြီး ချင်းရွှေဟော်မြို့ ကုသရေးဦးစီးဌာနမှ ၎င်းတို့၏ အာခေါင်တို့ဖတ်၊ နှာခေါင်းတို့ဖတ်တို့အား ရယူကာ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ ဓာတ်ခွဲ စစ်ဆေးနိုင်ရန် မန္တလေးမြို့ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ ကောင်းမွန်ကြောင်း သိရ၍ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက သက်ဆိုင်ရာဒေသများသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

နေရပ်ပြန်ပြည်သူများအား စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၆၇၉ ဦးနှင့် အမျိုးသမီး ၆၁၆၅ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၃၈၄၄ ဦးတို့အား လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**



# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**(ယမန်နေ့မှအဆက်)**

(ခ) ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ၏ ရည်ရွယ်ချက်များအလို့ငှာ ပြည်ပနေပုဂ္ဂိုလ်၏ အခွန်နှစ်တစ်နှစ်အတွက် အသားတင် နိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်းကို အောက်ပါပုံသေနည်းအတိုင်း တွက်ချက်ရမည် –

A – B

ယင်းတွင် –

A သည် ယင်းပုဂ္ဂိုလ်က အဆိုပါအခွန်နှစ်အတွင်း မြန်မာနိုင်ငံရှိ အမြဲတမ်းလုပ်ငန်းတည်ရာ ဌာနတစ်ခုမှတစ်ဆင့် လုပ်ငန်းဆောင်ရွက်ရာ၌ ရရှိသည့် စုစုပေါင်းနိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်းဖြစ်ပြီး

B သည် ယင်းပုဂ္ဂိုလ်က အဆိုပါအခွန်နှစ်အတွင်း မြန်မာနိုင်ငံရှိ အမြဲတမ်းလုပ်ငန်း တည်ရာဌာန တစ်ခုမှတစ်ဆင့် လုပ်ငန်းဆောင်ရွက်ရာ၌ ပေါ်ပေါက်သည့် စုစုပေါင်း နိုင်ငံခြားငွေလဲလှယ်မှု အရှုံးဖြစ်သည်။

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ(ခ) ပါ ပုံသေနည်းမှ “B” ကို တွက်ချက်ရာ၌ ပုဂ္ဂိုလ်တစ်ဦးသည် အခွန်နှစ်တစ်နှစ်အတွက် ယင်း၏ နိုင်ငံခြားငွေလဲလှယ်မှုအရှုံးတစ်ရပ်ကို ညွှန်ကြားရေးမှူးချုပ် ကျေနပ်လက်ခံအောင် တင်ပြနိုင်မှသာ ယင်းအရှုံးကို ထည့်သွင်းစဉ်းစားရမည်။

(ဃ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ) ပါ ပုံသေနည်းမှ “B” သည် အခွန်နှစ်တစ်နှစ်အတွက် “A” ထက်ပိုမိုနေပါက ပိုမိုနေသည့် ငွေကြေးပမာဏသည် ယင်းပုဂ္ဂိုလ်၏ ထိုနှစ်အတွက် အသားတင် နိုင်ငံခြားငွေလဲလှယ်မှု အရှုံးဖြစ်သည်။

(င) ပုဂ္ဂိုလ်တစ်ဦးသည် အခွန်နှစ်တစ်နှစ်အတွက် အသားတင်နိုင်ငံခြားငွေလဲလှယ်မှုအရှုံးတစ်ရပ် ပေါ်ပေါက်ခဲ့လျှင် အောက်ပါတစ်နည်းနည်းဖြင့် ဆောင်ရွက်ရန် ဖြစ်သည် –

(၁) ယင်းပုဂ္ဂိုလ်သည် လိုင်စင်ရငွေရေးကြေးရေးအဖွဲ့အစည်းဖြစ်ပါက သို့မဟုတ် အသားတင် နိုင်ငံခြားငွေလဲလှယ်မှုအရှုံးသည် ယင်းပုဂ္ဂိုလ်၏ လုပ်ငန်းနှင့် ဆက်စပ်နေပါက ယင်းလုပ်ငန်းမှ ဝင်ငွေကို တွက်ချက်ရာ၌ ထိုအရှုံးကို အဆိုပါအခွန်နှစ်အတွက် နုတ်ပယ်မှုအဖြစ်ခွင့်ပြုရမည်၊

(၂) အခြားမည်သည့်ကိစ္စအတွက်မဆို အရှုံးကို ဆက်လက်သယ်ဆောင်ပြီး လာမည့် အခွန်နှစ်အတွက် အသားတင် နိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်း သို့မဟုတ် အရှုံးကို တွက်ချက်ရန် ရည်ရွယ်ချက်များအလို့ငှာ ယင်းနှစ်တွင် ပေါ်ပေါက်သည့် နိုင်ငံခြားငွေလဲလှယ်မှု အရှုံးအဖြစ် မှတ်ယူရမည်။

**နိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်း သို့မဟုတ် အရှုံး**

၄၄။ (က) နိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်းသည် ပုဂ္ဂိုလ်တစ်ဦးက နိုင်ငံခြားငွေဖြင့် ဆောင်ရွက်ခြင်းပြုရာ၌ ငွေလဲလှယ်မှုနှုန်းထား အတက်အကျကြောင့် ပေါ်ပေါက်လာသည့် အမြတ်အစွန်းဖြစ်သည်။

(ခ) နိုင်ငံခြားငွေလဲလှယ်မှု အရှုံးသည် ပုဂ္ဂိုလ်တစ်ဦးက နိုင်ငံခြားငွေဖြင့် ဆောင်ရွက်ခြင်းပြုရာ၌ ငွေကြေးလဲလှယ်မှုနှုန်းထား အတက်အကျကြောင့် ပေါ်ပေါက်လာသည့် အရှုံးဖြစ်သည်။

(ဂ) ပုဂ္ဂိုလ်တစ်ဦးသည် နိုင်ငံခြားငွေဖြင့် ဆောင်ရွက်ခြင်းတစ်ရပ်ကြောင့် နိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်းပေါ်ပေါက်ကြောင်း သို့မဟုတ် နိုင်ငံခြားငွေ လဲလှယ်မှုအရှုံး ပေါ်ပေါက်ကြောင်းကို သတ်မှတ်ရာ၌ ယင်းလုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ယင်းပုဂ္ဂိုလ်က သော်လည်းကောင်း၊ တွဲဖက်လုပ်ကိုင်သူတစ်ဦးက သော်လည်းကောင်း ပြုလုပ်ထားသည့် အရှုံးကာကွယ်သည့်ပဋိညာဉ်အရ ယင်းပုဂ္ဂိုလ်၏ အနေအထားကို ထည့်သွင်းစဉ်းစားရမည်။

(ဃ) အခွန်ထမ်းတစ်ဦးသည် နိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်း အမှန်တကယ်ရရှိချိန် သို့မဟုတ် အရှုံးအမှန်တကယ်ကျခံရချိန်တွင် နိုင်ငံခြားငွေလဲလှယ်မှုမှ အမြတ်အစွန်း သို့မဟုတ် အရှုံး ပေါ်ပေါက်သည်။

(င) ဤပုဒ်မတွင် –

(၁) “**နိုင်ငံခြားငွေဖြင့် ဆောင်ရွက်ခြင်း**”ဆိုသည်မှာ လုပ်ငန်းတစ်ရပ်မှ စည်းကြပ်ထိုက်သောဝင်ငွေရရှိရန် ဆောင်ရွက်ရာ၌ ပြုလုပ်ခဲ့သည့် အောက်ပါဆောင်ရွက်ချက်များအနက် တစ်ခုခုကိုဆိုသည် –

(ကက) နိုင်ငံခြားငွေတစ်ရပ်ဖြင့် ရောင်းဝယ်ခြင်း၊

(ခခ) ကြွေးမြီဆိုင်ရာတာဝန်တစ်ရပ်ကိုနိုင်ငံခြားငွေဖြင့် ထုတ်ပေးခြင်း၊ သို့မဟုတ် ရယူခြင်း၊

(ဂဂ) နိုင်ငံခြားငွေတစ်ရပ်ဖြင့်တန်ဖိုးသင့်သည့်အခြားမည်သည့် ရောင်းဝယ်မှုမဆို။

(၂) “**အရှုံးကာကွယ်သည့် ပဋိညာဉ် (hedging contract)**” ဆိုသည်မှာ အခြားစာချုပ်တစ်ရပ်အရ ငွေကြေးလဲလှယ်မှုနှုန်း အတက်အကျများကြောင့် ပုဂ္ဂိုလ်တစ်ဦးအပေါ် ကျရောက်လာနိုင်သည့် ဆိုးရွားသည့် ဘဏ္ဍာရေးဆိုင်ရာ နောက်ဆက်တွဲ ဖြစ်ရပ်များ၏ ဆုံးရှုံးနိုင်ခြေကို ပပျောက်စေရန် သို့မဟုတ် လျှော့ချရန် ရည်ရွယ်ချက်ဖြင့် ယင်းပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်လုပ်ကိုင်သူတစ်ဦးက ပြုလုပ်သည့် သဘောတူစာချုပ်တစ်ရပ်ကို ဆိုသည်။

**အပိုင်း (၈)**

**နိုင်ငံတကာ**

**ပြည်ပအခွန်ခုနှိမ်မှု**

၄၅။ (က) ပြည်တွင်းနေပုဂ္ဂိုလ်တစ်ဦးသည် စည်းကြပ်ထိုက်သော ပြည်ပဝင်ငွေကို ရရှိပြီး ယင်းဝင်ငွေနှင့် စပ်လျဉ်း၍ ထိုပုဂ္ဂိုလ်သည် ပြည်ပဝင်ငွေခွန်ကို ပေးဆောင်ထားပြီးဖြစ်လျှင် ယင်းအား အောက်ပါငွေကြေးပမာဏများအနက် နည်းရာနှင့် ညီမျှသည့် ငွေကြေးပမာဏကို အခွန်ခုနှိမ်ခွင့် (ပြည်ပအခွန်ခုနှိမ်ခွင့် ဟု ရည်ညွှန်းမည်) ပြုသည် –

(၁) ပေးဆောင်ခဲ့သည့် ပြည်ပဝင်ငွေခွန်၊

(၂) အဆိုပါစည်းကြပ်ထိုက်သော ပြည်ပဝင်ငွေနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ပေးဆောင်ရမည်ဖြစ်သည့် ဝင်ငွေခွန်။

(ခ) ပြည်တွင်းနေပုဂ္ဂိုလ်၏ အခွန်စည်းကြပ်ရန် ဝင်ငွေနှင့်စပ်လျဉ်း၍ ယင်းပေးဆောင်ရန်ရှိသည့် ဝင်ငွေခွန် ပမာဏမှ ပုဒ်မခွဲ (က) အရ ခွင့်ပြုသည့် ပြည်ပအခွန်ခုနှိမ်ခွင့်ကို ယင်းစည်းကြပ်ထိုက်သော ပြည်ပဝင်ငွေပေါ်ပေါက်သည့် အခွန်နှစ်အတွက် နုတ်ပယ်ရမည်။

(ဂ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) ၏ ရည်ရွယ်ချက်များအလို့ငှာ ပြည်တွင်းနေပုဂ္ဂိုလ်တစ်ဦးက အခွန်နှစ်တစ်နှစ်အတွင်းရရှိသည့် စည်းကြပ်ထိုက်သော ပြည်ပဝင်ငွေနှင့်စပ်လျဉ်း၍ အခြားနည်းအားဖြင့် ပေးဆောင်ရန်ရှိမည့် ဝင်ငွေခွန်ကို တွက်ချက်ရာတွင် ယင်းပုဂ္ဂိုလ် ထိုနှစ်အတွက်ရရှိသည့် အသားတင် ပြည်ပဝင်ငွေကို ထိုအခွန်နှစ်အတွက် ယင်းပုဂ္ဂိုလ်နှင့် အကျုံးဝင်သည့် မြန်မာနိုင်ငံ ဝင်ငွေခွန်၏ ပျမ်းမျှနှုန်းဖြင့် မြှောက်ရမည်။

(ဃ) ပြည်တွင်းနေ ပုဂ္ဂိုလ်တစ်ဦး၏ အခွန်နှစ်တစ်နှစ်အတွက် ပြည်ပအခွန်ခုနှိမ်မှုကို ပြည်ပရှိ လုပ်ငန်းမှဝင်ငွေနှင့် ယင်းပုဂ္ဂိုလ်၏ အခြားပြည်ပဝင်ငွေတို့အတွက် သီးခြားစီ တွက်ချက်ရမည်။

(င) ပုဒ်မခွဲ (ဃ) ကို ကျင့်သုံးရာတွင် နုတ်ပယ်မှုများကို ပုဒ်မခွဲ (ဈ)၊ ပုဒ်မခွဲငယ် (၇) ပါ “**အသားတင်ပြည်ပဝင်ငွေ**” အတွက် အဓိပ္ပာယ်သတ်မှတ်ချက်၏ ပုဒ်မခွဲငယ်စိတ် (ခခ) ပါ ရည်ရွယ်ချက်များအလို့ငှာ ပုဒ်မ ၅၃ နှင့်အညီ ပြည်ပရှိ လုပ်ငန်းမှဝင်ငွေနှင့် အခြားပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်ငွေတို့သည် သီးခြားဝင်ငွေအုပ်စုများ ဖြစ်ကြသည်ဟု ယူဆလျက် ခွဲဝေရမည်။

(စ) ဤပုဒ်မအရ ပြည်ပအခွန်ခုနှိမ်မှုကို ပြည်တွင်းနေပုဂ္ဂိုလ်က ယင်းအခွန်နှင့် ဆက်စပ်သည့် ပြည်ပဝင်ငွေကို ရရှိသည့် အခွန်နှစ်ကုန်ဆုံးပြီးနောက် နှစ်နှစ်အတွင်း သို့မဟုတ် ပြည်တွင်းနေပုဂ္ဂိုလ်က စာဖြင့်ရေးသားလျှောက်ထားမှုအပေါ် ညွှန်ကြားရေးမှူးချုပ်က ခွင့်ပြုနိုင်သည့် ယင်းထက်ပိုမိုကြာမြင့်သည့် ကာလအတွင်း ယင်းပြည်ပဝင်ငွေခွန်ကို ပေးဆောင်မှသာ ခွင့်ပြုနိုင်သည်။

(ဆ) ဤပုဒ်မအရ ပုဂ္ဂိုလ်တစ်ဦးကို အခွန်နှစ်တစ်နှစ်အတွက် ခွင့်ပြုသည့် ပြည်ပအခွန် ခုနှိမ်မှုသည် ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့်ခုနှိမ်ခွင့်ဖြစ်ပြီး ယင်းပုဂ္ဂိုလ်အား ယင်းအခွန်နှစ်အတွက် အခြားအခွန်ခုနှိမ်မှု တစ်စုံတစ်ရာကို ခွင့်မပြုမီ နုတ်ပေးရမည်။

(ဇ) ဤပုဒ်မအရ ခုနှိမ်မှုမပြုထားသည့် ပုဂ္ဂိုလ်တစ်ဦး၏ အခွန်နှစ်တစ်နှစ်အတွက် ပြည်ပအခွန်ခုနှိမ်မှု တစ်စုံတစ်ရာကို ယင်းနှစ်မတိုင်မီ အခွန်နှစ်တစ်နှစ်သို့ နောက်ပြန် သယ်ဆောင်သွားနိုင်ခြင်း သို့မဟုတ် ယင်းနှစ်၏နောက် အခွန်နှစ်တစ်နှစ်သို့ ဆက်လက်သယ်ဆောင်သွားနိုင်ခြင်း မရှိစေရ။

(ဈ) ဤပုဒ်မတွင် –

(၁) အခွန်နှစ်တစ်နှစ်အတွက် ပြည်တွင်းနေပုဂ္ဂိုလ်တစ်ဦးနှင့် စပ်လျဉ်း၍ “**မြန်မာနိုင်ငံဝင်ငွေခွန်၏ ပျမ်းမျှနှုန်း**”ဆိုသည်မှာ ယင်းပုဂ္ဂိုလ်အား ဤဥပဒေအရ အခြားမည်သည့်အခွန်ခုနှိမ်မှုကိုမျှ ခွင့်မပြုမီ ယင်းပုဂ္ဂိုလ်၏ ထိုနှစ်အတွက် အခွန်စည်းကြပ်ရန် ဝင်ငွေနှင့် ယင်းပုဂ္ဂိုလ် ထိုနှစ်အတွက် ပေးဆောင်ရန်ရှိသည့် ဝင်ငွေခွန်တို့၏ ရာခိုင်နှုန်းအချိုးအစားတစ်ရပ်ကို ဆိုသည်။

(၂) “**စည်းကြပ်ထိုက်သော ပြည်ပဝင်ငွေ**”ဆိုသည်မှာ စည်းကြပ်ထိုက်သော ဝင်ငွေတွင် ပါဝင်သည့် ပြည်ပဝင်ငွေကိုဆိုသည်။

(၃) “**ပြည်ပရှိလုပ်ငန်းမှဝင်ငွေ**” ဆိုသည်မှာ ပြည်ပဝင်ငွေဖြစ်သည့် လုပ်ငန်းမှ ဝင်ငွေကိုဆိုသည်။

(၄) “**ပြည်ပရှိ အလုပ်အကိုင်မှဝင်ငွေ**” ဆိုသည်မှာ ပြည်ပဝင်ငွေဖြစ်သည့် အလုပ်အကိုင်မှ ဝင်ငွေကိုဆိုသည်။

(၅) “**ပြည်ပရှိ ရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေ**” ဆိုသည်မှာ ပြည်ပဝင်ငွေဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေကိုဆိုသည်။

(၆) “**ပြည်ပဝင်ငွေခွန်**” ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခု၏ အစိုးရ သို့မဟုတ် ပြည်ပနိုင်ငံတစ်ခု၏ ဒေသန္တရအစိုးရတစ်ခုက ကျသင့်စေသည့် ပင်ရင်းမှ နုတ်ယူပေးသွင်းခွန် အပါအဝင်ဖြစ်သည့် မည်သည့်ဝင်ငွေ သို့မဟုတ် မြတ်စွန်းငွေပေါ်တွင် ကောက်ခံသည့် အခွန်ကိုဆိုသည်။ သို့ရာတွင် ယင်းအခွန်နှင့် စပ်လျဉ်းသည့် ဒဏ်ကြေးငွေ၊ ထပ်ဆောင်းအခွန်၊ သို့မဟုတ် ပေးရန်ရှိသည့် အတိုးတို့ ပါဝင်ခြင်း မရှိစေရ။

(၇) အခွန်နှစ်တစ်နှစ်အတွက် ပြည်တွင်းနေ ပုဂ္ဂိုလ်တစ်ဦးနှင့် စပ်လျဉ်း၍ “**အသားတင် ပြည်ပဝင်ငွေ**” ဆိုသည်မှာ ယင်းပုဂ္ဂိုလ်၏ ထိုနှစ်အတွက် စုစုပေါင်း စည်းကြပ်ထိုက်သော ပြည်ပဝင်ငွေမှ ထိုပုဂ္ဂိုလ်အား ယင်းနှစ်အတွက် ဤဥပဒေအရ ခွင့်ပြုထားသည့် အောက်ပါအခြေအနေများနှင့် အကျုံးဝင်သည့် မည်သည့် နုတ်ပယ်မှုမျိုးကိုမဆို နုတ်ထားပြီးသည့် ပမာဏ ကိုဆိုသည် –

(ကက) စည်းကြပ်ထိုက်သော ပြည်ပဝင်ငွေရရှိမှု တစ်ခုတည်းနှင့်သာ သီးသန့် ဆက်စပ်ခြင်း၊

(ခခ) စည်းကြပ်ထိုက်သော ပြည်ပဝင်ငွေရရှိခြင်းအတွက် ပုဒ်မ ၅၃ နှင့် အညီ ခွဲဝေထားခြင်း။

**ပြည်ပအရှုံးများ**

၄၆။ (က) ပြည်တွင်းနေပုဂ္ဂိုလ်တစ်ဦး စည်းကြပ်ထိုက်သော ပြည်ပဝင်ငွေရရှိရန် ဆောင်ရွက်ရာ၌ ဤဥပဒေအရ နုတ်ပယ်ခွင့်ပြုသည့် ငွေကြေးပမာဏတစ်ရပ်သည် ယင်းဝင်ငွေမှသာ နုတ်ပယ်ခွင့်ရှိသည်။

(ခ) ပြည်တွင်းနေပုဂ္ဂိုလ်တစ်ဦးသည် အခွန်နှစ်တစ်နှစ်အတွက် ပြည်ပအရှုံး ပေါ်ပေါက်ခဲ့လျှင် အရှုံးငွေကြေးပမာဏကို လာမည့်အခွန်နှစ်သို့ ဆက်လက်သယ်ဆောင်ပြီး ယင်းလာမည့်နှစ်တွင် ရရှိသည့် ထိုပုဂ္ဂိုလ်၏ စည်းကြပ်ထိုက်သော ပြည်ပဝင်ငွေမှ နုတ်ပယ်ခွင့်ပြုရမည်။

(ဂ) ပြည်ပအရှုံးသည် ပုဒ်မခွဲ (ခ) အရ အခွန်နှစ်တစ်နှစ်အတွင်း အပြည့်အဝ နုတ်ပယ်နိုင်ခြင်းမရှိလျှင် ယင်းသို့နုတ်ပယ်ထားခြင်းမရှိသည့် ငွေကြေးပမာဏကို လာမည့်အခွန်နှစ်သို့ ဆက်လက်သယ်ဆောင်ပြီး ပုဒ်မခွဲ (ခ) တွင် သတ်မှတ်ထားသည့်အတိုင်း ယင်းနှစ်တွင် နုတ်ပယ်ရမည်ဖြစ်ကာ အရှုံးကို အပြည့်အဝ နုတ်ပယ်ပြီးသည်အထိ ယင်းအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်။ သို့ရာတွင် ပြည်ပအရှုံးကို ယင်းအရှုံး ပေါ်ပေါက်သည့် အခွန်နှစ်ကုန်ဆုံးပြီးနောက် ငါးနှစ်ထက်ပိုမိုသယ်ဆောင်ခြင်း မပြုရ။

(ဃ) ပြည်တွင်းနေပုဂ္ဂိုလ်တစ်ဦး၏ ပြည်ပအရှုံးများကို ယင်းပုဂ္ဂိုလ်၏ ပြည်ပရှိလုပ်ငန်းမှ ဝင်ငွေနှင့် ပြည်ပရှိ အခြားဝင်ငွေများအတွက် သီးခြားစီတွက်ချက်ရမည်။

(င) ဤပုဒ်မတွင် –

(၁) “**စည်းကြပ်ထိုက်သောပြည်ပဝင်ငွေ**”ဟူသောစကားရပ်သည် ပုဒ်မ ၄၅ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကိုဆိုသည်။

(၂) ပြည်တွင်းနေ ပုဂ္ဂိုလ်တစ်ဦးနှင့် စပ်လျဉ်း၍ အခွန်နှစ် တစ်နှစ်အတွက် “**ပြည်ပအရှုံး**”ဆိုသည်မှာ ထိုနှစ်အတွက် စည်းကြပ်ထိုက်သည့် ပြည်ပဝင်ငွေ ရရှိအောင် ဆောင်ရွက်ရာ၌ ယင်းပုဂ္ဂိုလ်အား ခွင့်ပြုသည့် နုတ်ပယ်မှုများက စည်းကြပ်ထိုက်သော ပြည်ပဝင်ငွေထက် ပိုမိုသည့် ငွေကြေးပမာဏဖြစ်သည်။

**(ဆက်လက်ဖော်ပြပါမည်။)**

## သီတဂူကျောင်းတိုက် (ရွှေကြက်ယက်) အမျိုးသမီး အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းဖွင့်လှစ်

**ရေတာရှည် ဇူလိုင် ၂၇**
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် သီတဂူ ကေတုမတီ ဗုဒ္ဓတက္ကသိုလ်ကြီး၏ ကျောင်းတိုက်ခွဲဖြစ်သော ရေတာရှည်မြို့ အမှတ် (၆) ရပ်ကွက်(ရွှေကြက်ယက်) သီတဂူကျောင်းတိုက် အမျိုးသမီးအသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပညာသင်ကျောင်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီပိုင်းက ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့် တာဝန်ရှိသူများက ပညာသင်ကျောင်း၏ အဝင်တံခါးအား သပြေခက်ဖြင့် အမွှေးနံ့သာများပက်ဖျန်း၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝိသာခါဖောင်ဒေးရှင်း(နာယက) ဒေါက်တာ ဝင်းမင်းသစ်က သင်တန်းကျောင်းဆောင်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ဝိသာခါဖောင်ဒေးရှင်း(ဥက္ကဋ္ဌ) ဒေါက်တာ စုလှဟန်နှင့် မြန်မာနိုင်ငံစီးပွားရေး လုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်(ဥက္ကဋ္ဌ) ဒေါ်ခိုင်ဇော်တို့က သင်တန်းကျောင်းနှင့် စပ်လျဉ်း၍ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနေ့ဖွင့်လှစ်သည့် သင်တန်းကျောင်းသည် ခြောက်လကြာမြင့်မည်ဖြစ်ပြီး အပတ်စဉ်တစ်ခုလျှင် ဘွဲ့ရအမျိုးသမီး ၂၀ နှင့် ဘွဲ့ရရှိခြင်းမရှိသေးသော အမျိုးသမီး ၂၀ တို့ကို ကွန်ပျူတာ၊ စာရင်းကိုင်ပညာ၊ အပ်ချုပ်စက်သင်တန်းများကို နေထိုင်စားသောက် စရိတ်ငြိမ်းဖြင့် အခမဲ့သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် လူရည်ချွန်မောင်မယ်များဆုချီးမြှင့်ပွဲ တက်ရောက်

**စစ်တွေ ဇူလိုင် ၂၇**
စစ်တွေခရိုင်၊ မောင်တောခရိုင်နှင့် မြောက်ဦးခရိုင်တို့မှ လူရည်ချွန်မောင်မယ်များအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီက စစ်တွေမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ယခုကဲ့သို့ထူးချွန်ထက်မြက်သူများ ကဏ္ဍအသီးသီးတွင်ပေါ်ထွန်းလာရန် လိုအပ်ကြောင်း၊ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်ကောင်းများ ပေါ်ပေါက်လာမှ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် မိဘ၊ ဆရာ၊ကျောင်းသားနှင့်အစိုးရတို့ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်သည်ပညာခေတ်ဖြစ်သည့်အလျောက် ပညာဖြင့်သာ တိုးတက်အောင်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ လူရည်ချွန်မောင်မယ်ကလေးများအနေဖြင့် အများအကျိုးတွက် ကိုယ်ကျိုးမဖက် ဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် အများအကျိုးသယ်ပိုးထမ်းရွက်နိုင်သော လူတော်လူကောင်းများဖြစ်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဒသမတန်းလူရည်ချွန်များအား လည်းကောင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက နဝမတန်းလူရည်ချွန်များအား လည်းကောင်း၊ ပြည်နယ်ပညာရေးမှူးက အဋ္ဌမတန်းလူရည်ချွန်များအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ သုံးထပ်ကွမ်းလူရည်ချွန် မလင်းမြတ်မိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။**တင်ထွန်း(ပြန်/ဆက်)**





## တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် မြိတ်မြို့ဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**မြိတ် ဇူလိုင် ၂၇**
တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြိတ်မြို့ဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဇူလိုင် ၂၅ ရက်ကကွင်းဆင်းစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြိတ်တက္ကသိုလ်ဝင်းအတွင်းတွင် ပေ ၁၂၀ x ပေ ၅၀ RCC ရှစ်ခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်း၊ ၂၉၂ ပေ x ၃၂ ပေ RCC လေးထပ် ကျောင်းသားအိပ်ဆောင် တည်ဆောက်ရေးလုပ်ငန်း၊ ပေ ၁၂၀ x ပေ ၅၀ RCC ခြောက်ခန်းတွဲ တစ်ထပ်စားသောက်ဆိုင် တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်း အရည်အသွေးပြည့်မီစွာ တည်ဆောက်ကြရန်မှာကြားသည်။

ထို့နောက် ဆိပ်ငယ်ဈေး ပေ ၃၀၀ x ၁၀၉ ပေ x ပေ ၂၀ အမိုးပြုပြင်အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ သားဖွားသင်တန်းကျောင်း(မြိတ်) ပေ ၁၃၀ x ပေ ၄၀ RCC လေးထပ် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်း၊ ဘုရားကိုင်ရပ်ကွက်ရှိ တန်ဖိုးနည်းအငှားအိမ်ရာ ခြောက်ခန်း လေးထပ်အဆောက်အအုံတည်ဆောက်ပြီးစီးမှု၊ မြိတ်တောင်ကျေးရွာရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ခြောက်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

## ဘားအံမြို့ ကန်သာယာအတွင်း ငါးမျိုးစိုက်ထည့်ပွဲ ကရင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**ဘားအံ ဇူလိုင် ၂၇**
ကရင်ပြည်နယ် ဘားအံမြို့တွင် ကိုဗစ်–၁၉ရောဂါ အလွန် ငါးမွေးမြူရေးကဏ္ဍ ပြန်လည်ဦးမော့လာစေရေးအတွက် နိုင်ငံတော်အစိုးရမှ ငါးမွေးတောင်သူများသို့ထောက်ပံ့ပေးအပ်သည့် ငါးသားပေါက်များပေးအပ်ခြင်းနှင့် ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ဇွဲကပင်ခန်းမရှေ့ရှိ ကန်သာယာ၌ ကျင်းပသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးစောမြင့်ဦးတို့က ဘားအံမြို့နယ်အတွင်းရှိ နှစ်ခြား၊ ရွှေတော၊ ဖာလင်၊ ကော့ရင်း၊ မွန်စရီး ကျေးရွာများမှ ငါးမွေးတောင်သူများအား နိုင်ငံတော်အစိုးရမှထောက်ပံ့ပေးသည့် ငါးသားပေါက်များအားထောက်ပံ့ပေးအပ်ကာ ငါးမွေးတောင်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ကရင်ပြည်နယ်တွင် ငါးမွေးတောင်သူဦးရေ ၁၀၀ ကျော်ရှိပြီး ငါးမွေးကန်ဧရိယာအားဖြင့် ၇၅၄ ဒသမ၆၁ ဧကရှိကြောင်း ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှသိရပြီး နိုင်ငံတော်အစိုးရမှ ကိုဗစ်–၁၉ ရောဂါအလွန် ငါးမွေးမြူရေး ကဏ္ဍ ပြန်လည်ဦးမော့လာစေရေးအတွက် ငါးသားပေါက်ကောင်ရေ ၁၅ ဒသမ ၁၁၃ သိန်းကျော် ထောက်ပံ့ပေးသွားမည်ဖြစ်ရာ ယနေ့တွင် ငါးသားပေါက်ကောင်ရေ ၁၁၄၆၀၀ ကျော် ထောက်ပံ့ပေးခဲ့ပြီး ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ငြိမ်းချမ်းရေး အဖွဲ့အစည်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ငါးမွေးတောင်သူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကန်သာယာအတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြရာ ငါးမြစ်ချင်းကောင်ရေ ၈၀၀၀၀ နှင့် ငါးခုံးမကြီးကောင်ရေ ၂၀၀၀၀ စုစုပေါင်းကောင်ရေ ၁၀၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။

ယခုနှစ်တွင် ကရင်ပြည်နယ်အတွင်းရှိ ဆည်မြောင်းတမံများ၊ သဘာဝရေပြင်များနှင့် မြစ်ချောင်းအင်းအိုင်များအတွင်းသို့ ကရင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက်ကောင်ရေ ၁၇၄၅၀၀၀ ကျော် ငါးမျိုးစိုက်ထည့်ပေးရန်လျာထားပြီး ယခုအခါ ငါးသားပေါက်ကောင်ရေ ၁၂၀၀၀၀၀ ကျော် ငါးမျိုးစိုက်ထည့်ပြီးဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ကျောက်တန်းမြို့နယ် စာရေးဆရာအသင်း နှစ်ပတ်လည်ညီလာခံနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၇**
ကျောက်တန်းမြို့နယ် စာရေးဆရာအသင်း နှစ်ပတ်လည်ညီလာခံနှင့်အမှုဆောင်သစ်ရွေးချယ်ပွဲကို ကျောက်တန်းမြို့နယ် အလယ်ပိုင်းရပ်ကွက်ရှိ အီလက်ထရွန်နစ်စာကြည့်တိုက်တွင် ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ထို့နောက်မြို့နယ်စာရေးဆရာအသင်း အမှုဆောင်ကော်မတီဝင်ဟောင်းများနုတ်ထွက်ပြီး အမှုဆောင်ကော်မတီဝင်အသစ်များ ပြန်လည်ရွေးချယ် ဖွဲ့စည်းခြင်းနှင့် တတိယအကြိမ်ညီလာခံကိုယ်စားလှယ် ရွေးချယ်တင်မြှောက်ခဲ့သည်။

ကျောက်တန်းမြို့နယ် စာရေးဆရာအသင်း အမှုဆောင်သစ်ကော်မတီတွင် နာယကကြီးများဖြစ်သည့် ဦးစိုးဝင်း (မော်ဝန်းဝင်းမြတ်)၊ ဦးထွန်းရှိန် (သန်းဝင်းထွန်း)၊ ဦးချစ်ဆွေ(ချစ် တက္ကသိုလ်)၊ ဥက္ကဋ္ဌ ဦးသောင်းဝင်း(မောင်နီမှိုင်းကျောက်တန်း)၊အတွင်းရေးမှူး ဦးသန်းဝင်းထွန်း (ဆွာ)၊ ဘဏ္ဍာရေးမှူး ဦးဝင်းညွန့်(ပန်းတော) တို့ပါဝင်သော အမှုဆောင်ကော်မတီ ငါးဦးဖြင့် အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပြီး တတိယအကြိမ် ညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌ ဦးသောင်းဝင်း(မောင်နီမှိုင်းကျောက်တန်း)ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

**အောင်ဆွေ**
**(ရွှေတံတား)**

# ကိုဗစ်သင်ခန်းစာနှင့် ကျောင်းဖွင့်ချိန်

**သင်္ချာအောင်သင်း**

ယခင်က နှစ်စဉ်ဇွန်လ ၁ ရက်နေ့သည် ကျောင်းများဖွင့်လှစ်ချိန်ဖြစ်သည်။ ယခုနှစ်တွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြီးကြောင့် ဇူလိုင်လ ၂၁ ရက်နေ့တွင် Grade-10 နှင့် Grade-11 (၉ တန်း နှင့် ၁၀ တန်း) ကျောင်းစတင်ဖွင့်လှစ်သည်။

ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါကြီးကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးတို့တွင် လွန်စွာမှပင် ဒဏ်ရာဒဏ်ချက်များ ရကာ အစစအရာရာ အထိနာခဲ့၊ အထိနာနေဆဲ ဖြစ်သည်။ ကိုဗစ်ကပေးသော သင်ခန်းစာဖြစ်သည့် ကျန်းမာရေးပညာ၊ လူနေမှုဘဝပညာတို့တွင် အသိ၊ သတိနှင့် ပညာရှိကြဖို့ လိုအပ်ပါသည်။ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာန၏ ဆရာ ဆရာမများ၊ ကျောင်းသားများ၊ အရာထမ်း၊ အမှုထမ်းများအားလုံးအတွက် လမ်းညွှန်ချက် ထွက်ရှိလာသည်။ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အသိပညာပေးရေး ကျောင်းသား ကျောင်းသူများ (TV၊ Video၊ Phone၊ Computer) ဂိမ်းစွဲလမ်းမှု ပပျောက်ရေး၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေးတို့အတွက် မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ကြရန်ဟူ၍ လမ်းညွှန်ထားပါသည်။ ဆရာ၊ ကျောင်းသား၊ မိဘပြည်သူများ ပူးပေါင်းညီညွတ်ကြရန် လိုသည်။

**ပညာရေးလမ်းညွှန်ချက်**

ယခင်ခေတ်တွင် မိဘများသည် မိမိသားသမီးများကို စာမေးပွဲရလဒ်အမှတ်များများရရှိရေး၊ အဆင့်ကောင်းကောင်းရရှိရေးအတွက် အပြိုင်အဆိုင်ပြုလုပ်ဖန်တီးခဲ့ကြသည်။ နာမည်ကြီးတော်ဝင်ကျောင်းများထားရှိနိုင်ရေး၊ S တန်း၊ A တန်းကဲ့သို့ ဂုဏ်ရှိသော အတန်းကောင်းကောင်းရရှိနိုင်ရေး၊ အိမ်ဝိုင်းကျူရှင် ဘာသာစုံရှယ်ဝိုင်းထားရှိနိုင်ရေး၊ ဂိုက်များများထားရှိနိုင်ရေးတို့အတွက် နေ့မအား၊ ညမနား၊ အိပ်ရေးပျက်ခံကာ ကျောင်းသား ကျောင်းသူများနှင့်အတူ မိဘများ အပြိုင်အဆိုင် ကြိုးစားခဲ့ကြသည်။ စာမေးပွဲအမှတ်၊ အဆင့်ရလဒ်ကောင်းရေး ဦးတည်ချက်တစ်ခုကိုသာ သဲသဲမဲမဲကြိုးစားနေခဲ့ကြရခြင်းသည် ပညာရေးစနစ် ချို့ယွင်းခြင်းနှင့် ပညာရေးလမ်းညွှန်ချက် မှားခြင်းတို့ကြောင့်လည်း ဖြစ်နိုင်သည်။

ကျန်းမာရေးနှင့် ပညာရေးသည် ဆင်းရဲချမ်းသာ၊ အဖြူအမည်း၊ ဂုဏ်ပကာသနရှိခြင်း၊ မရှိခြင်းနှင့် လားလားမျှ မဆိုင်ပါ။ မပတ်သက်ပါ။ ကျန်းမာရေးနှင့် ပညာရေးသည် လူမျိုးမရွေး၊ ဘာသာမရွေး လူတိုင်းအား အခွင့်အရေးတူညီမျှတစွာ ပေးပါသည်။ တန်းတွင်းပြဋ္ဌာန်းချက်အတိုင်း တစ်သဝေမတိမ်း စာသင်ကြားခြင်းသာမက စာပေ၊ အနုပညာ၊ ဂီတ၊ အားကစား၊ ဟောပြောပွဲ၊ သုတေသနပြုခြင်းဟူသည့် ဘက်စုံလွှမ်းခြုံသော ပညာရေးစနစ်သည် တန်းပညာ သင်ကြားခြင်းအတွက် အထောက်အကူပြုကာ ဉာဏ်ပညာကို အားပေးထက်မြက်စေပါသည်။ မိမိဘဝ မိမိကိုယ်ကို အားကိုးရပ်တည်စေသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကျန်းမာရေးနှင့် ပညာရေးအဆင့်အတန်းကောင်းဖို့သည် နိုင်ငံသားများအတွက် အခြေခံကျသည့် လိုအပ်ချက်များဖြစ်ကြောင်း၊ ကျောင်းသူ ကျောင်းသားများ ပညာရေးနှင့် မဝေးသွားဖို့သည် အရေးကြီးကြောင်းနှင့် ကျောင်းများ၏ အဓိကတာဝန်မှာ ကျောင်းသား ကျောင်းသူများ ပညာရှာတတ်အောင် သင်ကြားပေးရန်ဖြစ်သဖြင့် ပညာရေးစနစ်တစ်ခု၏ အောင်မြင်မှုအဆင့်ကို ပညာရှာတတ်သူ ဘယ်လောက်မွေးထုတ်ပေးနိုင်သည်ကိုကြည့်ပြီး ဆုံးဖြတ်ရမည်ဖြစ်ကြောင်းနှင့် ကိုဗစ်နိုင်ပွဲသည် ပန်းတိုင်မရောက်မချင်း တက်မထောင်ကြပါနှင့်ဟု မိန့်ဆိုခဲ့သည်။

**နိုင်ငံတကာပညာရေးစနစ်သို့ ပြောင်းလဲ**

မြန်မာနိုင်ငံတွင် ယခုအခါ (KG+10) အခြေခံပညာရေးစနစ်ပုံစံမှ (KG+12) ဟူသည့် နိုင်ငံတကာပညာရေးစနစ်သို့ ပြောင်းလဲနေပေသည်။ ဒါသင်၊ ဒါကျက်၊ ဒါမေး၊ ဒါဖြေစနစ်ကို ပပျောက်စေပြီး နိုင်ငံတကာတွင် ကျင့်သုံးနေသော မိမိကိုယ်ကို အားကိုးရပ်တည်ကာ အသိ၊ ပညာ၊ ဗဟုသုတ၊ သုတေသနဖွံ့ဖြိုးတိုးတက်စေမည့် ခေတ်မီထိရောက်သော ပညာရေးစနစ်သို့ ပြုပြင်ပြောင်းလဲခြင်းဖြစ်သည်။ ဝန်ကြီးချုပ်ဟောင်း ဦးနုက "နိုင်ငံတစ်နိုင်ငံကို ဖိုးသုညများဖြင့် တည်ဆောက်၍ မအောင်မြင်နိုင်"ဟု မှာကြားခဲ့ပါသည်။ စင်စစ်နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးကြီးသကဲ့သို့ ကျန်းမာရေးနှင့် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးသည်လည်း ယှဉ်တွဲအရေးကြီးပါသည်။

**အလွန်ကံကောင်းသော နိုင်ငံ**

မြန်မာနိုင်ငံ၏ ပညာရေး ပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ချိန် ယခုအခါတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် စိန်ခေါ်မှုကြီးမားခဲ့ပါသည်။ အမေရိကန်၊ အိန္ဒိယ၊ ဘရာဇီး အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကိုဗစ်-၁၉ ကူးစက်မှု သန်းနှင့်ချီရှိပြီး သိန်းနှင့်ချီ သေဆုံးနေကြရသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်ကူးစက်မှု ရာဂဏန်းသာရှိပြီး ယင်းကြောင့် သေဆုံးမှု ၆ ဦးသာရှိရာ အလွန်ကံကောင်းသော နိုင်ငံဟု ဆိုရပါမည်။

**ကိုဗစ်ကြောင့် စီးပွားရေးကျဆင်းမှုရှိနေရာက ကျောင်းအပ်နှံသင်ကြားရေးနှင့်ပတ်သက်၍ ငွေကြေးအပိုကုန်ကျမှုမရှိစေရန် စည်းကမ်းသတ်မှတ်ညွှန်ကြားထား၊ ကျွန်တော်တို့ ကျောင်းသားဘဝတွင် ကျောင်း၌ နားမလည်သော ဘာသာရပ်ကိုရွေး၍ ပြင်ပဆရာများ၏ ကျူရှင်တွင် တက်ခဲ့ကြသဖြင့် ငွေကြေးအကုန်အကျသက်သာစေပြီး အကျိုးရှိစေ။ ကျောင်းတွင် သင်ကြားပေးသောစာများကို စာကြွေးမထား နေ့စဉ်အချိန်မှန်မှန် ပြုလုပ်ပါက သင်ကြားသင်ယူတတ်မြောက်မှုအရည်အသွေး ကောင်းမွန်သော အဆင့်သို့ ရောက်ရှိနိုင်။**

မြန်မာနိုင်ငံတွင် ဇူလိုင်လ ၂၇ ရက်အထိ ကိုဗစ်ရောဂါရှိသောပိုးတွေ့ရှိသူ ၃၅၀ ရှိပြီး ၂၇၅ ဦးမှာ ကုသ၍ ပြန်လည်ကောင်းမွန်လာသည်။ ရောဂါလက္ခဏာမပြဘဲနှင့် ရောဂါကူးစက်ခံနေရသူများရှိသည်။ မိမိကြောင့် မိမိကျောင်း၊ မိမိမိသားစု၊ မိမိရပ်ကွက်၊ မိမိမြို့၊ မိမိနိုင်ငံကို မထိခိုက်စေဖို့ တာဝန်ကိုယ်စီရှိသည်။ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လမ်းညွှန်ရေးနှင့် တည်ဆောက်ရေးတို့၏ အောင်မြင်မှုရလဒ်ဖြစ်သည်။ ကိုဗစ်ကပ်ဘေး၏ လောကဓံကို ဉာဏ်ပညာဦးဆောင်၍ ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားကြဖို့ လိုပါသည်။ ဘဝရပ်တည်မှု အမြဲမပြတ် ရှင်သန်ရပ်တည်နေဖို့ လူ့စွမ်းအားအရင်းအမြစ် ဖော်ထုတ်မည့် ကျန်းမာရေးနှင့် ပညာရေးကောင်းမွန်ရန် အထူးလိုအပ်သည်။

အခက်အခဲကြားမှ ကျောင်းဖွင့်ချိန် နောက်သိပ်မကျစေဘဲ ကျောင်းများဖွင့်လှစ်နိုင်သည်။ ပါးစပ်နှင့် နှာခေါင်းစည်းကို ညွှန်ကြားချက်အတိုင်း စနစ်တကျ ဝတ်ဆင်ကြရမည်။ လိုအပ်ပါက မျက်နှာအကာ တပ်ဆင်ကြရမည်။ လက်ကို ရေနှင့် ဆပ်ပြာအသုံးပြု၍ စက္ကန့် ၂၀ ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောကြရမည်။ လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများ မကိုင်မိစေရန် သတိထားရမည်။ လူစုလူဝေးရှောင်ကြဉ်ကြရမည်။ ကိုဗစ်ကြောင့် စီးပွားရေးကျဆင်းမှုရှိနေရာက ကျောင်းအပ်နှံသင်ကြားရေးနှင့်ပတ်သက်၍ ငွေကြေးအပိုကုန်ကျမှုမရှိစေရန် စည်းကမ်းသတ်မှတ်ညွှန်ကြားထားသည်။ ကျွန်တော်တို့ ကျောင်းသားဘဝတွင် ကျောင်း၌ နားမလည်သော ဘာသာရပ်ကိုရွေး၍ ပြင်ပဆရာများ၏ ကျူရှင်တွင် တက်ခဲ့ကြသဖြင့် ငွေကြေးအကုန်အကျ သက်သာစေပြီး အကျိုးရှိစေပါသည်။ ကျောင်းတွင် သင်ကြားပေးသော စာများကို စာကြွေးမထား နေ့စဉ်အချိန်မှန်မှန်ပြုလုပ်ပါက သင်ကြားသင်ယူတတ်မြောက်မှုအရည်အသွေး ကောင်းမွန်သော အဆင့်သို့ ရောက်ရှိနိုင်ပါသည်။

**ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှား**

ကိုဗစ်-၁၉ ဖြစ်ပွားချိန်ကာလတွင် ကိုယ်ချင်းမနီးကပ်နိုင်သော်လည်း သိစိတ်ချင်းနီးကပ်ဖို့လိုသည်။ မေတ္တာစိတ်၊ မေတ္တာအကြည့်၊ မေတ္တာအမူအရာထားကာ ကိုယ်ချင်းစာစိတ်များဖြင့် တစ်ဦးနှင့်တစ်ဦး ဆက်ဆံကြရပါမည်။ ကျောင်းသူ ကျောင်းသားမျိုးဆက်သစ်များသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းကြရပါမည်။ ယဉ်ကျေးသိမ်မွေ့သော အမူအရာဖြင့် ကျေးဇူးရှိသော ခင်ပွန်းကြီး ၁၀ ပါးကို ရိုသေလေးစားတန်ဖိုးထားဖို့ လိုအပ်သည်။ တွေ့ကြုံလာရသည့် လောကဓံကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ဖို့လိုသည်။ ရောက်သည့်ဘဝ၊ ရောက်သည့်နေရာ၊ ရောက်သည့်အချိန်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အသိ၊ သတိ၊ ပညာရှိလျက် မိမိဘဝ အောင်မြင်အောင် ကြိုးစားကြရပါမည်။

အောင်မြင်ကျော်ကြားသော ကျောင်းတော်ကြီးဖြစ်ရန် ပညာလေ့လာမှု၊ သင်ကြားမှု၊ ဖြန့်ဖြူးမှုတို့တွင် အားပေးသော ပတ်ဝန်းကျင်ကောင်းရှိရပါမည်။ ပညာဝမ်းစာပြည့်သော ဆရာတော် ဆရာကောင်းများရရှိပါမည်။ ပညာရေးအမှန်တကယ်လိုလားသော ကျိုးနွံရိုသေစွာ သင်ကြားမည့် ကျောင်းသား ကျောင်းသူများ ဖြစ်ရပါမည်။ ကျောင်းတွင် အမှန်တကယ်လိုအပ်သည့် ဘဏ္ဍာငွေကြေး ပြည့်စုံရန်လည်း လိုအပ်သည်။ ရေခံမြေခံကောင်းတွင် ပန်းတိုင်းပွင့်လန်းရှင်သန်နိုင်ကြပါစေ၊ ပွင့်သောပန်းတိုင်း မွှေးကြိုင်လန်းဆန်းနိုင်ကြပါစေ။ ။

# ရန်ကုန်မြို့ရှိ ရေပိုက်လိုင်းများ အစားထိုးလဲလှယ်မှု ၈၀ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်နှင့် ဆက်စပ်မြို့နယ်များသို့ တစ်နှစ်ထက်တစ်နှစ် သောက်သုံးရေ ပိုမိုရရှိရေးအကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခု ၂၀၁၉-၂၀၂၀ ဘတ်ဂျက်အတွင်း လှော်ကားမှ ရန်ကုန်-ပြည်လမ်းတစ်လျှောက် ဆက်သွယ်သော အဓိကပိုက်လိုင်းကြီး အစားထိုးလဲလှယ်ခြင်းလုပ်ငန်းမှာ ၈၀ ရာခိုင်နှုန်းအထိ ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ဘတ်ဂျက်နဲ့ဆောင်ရွက်တဲ့ လှော်ကားကနေ ရန်ကုန်မြို့ကို ရေပိုက်လိုင်း လဲလှယ်တဲ့လုပ်ငန်းကတော့ လောလောဆယ် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းနားအထိ ရောက်နေပြီ ဖြစ်ပါတယ်။ ဒီစီမံကိန်းက ငါးနှစ်စီမံကိန်းနဲ့ဆောင်ရွက်လာတာ ဖြစ်ပါတယ်။ အခုနှစ်မှာတော့ ခရေပင်လမ်းခွဲအနီး ရောက်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု ရန်ကုန်မြို့ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်အုန်းက ပြောသည်။

လှော်ကားရေတွန်းစက်ရုံအထွက်မှ ရန်ကုန်မြို့တွင်းသို့ ရေပေးဝေသည့် အချင်း ၆၆ လက်မ ကွန်ကရစ်ပိုက်အစား 1600 mm DI Pipe ဖြင့် ရန်ကုန်-ပြည်လမ်းတစ်လျှောက် ဆက်သွယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းသို့ ရောက်ရှိလာပြီဖြစ်သည်။

ရန်ကုန်မြို့ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းအဖွဲ့အနေဖြင့် လှော်ကား၊ ရန်ကုန်ရေပိုက်လိုင်းကြီးအား အစားထိုးလဲလှယ်ခြင်းကို ဆောင်ရွက်နေသကဲ့သို့ မြို့နယ်အလိုက် ရပ်ကွက်များအတွင်း ပိုက်လိုင်းကွန်ရက်များ တည်ဆောက်ခြင်း၊ လဲလှယ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

"ဒီနှစ်ဘတ်ဂျက်နဲ့ ဆောင်ရွက်တဲ့ပိုက်လိုင်းလုပ်ငန်းတွေကတော့ တော်တော်များများ ပြီးစီးနေပြီဖြစ်ပါတယ်။ လုပ်ငန်းအားလုံး ၈၀ ရာခိုင်နှုန်းလောက်ပြီးစီးနေပြီ ဖြစ်ပါတယ်" ဟု ဦးစိန်အုန်းက ယနေ့ နံနက်ပိုင်းတွင် သာကေတမြို့နယ် မြင်တော်သာလမ်းတစ်လျှောက် ရှစ်လက်မရေပိုက်ချခြင်းလုပ်ငန်းကို လာရောက်ကြည့်ရှုစစ်ဆေးစဉ်အတွင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အဓိကအားဖြင့် ရန်ကုန်မြို့ကို ချိုးဖြူနှင့် လှော်ကားကန်တို့မှ ရေကိုသန့်စင်လျက် ရေပိုက်လိုင်းကြီးများဖြင့် ပေးပို့လျက်ရှိကြောင်း၊ လဂွမ်းပြင် ရေရရှိရေးစီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ သို့သော်လည်း ရန်ကုန်မြို့၏ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရေအရင်းအမြစ်သစ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဆွေးမြည့်နေသော ပိုက်လိုင်းများကိုလည်း အဆင့်မြင့်ကော်ပိုက်များဖြင့် အစားထိုး



ခြင်း၊ မြို့နယ်အလိုက် ရေပိုက်လိုင်းကွန်ရက်များကို နှစ်စဉ်ဘတ်ဂျက်အလိုက် တည်ဆောက်ခြင်း စသည်ဖြင့် ဘက်ပေါင်းစုံမှ ဆောင်ရွက်နေကြောင်း သိရသည်။

**မြင့်မောင်စိုး**



# ဂျူဗင်တပ်တိုက်စစ်မှူး ဒိုင်ဘာလာ စာချုပ်သစ်ချုပ်ဆိုရန် နီးစပ်နေ

အာဂျင်တီးနားတိုက်စစ်မှူး ဒိုင်ဘာလာဟာ လက်ရှိအီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းနဲ့ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ နီးစပ်နေပြီဖြစ်တယ်လို့ ဂျူဗင်တပ်အသင်းရဲ့ တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ ဖေဘီယိုပါရာတီစီက ပြောကြားခဲ့ပါတယ်။

အသက် ၂၆ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒိုင်ဘာလာဟာ ဂျူဗင်တပ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ လက်ရှိစာချုပ်သက်တမ်းဟာ ၂၀၂၂ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်တာကြောင့် စပါးအသင်းဆီ ပြောင်းရွှေ့ကစားဖို့ ချိတ်ဆက်မှုတွေရှိခဲ့တယ်လို့လည်း သိရပါတယ်။

ဒိုင်ဘာလာအနေနဲ့ အခုနှစ်ဘောလုံးရာသီမစတင်မီက ဂျူဗင်တပ်အသင်းကနေ ထွက်ခွာဖို့ စီစဉ်ခဲ့သူဖြစ်ပြီး လက်ရှိမှာတော့ ဂျူဗင်တပ်အသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ စီစဉ်နေတာလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး ဒိုင်ဘာလာဟာ အခုနှစ်ဘောလုံးရာသီမှာ ပြိုင်ပွဲအရပ်ရပ်မှာ ၄၅ ပွဲ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၁၇ ဂိုးသွင်းယူပေးခဲ့ကာ ၁၄ ဂိုးဖန်တီးပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

# လက်စတာစီးတီးတိုက်စစ်မှူး ဗာဒီ ပရီမီယာလိဂ်ရွှေဖိနပ်ဆုရရှိ

လက်စတာစီးတီးအသင်းရဲ့ တိုက်စစ်မှူး ဗာဒီဟာ အခုနှစ်ဘောလုံးရာသီ ပြီးဆုံးချိန်မှာ ပရီမီယာလိဂ်ပြိုင်ပွဲ၌ သွင်းဂိုး ၂၃ ဂိုး သွင်းယူပေးနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ် ရွှေဖိနပ်ဆုကို ရရှိခဲ့ပြီဖြစ်ပါတယ်။

အသက် ၃၃ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဗာဒီဟာ ပရီမီယာလိဂ်သွင်းဂိုး ၂၂ ဂိုးစီ သွင်းယူနိုင်ခဲ့တဲ့ အာဆင်နယ်အသင်း တိုက်စစ်မှူး အူဘာမေယန်နဲ့ ဆောက်သမ်တန်အသင်း တိုက်စစ်မှူး ဒန်နီအင့်တို့ကို ကျော်ဖြတ်ကာ အခုနှစ်ဘောလုံးရာသီရဲ့ ပရီမီယာလိဂ်ရွှေဖိနပ်ဆုကို ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

အခုလို တိုက်စစ်မှူး ဗာဒီ ပရီမီယာလိဂ် ရွှေဖိနပ်ဆုရရှိခဲ့ခြင်းဟာ အင်္ဂလန်ကစားသမားတွေထဲမှာ ကိုးဦးမြောက်အဖြစ် ပရီမီယာလိဂ် ရွှေဖိနပ်ဆုကို ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ တိုက်စစ်မှူး ဗာဒီအနေနဲ့ သွင်းဂိုး ၂၃ ဂိုး သွင်းပြီး ပရီမီယာလိဂ်ရွှေဖိနပ်ဆု ရရှိခဲ့ပေမယ့် လက်စတာစီးတီးအသင်းက မန်ယူအသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ရတာကြောင့် လက်စတာစီးတီးအသင်းနဲ့အတူ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမယ့်အခွင့်အရေးနဲ့တော့ လွဲချော်ခဲ့ရပြီ ဖြစ်ပါတယ်။

အင်္ဂလန်တိုက်စစ်မှူး ဗာဒီဟာ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီက လက်စတာစီးတီးအသင်း ပရီမီယာလိဂ်ဖလားရရှိခဲ့စဉ်မှာ ပရီမီယာလိဂ်သွင်းဂိုး ၂၄ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီအချိန်က စပါးအသင်းရဲ့ တိုက်စစ်မှူး ဟယ်ရီကိန်းက ပရီမီယာလိဂ်သွင်းဂိုး ၂၅ ဂိုး သွင်းယူပေးနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်ရွှေဖိနပ်ဆုနဲ့ လွဲခဲ့ရကာ ဟယ်ရီကိန်းက အဲဒီဆုကို ရရှိခဲ့တာ ဖြစ်ပါတယ်။

ပရီမီယာလိဂ်ရဲ့ ရွှေလက်အိတ်ဆုကိုတော့ မန်စီးတီးအသင်းဂိုးသမား အီဒါဆင်က ဘန်လေအသင်းဂိုးသမား နစ်ပုတ်ကို ကျော်ဖြတ်ကာ ရွှေလက်အိတ်ဆုကို ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ကီဗင်ဒီဘရိုင်းကတော့ အခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲမှာ ဂိုးဖန်တီးမှုအကြိမ်ရေ ၂၀ နဲ့ ဂိုးဖန်တီးမှု အများဆုံးကစားသမား ဖြစ်လာခဲ့ပြီး ဂိုးဖန်တီးမှု အကြိမ်အရေအတွက်မှာ ကီဗင်ဒီဘရိုင်းရဲ့ နောက်မှာ လီဗာပူးအသင်းမှ အာနိုးက ၁၃ ကြိမ်နဲ့ ရောဘတ်ဆင်က ၁၂ ကြိမ် အသီးသီး ဂိုးဖန်တီးမှုတွေ ရှိခဲ့ကြတာ ဖြစ်ပါတယ်။

**ငွေကြယ်- ရေးသားသည်**







## အမည်ပြောင်း

တိုက်ကြီးမြို့၊ ဥပ္ပံ့စုရပ်ကွက်၊ ပြည်တော်သာ(၆)လမ်းနေ အဖ ဦးမိုးကျော်လွင်၏သား မောင်သီဟလွင်[၁၂/တကန(နိုင်)၁၆၄၆၄၁]အား မောင်စိုးရန်နောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်စိုးရန်နောင်**

## ဖခင်အမည်မှန်

အထက - တပ်ကြီးကုန်း မှော်ဘီမြို့ Grade-10 တွင် ပညာသင်ကြားနေသော မောင်နိုင်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးချန်မြိုင် (ခ) ဦးမြင့်လွင် [၁၀/ သထန(နိုင်)၀၉၀၆၂၈]ဖြစ်ပါကြောင်း။

**ဦးချန်မြိုင် (ခ) ဦးမြင့်လွင်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု- ရပ်ကွက်ကြီး (၁၀)မြနန္ဒာ၊ ဦးပိုင်အမှတ်-(၁၇၈/၁၇၉) ကွင်း/အကွက်အမှတ်နှင့်အမည်(FF-၁၇၈ နှင့် ၁၇၉) (BB မြနန္ဒာ) မြေအကျယ်အဝန်း(၀.၁၁၀) ဧကရှိ နှစ် (၃၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် တစ်ထပ်တိုက်နေအိမ်တို့ကို ဂရန်အမည်ပေါက် ပိုင်ဆိုင်သူ ဗိုလ်မှူးကြီးသန့်ရှင်း [၈/မဘန(နိုင်)၀၂၃၁၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကတိစာချုပ်ချုပ်ဆို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်၏ ပိုင်ရေးဆိုင်ခွင့်လွှဲပြောင်းရောင်းချခွင့်များနှင့်စပ်လျဉ်း၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြေညာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မေသူ LL.B** **ဒေါ်ကေသီထွန်း LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၆၉၄) အထက်တန်းရှေ့နေ(စဉ်-၄၄၂၅၁)**
**အမှတ်(၃၀)၊ ဇောတိကလမ်း၊ မြေနီကုန်း(မြောက်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၂၄၅၇၆၊ ၀၉-၄၄၃၀၃၇၁၆၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၁)ရပ်ကွက်၊ သိမ်ချောင်းရှမ်းလမ်း၊ အမှတ်(၇၀၃-က/ခ)မြေကွက်ပေါ်တွင် ဆောက်လုပ်ဆဲ(၂)ခန်းတွဲ (၆)ထပ်တိုက်သစ်ကို ကန်ထရိုက်တာ(၃)ဦးဖြစ်သော (၁) ဒေါ်ဖြူဖြူညွန့်(MD) (၂) ဦးစိုးမိုးထွန်း၊ (၃)ဒေါ်ခင်စန်းဝင်းတို့က သတ်မှတ်ရက်အတွင်း ပြီးဆုံးအောင်ဆောက်လုပ်၍ မြေရှင်ဦးမောင်မောင်ထံသို့ အပ်နှံခဲ့ခြင်းမပြုပါ။ ယခုအခါ ထိုကန်ထရိုက်တာ(၃)ဦးမှာ တိုက်သစ်ကိုမြေရှင်ထံ အပ်ပေးရမည့်အချိန်(၅)နှစ်နောက်ကျသွားပြီဖြစ်၍ မြေရှင်နှင့် ကန်ထရိုက်တာတို့ ချုပ်ထားသော စာချုပ်ပျက်ပြယ်သွားပြီးဖြစ်ပါသည်။ မြေရှင် ဦးမောင်မောင်က ဆောက်လက်စတိုက်သစ်ကို မိမိစိတ်တိုင်းကျဆောက်လုပ်သွားမည်ဖြစ်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ မြေရှင်ဦးမောင်မောင်ထံသို့ ယနေ့မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေရှင်ဦးမောင်မောင်သည် ဆောက်လက်စတိုက်သစ်ကို မိမိစိတ်တိုင်းကျ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင့်ဒါလီထွန်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၉၃၃၉)**
**အမှတ်-၃၉၂၊ မေတ္တာ(၁)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၂၅၄၄၂၀၅၇၂**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ကျွန်တော် ဦးအုန်းထွေး [၁၁/ကဖန(နိုင်)၀၃၆၄၀၂]သို့ ပုဗ္ဗသီရိမြို့နယ်၊ မြေကွက်အမှတ်(ပ-၃၃၁၇၂)၊ ပေ(၆၀x၄၀)နှင့်ပတ်သက်၍ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ်(၁၀၄၀)၊ (၁၃-၇-၂၀၂၀)ရက်စွဲဖြင့် ဒေါ်အေပရယ်ကျော်ကျော် [၁၂/ဗတထ(နိုင်)၀၃၉၈၆၉]မှ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို (၂၈-၇-၂၀၂၀)ရက်နေ့မှစ၍ အပြီးအပိုင် ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဦးအုန်းထွေး [၁၁/ကဖန(နိုင်)၀၃၆၄၀၂]**
**ဖုန်း-09-420748487**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ၁)၊ မြေကွက်အမှတ်-၄/၉၃၊ မြေဧရိယာ(၀.၄၁၇) ဧကရှိ ဒေါ်ချို [၁၂/ဥကမ(နိုင်)၀၁၀၄၇၁] အမည်ပေါက် နှစ်(၆၀) အငှားဂရန်မြေနှင့် ယင်းမြေကွက်တည်ရာအမှတ်-၁၆၊ ကာယ(၉)လမ်း၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်ဟုခေါ်တွင်သည့် မြေကွက်ကို မြေအမည်ပေါက်က တရားဝင် ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံရောင်းချရာ ဦးမြင့်သောင်း[၈/နမန(နိုင်)၀၉၂၆၅၂]မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော် (B.Sc,H.G.P, D.B.L, D.A.Psy)**
**အထက်တန်းရှေ့နေ (စဉ်-၁၈၆၀၉)**
**အမှတ်(၂၆၀)၊ ပထပ်(ဝဲ)၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဗိုလ်မှူးချစ်သန်း(ငြိမ်း)သည် ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(ဈ/၃၄)၊ (၁၀)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ်(၁၉/က)ရှိ မူလအမည်ပေါက် ဦးအေးမြင့်ထံမှ အဆင့်ဆင့်ဝယ်ယူထားခဲ့သူ နောက်ဆုံးဝယ်ယူသူ ဒေါ်ခင်ခင်ကြည်ထံမှ ၂၇-၃-၂၀၁၅ရက်တွင် စာချုပ်ချုပ်ဆို၍ ပေ(၂၀x၆၀)ကို လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ပြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(ဈ/၃၄)၊ (၁၀)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အိမ်အမှတ်(၁၉/ခ)ရှိ အမည်ပေါက် ဦးစံလှိုင်ထံမှ အဆင့်ဆင့်ဝယ်ယူထားသူဖြစ်သော ဒေါ်ခင်ခင်ကြည် မှတ်ပုံတင်အမှတ် [၁၂/အစန(နိုင်)၁၄၅၉၇၇] ကိုင်ဆောင်သူထံမှ အထက်ပါနေ့ရက်၌ပင် စာချုပ်ချုပ်ဆို၍ ပေ(၂၀x၆၀) မြေကွက်ကို လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ပါသည်။

ယခုအခါ ကျွန်ုပ်မိတ်ဆွေမှ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသည့် မြေကွက်များပေါ်တွင် အဆောက်အဦဆောက်လုပ်တော့မည်ဖြစ်၍ အချင်းဖြစ် ကျွန်ုပ်မိတ်ဆွေပိုင် မြေကွက်များပေါ်တွင် မည်သူတစ်ဦးတစ်ယောက်မျှ ကျူးကျော်ခြင်း၊ ခြံစည်းရိုးကာခြင်း၊ မြေတိုင်းတာခြင်းနှင့် အဆောက်အဦဆောက်လုပ်ခြင်းများကို မပြုရန်နှင့်ပြုလုပ်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဗိုလ်မှူးချစ်သန်း(ငြိမ်း)** | **ဦးသန်းထွန်း(ဝါးခယ်မ)** |
| **[၉/ပဘန(နိုင်)၁၃၂၆၆၀]** | **အထက်တန်းရှေ့နေ(စဉ်-၆၂၄၈/၁၉၈၁)** |
| | **ဖုန်း-၀၉-၄၅၉၂၅၇၆၉၉** |

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသက်ခိုင် ပိုင်ဆိုင်သော ခိုင်ရွှေဝင်း(DMA/DPP-0017)ရေယာဉ်လိုင်စင်ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-692849872**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဝင်းစိုး ပိုင်ဆိုင်သော သဲစု(DMA/DPP-0023)ရေယာဉ်လိုင်စင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-692849872**

## အစုရှယ်ယာမတည်ငွေရင်းလျှော့ချခြင်း

Phyarpon Treasure Thinkha Rice Trading Co., Ltd ၏ (၂၅.၇.၂၀၂၀)နေ့အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ အစုရှယ်ယာမှအချို့ကျအားပြန်လည်နုတ်ယူပြီး ရှယ်ယာမတည်ငွေရင်းအား လျှော့ချပြင်ဆင်မည်ဖြစ်ကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့.

**တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက်၊ ဟံသာဝတီလမ်း၊ တိုက်အမှတ်(၂၂၈) ပေါ်တွင် ဆောက်လုပ်ထားသည့် (၁-ခန်းတွဲ) ၆ထပ်တိုက်အဆောက်အဦး၏ တတိယထပ်၊ (၄-လွှာ)၊ အကျယ်အဝန်း(၁၈'x၅၄')ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးစိုးနိုင် (၁၂/ဥကတ(နိုင်)၀၅၅၇၃၀)+ဦးမင်းထက်စိုး (၁၂/ဥကတ(နိုင်)၁၇၈၅၇၉)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်နိုင်ခင်ဦး LL.B, D.B.L, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)**
အမှတ် (၁၀၅၀)၊ပြည့်ဟုန်းရှိန်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၁၀၇ ၂၉၊ ၀၉၉၆၀၁၀၇ ၂၉

Whirlpool

USA BRAND Whirlpool အမှတ်တံဆိပ် ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ အဲကွန်း စသည့်အိမ်သုံး လျှပ်စစ်ပစ္စည်းများကို ဝန်ထမ်းများအတွက် အတိုးမဲ့ အရစ်ကျစနစ်ဖြင့် ဈေးနှုန်းအထူးသက်သာစွာ ဝယ်ယူရရှိနိုင်ပါသည်။




ဝင်းဝင်းအီလက်ထရောနစ်စင်တာ – ကွမ်းခြံလမ်း၊ အောင်ဆန်းကွင်း တောင်ဘက်ခြမ်း၊
ရန်ကုန်ဘုတာကြီးအရှေ့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁ – ၈၃၇၉၃၆ ၂၊ ၈ ၂၄၉ ၂၀၃

အသေးစားနှင့်အလတ်စား
လုပ်ငန်းသုံးချေးငွေ SME LOAN

MAB
Better ways, better lives

အတိုးနှုန်း
၅.၅% မှစ၍

ချေးငွေ အများဆုံး
သိန်း ၅,၀၀၀ အထိ

ချေးငွေပုံစံ (၁)
SME-MAB Loan
(Cash flow based approach)

ချေးငွေပုံစံ (၂)
SME-KfW Loan
(Cash flow based approach)

ချေးငွေပုံစံ (၃)
SME-JICA Two Steps Loan
(Collateral based approach)

ချေးငွေပုံစံ (၄)
SME-JICA Emergency Loan

ချေးငွေရယူနိုင်သော ရည်ရွယ်ချက်များ
(Working Capital)
(Fixed Investment)

MAB SME CENTER 1
MAB SME CENTER 2
MAB SME CENTER 3
MAB SME CENTER 4

CALL CENTER
01 861 0612


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်–၂၃၅၊ ၃၊ ၄ထပ်ဟု ခေါ်တွင်သော ပေ(၁၅x၆၀)အကျယ်အဝန်းရှိ တိုက်ခန်း၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို မိမိသာ ပိုင်ဆိုင်ပြီးအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးနုးကျိန်[၁၂/ပဘတ(နိုင်)၀၃၀၃၀၅]ကိုင်ဆောင်သူထံမှ ကျွန်ုပ်ဦးမောင်မောင်တင်[၁၂/အစန(နိုင်)၁၅၂၃၁၃]ကိုင်ဆောင်သူက အပြီးအပိုင် ဝယ်ယူရန်ရောင်းဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာချုပ်စာတမ်းမူရင်းများအား တင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမောင်မောင်တင်[၁၂/အစန(နိုင်)၁၅၂၃၁၃]**
**Ph:09-966662110,09-420917770**


အောင်ကမ္ဘာ
ဒဂုံမြို့သစ် (တောင်ပိုင်း၊ ဆိပ်ကမ်း၊အရှေ့ပိုင်း၊ မြောက်ပိုင်း)ရှိပေါက်ကွဲ
မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေသည်။
09-43118200
09-450096155


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၈)ရပ်ကွက်၊ စကားဖြူ(၂)လမ်း၊ အမှတ်(၆၆၁/ခ)နေ ဒေါ်ရွှေမိ(ခ)ဒေါ်မြစိန်[၁၂/ဒဂဆ(နိုင်)၀၁၀၆၄၀]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ–

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရွှေမိ(ခ)ဒေါ်မြစိန်၏ သားဖြစ်သူ ဦးဝင်းနိုင်(ဘ)ဦးတင်မြင့်[၁၃/ကထတ(နိုင်) ၀၂၅၅၄၂] သည် မိခင်ဖြစ်သူအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ဂုဏ်သိက္ခာကျဆင်းစေသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ရွှေမိ(ခ) ဒေါ်မြစိန်**
**[၁၂/ဒဂဆ(နိုင်)၀၁၀၆၄၀]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းဝင်းမိုး (LL.B) (D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၂၆/၂၀၁၆)**
**Ph:09 450037359**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော "အင်ကြင်းဖြူ–၇"အမည်ရှိ ကော့သောင်းခရိုင်ငါးဖမ်းရေယာဉ် (ရေယာဉ်မှတ်ပုံတင်အမှတ်၊ FKD/0010/10) ရေယာဉ်၏ တန်ချိန် –၅၀.၄၈ အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးအောင်မြင့် [၆/ကသန(နိုင်)၀၀၀၆၆၉] အမည်မှ ဦးသောင်းထိုက် [၆/သရခ(နိုင်)၀၃၂၃၆၉] အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့် ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့ လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်းဒါယကာ ဦးစိုးဝင်း**

**အသက် (၅၉) နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးတင်လှ–ဒေါ်သန်းစိန်)တို့၏သား၊ ဒေါ်မြင့်မြင့်သိန်း၏ချစ်လှစွာသောခင်ပွန်းဖြစ်သူ ရဟန်းဒါယကာ ဦးစိုးဝင်းသည် ၂၅–၇–၂၀၂၀ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့် ဇနီး ဒေါ်ရွှယ်ဂျာ မိသားစု**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးထွန်းမင်းဇော်(ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူး)**

**အသက်(၅၄)နှစ်**

ဒုတိယဗိုလ်မှူးကြီး သန့်စင်(ငြိမ်း) (DSA–22)၏ ညီဖြစ်သူ ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်သည် ၂၆–၇–၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၉:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့်ဇနီး ဒေါ်ရွှယ်ဂျာ မိသားစု**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယကာကြီး**
**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**သီရိသုဓမ္မမဏိဇောတဓရ**

## ဦးသန်းထွန်း

**(ကုံကော်ရွှေပြည်)၊ ဥက္ကဋ္ဌ(ငြိမ်း) SMIDB**

**အသက်(၈၆)နှစ်**

ပုသိမ်မြို့နေ (ဦးလှထွန်း–ဒေါ်မြခင်)တို့၏ သား၊ စစ်တွေမြို့နေ (ဦးမောင်မောင်လှ–ဒေါ်စံသာ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ ပြည်တော်အေးရိပ်သာ၊ အမှတ်(၃–က)နေ ဒေါ်မြသွေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ဝင်းဦး (CEO, Bright Time Co.,Ltd.)–ဒေါ်စုစုရွှေ၊ ဦးမျိုးဇော်အောင် (Nissan United Diamond Motor Co.,Ltd) (Suzuki United Dimo Co., Ltd)–ဒေါ်မြမြစိုး(ခ)ဒေါ်မီးမီး၊ (ဦးထွန်းထွန်းလှိုင်)–ဒေါက်တာဇင်ဇင်သူ၊ ဦးမြတ်သူ–ဒေါ်စုစုမာ၊ ဦးမင်းသိမ်း (ညွှန်ကြားရေးမှူးချုပ်၊ သံတမန်ရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန)–ဒေါ်မျိုးပပထွန်း(သံမှူးကြီး၊ မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့)၊ (ဦးမျိုးမင်းထွန်း)တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၇–၇–၂၀၂၀(တနင်္လာနေ့)မွန်းလွဲ ၁၂:၂၃ နာရီတွင် ကန်သာယာအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၇–၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်အောင်(သုံးခွ)

**အသက်(၇၉)နှစ်**

**BA.RL (တရားလွှတ်တော်ရှေ့နေ)**

ဦးခင်မောင်ဝင်း–ဒေါ်စိုးမိုးသူ [Shwe Myitta (SMT) Co.,Ltd] တို့၏ဖခင်ကြီး ဦးတင်အောင် အသက်(၇၉)နှစ်သည် ၂၄–၇–၂၀၂၀ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ခင်ဝင်း (တောင်ကုတ်)၊**
**ဦးသောင်းရွှေ–ဒေါ်ကြည်ကြည်ဝင်း**
**(ရွှေနဒီအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊**
**ဦးညီတင်–ဒေါ်တင်တင်ဝင်း**
**(နန်းထိုက်စံအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊**
**ဦးခင်မောင်သန်းဝင်း–ဒေါ်ချိုချိုသန်း**
**(သရဖူအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးမောင်ကျော် (ငြိမ်း)

**OTS–30 ၊(ကြည်း–၁၀၂၂၅)**

**အသက် (၈၁) နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမကြီး၊ အမှတ် (၅၄)၊ အခန်း(4–B)နေ (ဦးမောင်မောင်–ဒေါ်ငွေဇင်)တို့၏သားကြီး၊ ဦးပုညာ၊ ဒေါ်နွဲ့၊ ဒေါ်လှဲ့၊ ဦးဝင်းညွန့်တို့၏ အစ်ကိုကြီး၊ ဒေါ်ခင်အေးမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ခင်မျိုးသူ၊ မေစိုးသူ၊ ထက်အိဖြူတို့၏ ဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဗိုလ်မှူးမောင်ကျော်(ငြိမ်း)သည် ၂၇–၇–၂၀၂၀ (တနင်္လာနေ့) နံနက် ၁၁:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၉–၇–၂၀၂၀ ရက် နံနက် ၈ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီး မိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**သီရိသုဓမ္မမဏိဇောတဓရ**

**ဦးသန်းထွန်း (ကုံကော်ရွှေပြည်)**

**အသက်(၈၆)နှစ်**

ဦးမျိုးဇော်အောင် Silver Ocean Co.,Ltd (Hyundai)–ဒေါ်မြမြစိုး(ခ)ဒေါ်မီးမီးတို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၂၇–၇–၂၀၂၀ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Silver Ocean Co.,Ltd (Hyundai)**
**Board of Director အဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကျင်စု**

**(ဇေယျာသီရိဆန်စက်)**
**ခရမ်းမြို့**

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၄၆/၄၈)၊ ရွှေတိဂုံဘုရားလမ်းနှင့် ခရမ်းမြို့၊ ဗုဒ္ဓဟူးလမ်း၊ အမှတ်(၈၅)နေ ဦးနိုင်လင်း(တွဲဖက်စာရင်းစစ်၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း)၊ ဒေါ်ငြိမ်းငြိမ်းသွင် တို့၏ မိခင် သည် ၂၄–၇–၂၀၂၀ (သောကြာနေ့) ည ၁၁:၂၀ နာရီတွင် ဂရန်းဟံသာဆေးရုံ၌ ကွယ်လွန် သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**သီရိသုဓမ္မမဏိဇောတဓရ**

**ဦးသန်းထွန်း (ကုံကော်ရွှေပြည်)**

**အသက်(၈၆)နှစ်**

ဦးမျိုးဇော်အောင် (Nissan United Diamond Motor Co.,Ltd & Suzuki United Dimo Co.,Ltd)–ဒေါ်မြမြစိုး(ခ)ဒေါ်မီးမီးတို့၏ ချစ်လှစွာသော ဖခင်ကြီးသည် ၂၇–၇–၂၀၂၀ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Tawwin Car Rental Services & Agency**

## ဝမ်းနည်းကြေကွဲခြင်း

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**သီရိသုဓမ္မမဏိဇောတဓရ**

**ဦးသန်းထွန်း (ကုံကော်ရွှေပြည်)**

**အသက် (၈၆) နှစ်**

ဦးမျိုးဇော်အောင် (United Diamond Motor Co.,Ltd–Nissan)–ဒေါ်မြမြစိုး (ခ) ဒေါ်မီးမီးတို့၏ချစ်လှစွာသောဖခင်ကြီးသည် ၂၇–၇–၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**United Diamond Motor Co.,Ltd (Nissan)**
**Board of Director အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်တင်တင်စိုး (ညောင်လေးပင်)**

**အသက် (၈၃) နှစ်**

ဦးဝင်းထွန်း – ဒေါ်စိန်စိန်မော်တို့၏ မွေးသမိခင် ဒေါ်တင်တင်စိုး သည်(၂၅.၇.၂၀၂၀) (စနေနေ့) နံနက် ၀၀း၂၅ နာရီတွင် အာရှ တော် ဝင်ဆေးရုံ၌ ကွယ်လွန် အနိစ္စရောက်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမင်းလှိုင် – ဒေါ်တင်တင်အေး မိသားစု**
**Htet Oo Co., Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**သီရိသုဓမ္မမဏိဇောတဓရ**

**ဦးသန်းထွန်း (ကုံကော်ရွှေပြည်)**

**အသက် (၈၆) နှစ်**


ဦးမျိုးဇော်အောင် (United Dimo Co., Ltd–Suzuki)–ဒေါ်မြမြစိုး (ခ) ဒေါ်မီးမီးတို့၏ချစ်လှစွာသောဖခင်ကြီးသည် ၂၇–၇–၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**United Dimo Co.,Ltd (Suzuki)**
**Board of Director အဖွဲ့**

facebook

အမုန်းစကားမပြောရ

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

မီးဘေးရှောင် မလောင်ခင်တား

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယကာကြီး**

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**

**သီရိသုဓမ္မမဏိဇောတဓရ**

### ဦးသန်းထွန်း

**(ကုံ့ကော်ရွှေပြည်)၊ ဥက္ကဋ္ဌ (ငြိမ်း)၊ SMIDB**

**အသက် (၈၆) နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ ပြည်တော်အေးရိပ်သာ၊ အမှတ်(၃-က)နေ ဦးဇော်ဝင်းဦး-ဒေါ်စုစုရွှေ၊ ဦးမြတ်သူ-ဒေါ်စုစုမာ၊ ဦးမင်းသိမ်း(ညွှန်ကြားရေးမှူးချုပ်၊ သံတမန်ရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်မျိုးပပထွန်း(သံမှူးကြီး၊ မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့)တို့၏ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးသန်းထွန်းသည် ၂၇-၇-၂၀၂၀ ရက် မွန်းလွဲ ၁၂:၂၃ နာရီတွင် ကန်သာယာအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသောင်းထွန်း (ပြည်ထောင်စုဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန)-ဒေါ်စန္ဒာလွင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ

### သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းထွန်း

**(ကုံ့ကော်ရွှေပြည်)၊ ဥက္ကဋ္ဌ(ငြိမ်း) SMIDB**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ ပြည်တော်အေးရိပ်သာ၊ အမှတ် (၃-က)နေ ဒေါ်မြသွေး၏ ချစ်လှစွာသောခင်ပွန်း ဦးသန်းထွန်းသည် ၂၇-၇-၂၀၂၀ (တနင်္လာနေ့)မွန်းလွဲ ၁၂:၂၃ နာရီတွင် ကန်သာယာအထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကြည်အေး (ဗဟိုဘဏ်ဥက္ကဋ္ဌ-ငြိမ်း)-ဒေါ်ခင်ခင်ဆွေ (အထွေထွေမန်နေဂျာ-ငြိမ်း၊ ကုန်သွယ်ဆေး)**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဓာတ်ပုံအသင်း၏သင်တန်းနည်းပြဆရာဟောင်း တစ်ဦးဖြစ်သူ ဂုဏ်ပြုအသင်းသား၊ ဦးဝင်းမောင် အကြံပေးအရာရှိ၊ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ဇာတ်လမ်းရုပ်ရှင်ရုံးခွဲ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အသက် (၈၃) နှစ်သည် ၂၅-၇-၂၀၂၀(စနေနေ့) နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ အသင်းသူ/အသင်းသားများမှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့နှင့် အသင်းသား/အသင်းသူများ**
**မြန်မာနိုင်ငံဓာတ်ပုံအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်တင်တင်စိုး (ညောင်လေးပင်)

**အသက် (၈၃) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပုသိမ်လမ်း၊ တိုက်(၃၄)၊ ခုနစ်လွှာနေ အသင်းဥက္ကဋ္ဌဟောင်း ဦးထွန်းရီ (စစ်မှုထမ်းဟောင်း)၏ဇနီး ဒေါ်တင်တင်စိုးသည် ၂၅-၇-၂၀၂၀ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညောင်လေးပင်မြို့နယ်အသင်း (ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်နွဲ့ရီ

**အသက် (၇၉) နှစ်**

East Boy Engineering Co.,Ltd မှ ဦးနေခြည်ဦး (Director)-ဒေါ်ခင်သက်မာတို့၏ကျေးဇူးရှင်မွေးသမိခင် ဒေါ်နွဲ့ရီသည် ၂၆-၇-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**East Boy Engineering Co.,Ltd**
**Shan South & Kayah Region**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်နွဲ့ရီ

**အသက် (၇၉) နှစ်**

East Boy Engineering Co.,Ltd မှ ဦးနေခြည်ဦး (Director)-ဒေါ်ခင်သက်မာတို့၏ကျေးဇူးရှင်မွေးသမိခင် ဒေါ်နွဲ့ရီသည် ၂၆-၇-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**East Boy Engineering Co.,Ltd**
**Naypyitaw Region**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးထွန်းမင်းဇော် (ခရိုင်အုပ်ချုပ်ရေးမှူး)

**ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**အသက် (၅၄) နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေသော ဦးထွန်းမင်းဇော်သည် ၂၆-၇-၂၀၂၀ (တနင်္ဂနွေနေ့) နံနက်၉:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းအောင် ဝန်ကြီးချုပ်(ငြိမ်း)-ဒေါ်ခင်ဌေးမြင့် မိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်တင်ပု (ဝါးခယ်မ၊ ကျွန်းကုန်း)

**အသက်(၉၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၃)ရပ်ကွက်၊ ခေမာလမ်း၊ အမှတ်(၈၅၉-ခ)နေ (ဦးနီ-ဒေါ်လှမေ)တို့၏ သမီး၊ (ဦးထွန်းရှိန်)၏ ဇနီး၊ (ဦးကြည်စိုး)၊ ရွှေဘိုမြို့နေ ဒေါက်တာကြည်ဆွေ-ဒေါ်သန်းသန်းတင့်၊ ရန်ကုန်မြို့နေ ဦးကြည်လွင်၊ စင်ကာပူနိုင်ငံနေ ဦးခင်မောင်ဌေး-ဒေါ်ကြည်ကြည်ရှိန်၊ ရန်ကုန်မြို့နေ ဦးကြည်ထွန်း-ဒေါ်သီတာရွှေ၊ ပြင်ဦးလွင်မြို့နေ ဦးသိန်းဇော်-ဒေါ်သက်သက်ရှိန်၊ (ဦးညိုထွန်း)တို့၏မိခင်၊ မြေး ၁၅ ယောက်တို့၏ အဘွား၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၇-၇-၂၀၂၀ (တနင်္လာနေ့) နံနက် ၈:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေသင်္ဂဟ အပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။(အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁၂:၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးသိန်းဟန် (ခ) ဦးစိန်ကုလား (ဘီးလင်း)

**အသက် (၇၈) နှစ်**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကျောက်ရေတွင်းကျေးရွာအုပ်စု၊ ရန်ကုန်-မော်လမြိုင်အဝေးပြေးလမ်းမ၊ ဘီးလင်းမြို့ဝင် တိုးဂိတ်အနီးနေ (ဦးသာဖဲ-ဒေါ်တင်)တို့၏ သား၊ (ဦးထွန်းဖေ-ဒေါ်ကျင်စိန်)တို့၏ သားသမက်၊ ဦးကျော်ကျော်လင်း (ဒုညွှန်မှူး၊ မြို့ပြအိမ်ရာ)-ဒေါ်သက်သက်ဦး၊ ဦးမင်းအောင်(မြို့နယ်လျှပ်စစ်မန်နေဂျာ)-ဒေါ်နွယ်နွယ်ဝင်း၊ ဦးဝင်းကိုကို-ဒေါ်စုစုလှိုင်(ရွှေစင်ဦးရွှေဆိုင်)၊ ကိုအောင်ကိုကိုမင်းတို့၏ ကျေးဇူးရှင်ဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်ခင်နု၏ချစ်လှစွာသောခင်ပွန်းသည် ၂၆-၇-၂၀၂၀ (တနင်္ဂနွေနေ့) ည ၁၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ဘီးလင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၈-၂၀၂၀ (စနေနေ့) နံနက် ၆ နာရီမှ ၁၀ နာရီအထိ အထက်ဖော်ပြပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးသိန်းဟန်(ခ)ဦးစိန်ကုလား

**အသက်(၇၈)နှစ်**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကျောက်ရေတွင်းကျေးရွာအုပ်စု၊ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမ၊ မြို့ဝင်တိုးဂိတ်အနီးနေ ဒေါ်ခင်နု၏ခင်ပွန်း၊ ဦးကျော်ကျော်လင်း (ဒု/ညွှန်မှူး၊ မြို့ပြအိမ်ရာ)-ဒေါ်သက်သက်ဦး၊ ဦးမင်းအောင် (မြို့နယ်လျှပ်စစ်မန်နေဂျာ)-ဒေါ်နွယ်နွယ်ဝင်း၊ ဦးဝင်းကိုကို-ဒေါ်စုစုလှိုင်(ရွှေစင်ဦးရွှေဆိုင်)၊ ကိုအောင်ကိုကိုမင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးခုနစ်ယောက်တို့၏အဘိုး ဦးသိန်းဟန်(ခ)ဦးစိန်ကုလား သည် ၂၆-၇-၂၀၂၀ (တနင်္ဂနွေနေ့) ည ၁၁:၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ဘီးလင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲရပါကြောင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးသိန်းဟန်(ခ)ဦးစိန်ကုလား

**အသက်(၇၈)နှစ်**

သူငယ်ချင်း ဦးမင်းအောင်(မြို့နယ်လျှပ်စစ်မန်နေဂျာ)-ဒေါ်နွယ်နွယ်ဝင်းတို့၏ဖခင်ကြီး ဦးသိန်းဟန်(ခ)ဦးစိန်ကုလား အသက်(၇၈) နှစ် သည် ၂၆-၇-၂၀၂၀ (တနင်္ဂနွေနေ့) ည ၁၁:၂၀ နာရီတွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့၌ ကွယ်လွန်ကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

**LL.B (1996 ဘွဲ့ရ) Yangon University**
**မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးသိန်းဟန် (ခ) ဦးစိန်ကုလား (ဘီးလင်း)

**အသက် (၇၈) နှစ်**

သူငယ်ချင်းဦးကျော်ကျော်လင်း-ဒေါ်သက်သက်ဦးတို့၏ဖခင်ဖြစ်သူသည် ၂၆-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်း၏ဖခင် ကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေ။

**(၁၉၈၆-၉၃) ခုနှစ်၊ မော်လမြိုင်တက္ကသိုလ်၊ သချ်ာအထူးပြု ကျောင်းသား/သူ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယကာကြီး**

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**

**သီရိသုဓမ္မမဏိဇောတဓရ**

### ဦးသန်းထွန်း

**(ကုံ့ကော်ရွှေပြည်)၊ ဥက္ကဋ္ဌ(ငြိမ်း) SMIDB**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ ပြည်တော်အေးရိပ်သာ၊ အမှတ်(၃-က)နေ ဒေါ်မြသွေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ဝင်းဦး (CEO, Bright Time Co.,Ltd.)-ဒေါ်စုစုရွှေ၊ ဦးမျိုးဇော်အောင် (Nissan United Diamond Motor Co.,Ltd) (Suzuki United Dimo Co.,Ltd)-ဒေါ်မြမြစိုး(ခ)ဒေါ်မီးမီး၊ (ဦးထွန်းထွန်းလှိုင်)-ဒေါက်တာဇင်ဇင်သူ၊ ဦးမြတ်သူ-ဒေါ်စုစုမာ၊ ဦးမင်းသိမ်း(ညွှန်ကြားရေးမှူးချုပ်၊ သံတမန်ရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်မျိုးပပထွန်း(သံမှူးကြီး၊ မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့)၊ (ဦးမျိုးမင်းထွန်း)တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၂၇-၇-၂၀၂၀ ရက် မွန်းလွဲ ၁၂:၂၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့်ဇနီး ဒေါ်ခင်မြမြအောင်**

**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်ညွန့် (အမာကြီး)

**အသက် (၁၀၀)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြကန်သာလမ်း၊ အမှတ်(၈၅/၈၆)၊ (၁၀) မိုင်ကုန်းနေ (ဦးဘကြည်-ဒေါ်မဟင်နီစံ)တို့၏ သမီး၊ (ဦးဘချစ်)၏ ဇနီး၊ (ဒေါ်ခင်သန်းချို-ဦးသန်းခင်) တို့၏ မိခင်၊ (ဒေါ်ဝါဝါခင်)၊ ဒေါ်နီနီခင်၊ ဒေါ်ဖြူဖြူခင်(Australia)၊ ဒေါ်ညိုညိုခင်(UK)၊ ဒေါ်ဌေးဌေးခင်(စင်ကာပူ)၊ ဒေါ်သီတာခင်(USA)၊ ဦးဇော်မင်းခင်တို့၏ အဘွား၊ မောင်ဟိန်းသန့်၊ မောင်ဟိန်းထက်၊ မောင်ညဏ်ရဲခင်(Australia)၊ မောင်လင်းလက်၊ မရွှေစင်မေစနိုး (USA)၊ Avalon Khim တို့၏ ဘွားဘွားကြီးသည် ၂၇-၇-၂၀၂၀ (တနင်္လာနေ့) နံနက် ၉:၁၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

**ပေါင်းတည်မြို့နယ်အသင်း (ရန်ကုန်)**

### ဒေါ်တင်ရီ (ရာ-၁၅၂)

**ဂုဏ်ထူးဆောင် အသင်းဝင်**

**အသင်းနာယက**

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ ရတနာလမ်းသွယ်၊ (၃၃-စီ)၊ ပြည်လမ်း၊ (၇)မိုင်နေ (ဦးကိုကိုကြီး-ဒေါ်အေးကြည်)တို့၏ သမီးသည် ၂၅-၇-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

### ဦးမောင်မောင် (မောင်မောင်ဇေယျ)

**စာရေးဆရာ**

**မြန်မာနိုင်ငံဒဿနိကဗေဒအသင်း၊ (ငြိမ်း-အဝေးသင်)**

**အသက် (၇၃) နှစ်**

(သွေးတိုးဦးသန်းမောင်-ဒေါ်အုန်းမေ)တို့၏သားကြီး၊ (ဒေါ်စုစုသန်းမောင်)၏မောင်၊ ဦးကြည်ဝင်း-ဒေါ်ဥဥသန်းမောင်၊ ဦးတင်မောင်မောင်ဝင်း-ဒေါ်နုနုသန်းမောင်တို့၏အစ်ကို၊ ဒေါ်အေးအေးသိန်း၏ခင်ပွန်း၊ (ဦးမင်းဇော်လတ်)၊ ဦးအေးမောင်မောင်-ဒေါ်သက်ဇာနည်၊ ဦးထွေးမောင်မောင်-ဒေါ်မေဖြူဇင်တို့၏ဖခင်၊ မြေး လေးယောက်တို့၏အဘိုး ဦးမောင်မောင်(မောင်မောင်ဇေယျ)သည် ၂၆-၇-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးသန်းအေး (လက်ပံတန်း)

**စက်မှု(၂) မြန်မာမော်တော်ယာဉ်ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း**

**B.Sc Botany (1973 RASU)**

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ (၁၂၁)၊ ညောင်ပင်လမ်းနေ (ဦးထွန်းခင်-ဒေါ်ထားခင်)တို့၏ ဒုတိယသား၊ လက်ပံတန်းမြို့နေ (ဆရာကြီးဦးသိန်း-ဒေါ်မြသန်း)တို့၏ သားသမက်၊ Dr.နေမျိုးသူ (UNICEF)-မလွင်လွင်ခိုင်(IOM)၊ မမိုးမိုးအေး၊ လဖိုင်ဂျာနော်-မအေးအေးသက်(MMShop)တို့၏ဖခင်၊ သွန်းသီရိဝေ၏ အဘိုး၊ ဒေါ်တင်တင်အေး (ဌာနခွဲမှူး၊ မြန်မာ့ တာယာနှင့်ရာဘာထုတ်လုပ်မှုစက်မှု-၂)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၆-၇-၂၀၂၀ ရက် နံနက် ၈:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၈-၂၀၂၀ (စနေနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ကျောက်ဆည်အသင်း (ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးထွန်းမင်းဇော် (ငြိမ်း) (ခရိုင်အုပ်ချုပ်ရေးမှူး)

**ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**အသက် (၅၄) နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေသော ဦးထွန်းမင်းဇော်သည် ၂၆-၇-၂၀၂၀ (တနင်္ဂနွေနေ့)တွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အမှုဆောင်များ**
**ကျောက်ဆည်အသင်း (ရန်ကုန်)**

# အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများသို့ အရေးတကြီး သွားရောက်ရန်လိုအပ်နေသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်များတွင် လိုက်ပါနိုင်ရေး ဆောင်ရွက်ပေးသွားမည့်အစီအစဉ်

၁။ COVID-19 ကပ်ရောဂါဖြစ်ပွားမှုကာလအတွင်း နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ယာယီရပ်ဆိုင်းထားမှုကြောင့်လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံများ၏ COVID-19 ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများကြောင့်လည်းကောင်း ပြည်ပတွင် အခက်အခဲများ ကြုံတွေ့နေကြရသည့် မြန်မာနိုင်ငံသားများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ကယ်ဆယ်ရေးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိပါသည်။ သို့ရာတွင် နိုင်ငံတကာခရီးသည်လေယာဉ်များ ယာယီရပ်ဆိုင်းထားသည့်ကာလအတွင်း ပြည်ပသို့ အကြောင်းအမျိုးမျိုးဖြင့် အရေးပေါ်ထွက်ခွာလိုသည့် မြန်မာနိုင်ငံသားများသည်လည်း အခက်အခဲများ ကြုံတွေ့နေကြရကြောင်း သိရှိရပါသည်။

၂။ ထို့ကြောင့် နိုင်ငံတကာခရီးသည်လေယာဉ်များ ယာယီရပ်ဆိုင်းထားစဉ်ကာလအတွင်း ပြည်ပတွင် ဆေးကုသမှုနှင့် ခွဲစိတ်ကုသမှုဆောင်ရွက်ရန် အရေးပေါ်သွားရောက်လိုသူများအတွက်လည်းကောင်း၊ ပြည်ပတွင် အလုပ်လုပ်ကိုင်ရန် လုပ်ငန်းခွင်သို့ အချိန်မီဝင်ရောက်ရန် လိုအပ်နေသည့် အလုပ်သမားများ၊ သင်္ဘောသားများအတွက်လည်းကောင်း၊ နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့်ဖြစ်စေ၊ မိမိအစီအစဉ်ဖြင့်ဖြစ်စေ ပြည်ပတွင် ပညာသင်ကြားရန် သွားရောက်ကြရမည့် ပညာသင်များ၊ ကျောင်းသူ၊ ကျောင်းသားများအတွက်လည်းကောင်း၊ အခြားအကြောင်းအမျိုးမျိုးဖြင့် ပြည်ပသို့ အရေးပေါ်သွားရောက်ရန် လိုအပ်နေသူများအတွက်လည်းကောင်း အဆင်ပြေချောမွေ့စွာ ထွက်ခွာနိုင်ကြစေရန် ရေးရှုလျက်၊ ပြည်ပသို့ထွက်ခွာမည့် ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များ၊ အထူးလေယာဉ် (Special Flight)များတွင် လိုက်ပါခွင့်ရရှိစေရေးအတွက် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ ထိုသို့ ကယ်ဆယ်ရေး/အထူးလေယာဉ်များဖြင့် ပြည်ပနိုင်ငံသို့ အရေးတကြီးသွားရောက်လိုသူ မြန်မာနိုင်ငံသားများအတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များအတိုင်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

(က) မြန်မာနိုင်ငံမှ ထွက်ခွာမည့် Relief Flight ၊ Special Flight နှင့် Cargo Flight အချိန်ဇယားများအား နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ ပူးပေါင်းညှိနှိုင်းလျက် ကြေညာသွားမည် ဖြစ်ပါသည်။

(ခ) ထိုသို့ ပြည်ပသို့သွားရောက်လိုသော မြန်မာနိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာနိုင်ငံများမှ သတ်မှတ်ထားသော ပြည်ဝင်ခွင့်ဆိုင်ရာ ကန့်သတ်ချက်များအလိုက် လိုအပ်သည့် အထောက်အထားစာရွက်စာတမ်းများအား ကြိုတင်ပြင်ဆင်ထားရှိရန်ဖြစ်ပြီး ပြည်ဝင်ဗီဇာလျှောက်ထားခြင်းလုပ်ငန်းကို ရန်ကုန်မြို့ရှိ သက်ဆိုင်ရာသံရုံးများသို့ မိမိအစီအစဉ်ဖြင့် တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ပါသည်။

(ဂ) အကြောင်းအမျိုးမျိုးဖြင့် ပြည်ပသို့ အရေးတကြီး သွားရောက်လိုသူများအနေဖြင့် လျာထားကယ်ဆယ်ရေးလေယာဉ်ခရီးစဉ်များအရ သက်ဆိုင်ရာလေကြောင်းလိုင်းများသို့ လိုအပ်သည့် အထောက်အထားစာရွက်စာတမ်းများနှင့်အတူ ကြိုတင်စာရင်းပေးသွင်းပြီးနောက် အဆိုပါလေကြောင်းလိုင်းများမှ ခရီးသည်များ သွားရောက်မည့်နိုင်ငံများ၏ ပြည်ဝင်ခွင့်ဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိသူစာရင်းအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့မည်ဖြစ်ပါသည်။ (ခြွင်းချက်အနေဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်၍ ဆေးကုသမှုခံယူမည့်သူများနှင့် လူနာစောင့်များနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထိုင်းသံရုံးသို့ သံတမန်စာဖြင့် ညှိနှိုင်းပေးရန် လိုအပ်ချက်အရ ကာယကံရှင်များအနေဖြင့် လေကြောင်းလိုင်းသို့ စာရင်းပေးသွင်းသည်နှင့်တစ်ပြိုင်နက် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လိုအပ်သည့်စာရွက် စာတမ်းများနှင့်အတူ တင်ပြရန် လိုအပ်ပါသည်။)

(ဃ) နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ယင်းသို့ပေးပို့လာသည့် ခရီးသည်စာရင်းအား ချမှတ်ထားသည့် ဦးစားပေးအစီအစဉ်အလိုက် စိစစ်လျက် အမျိုးသားအဆင့် ဗဟိုကော်မတီသို့ ခွင့်ပြုချက်တောင်းခံရယူပြီး ကယ်ဆယ်ရေး/အထူးလေယာဉ် များတွင် လိုက်ပါနိုင်ရေးအတွက် လိုအပ်သည်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သံရုံးများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ■

## ကျွန်းစုမြို့၌ အခြေခံလူတန်းစားအိမ်ထောင်စု ၂၃၈၄၅ စုအတွက် ငွေကျပ် ၄၇၆၉၀၀၀၀၀ ထောက်ပံ့ပေးအပ်

**ကျွန်းစု ဇူလိုင် ၂၇**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ အခြေခံလူတန်းစားအိမ်ထောင်စု ၂၃၈၄၅ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၇၆၉၀၀၀၀၀ ကို ယနေ့ နံနက်ပိုင်းက မြို့နယ် ကျွန်းရတနာခန်းမ၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ငွေကြေးထောက်ပံ့မှု ပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဌေးက အခြေခံလူတန်းစားများကို

စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ❂



## နေရပ်ပြန်မြန်မာသင်္ဘောသားများအား ကော့သောင်းမြို့၌ အသွားအလာကန့်သတ်စောင့်ကြည့်

**ကော့သောင်း ဇူလိုင် ၂၇**

ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်း သင်္ဘောသား အလဲအလှယ်ပြုလုပ်ရန် MTM Vancouver ပင်လယ်ကူးသင်္ဘောမှ ဆင်းလာသည့် နေရပ်ပြန်မြန်မာသင်္ဘောသား ၂၁ ဦး ယမန်နေ့ ညနေပိုင်းက ကော့သောင်းမြို့မဆိပ်ကမ်းမှတစ်ဆင့် ကော့သောင်းမြို့သို့ဝင်ရောက်လာရာ ဟိုတယ်၌ အသွားအလာကန့်သတ်ထားရှိကြောင်း သိရသည်။

သင်္ဘောပေါ်မှ ဆင်းလာသည့် အဆိုပါမြန်မာသင်္ဘောသား ၂၁ ဦးသည် ကော့သောင်းမြို့၌ ကြိုတင်ရောက်ရှိနေသော သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန် ဦးအောင်ထွန်းဝင်းပါ မြန်မာသင်္ဘောသား ၂၁ ဦးဖြင့် တာဝန်လွှဲပြောင်းယူခဲ့သူများဖြစ်သည်။



အဆိုပါသင်္ဘောသည် ကုန်စည်ပို့ဆောင်သည့် သင်္ဘောဖြစ်ပြီး မလေးရှားနိုင်ငံမှ တစ်ဆင့် ကော့သောင်းမြို့နယ် ရေပြင်ပိုင်နက်အနီးသို့ ယမန်နေ့ မွန်းလွဲပိုင်းက ရောက်ရှိလာခြင်းဖြစ်ပြီး သင်္ဘောပေါ်မှ ဆင်းလာသည့် မြန်မာသင်္ဘောသား ၂၁ ဦးအား ဆိပ်ကမ်း၌ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးမှုများဆောင်ရွက်ကာ ကော့သောင်းမြို့တွင် ဟိုတယ်၌ အသွားအလာကန့်သတ် ၂၁ ရက် ထားရှိပြီး ၎င်းတို့၏ နှာခေါင်းနှင့် အာခေါင်တို့ဖတ် နမူနာများအား အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာန(ရန်ကုန်)သို့ ပို့ဆောင်ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

## ကြေးမုံ ယနေ့ဖတ်စရာ

### အသည်းရောဂါ ကင်းစင်သော အနာဂတ်ကမ္ဘာကြီးဆီသို့

ဆောင်းပါး စာမျက်နှာ » ၆



### တရုတ်နိုင်ငံ ဟူပေပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ငါးဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံး

စာမျက်နှာ » ၁၂

### အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ငါးသောင်းနီးပါး စံချိန်တင်တွေ့ရှိပြီး ၇၀၈ ဦး ထပ်မံသေဆုံး

စာမျက်နှာ » ၁၃

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၂၇**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့၌ တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

မိုး/ဇလ